# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


### တပ်မက်မှုကို စွန့်လွှတ်

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာ ဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)**


၁၃၇၉ ခုနှစ်၊ တန်ခူးလကွယ်နေ့ | ၂၀၁၈ ခုနှစ်၊ ဧပြီ ၁၄ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၉၆)


# မဟာသင်္ကြန်အကြိုနေ့ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို အခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်းနှင့် တာဝန်ရှိသူများ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ သတင်းစဉ်




**နေပြည်တော် ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်အကြိုနေ့ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့မျက်နှာစာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❇





# မြန်မာ့အလင်း

## ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု

မြန်မာနိုင်ငံသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ကြိုးပမ်းဆောင်ရွက်နေရသော ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံ ဖြစ်ပါသည်။ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတို့နှင့်အတူ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးဖော်ဆောင်ရာ၌ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များ ထိန်းသိမ်းရေးကိုပါ ဟန်ချက်ညီညီ ယှဉ်တွဲဆောင်ရွက်နိုင်စွမ်းရှိရမည် ဖြစ်ပါသည်။ သို့မှသာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုစီးပွားရေးဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နိုင်မည် ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် အကြောင်းရင်းများ၌ သစ်တောများပြုန်းတီးစေခြင်းသည် အခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ သစ်ပင်များသေဆုံးသောအခါ ၎င်း၌ ထိန်းသိမ်းထားသော ကာဗွန်ဓာတ်တို့ကို လေထုထဲသို့ ထုတ်လွှတ်သည်ဖြစ်၍ ဖန်လုံအိမ်ဓာတ်ငွေ့ဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို ဖြစ်ပေါ်စေပါသည်။ ဖန်လုံအိမ်ဓာတ်ငွေ့တို့သည် ကမ္ဘာ့ရာသီဥတုကို ပျက်စီးပြောင်းလဲစေပါသည်။ ကမ္ဘာကြီးက ထုတ်လွှင့်သမျှသော ဖန်လုံအိမ် ဓာတ်ငွေ့တို့၏ ၁၅ ရာခိုင်နှုန်းသည် သစ်တောများပြုန်းတီးပျက်စီးရာမှ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ကမ္ဘာကြီး၏ နှစ်စဉ် သစ်တောပြုန်းတီးပျက်စီးမှုသည် ပနားမားနိုင်ငံ အရွယ်အစားခန့်ရှိသည်ကို သိရှိပါက အံ့သြတုန်လှုပ်မည် ဖြစ်ပါသည်။ လွန်ခဲ့သော ၁၀ နှစ်မှ ၁၅ နှစ်အတွင်း မြန်မာနိုင်ငံ၏ နှစ်စဉ် သစ်တောပျက်စီးပြုန်းတီးမှုသည်လည်း ၁၃၃၀၀၀ ဟက်တာမှ ၅၀၈၀၀၀ ဟက်တာအထိ ရှိသည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် သစ်တောအရည်အသွေးကျဆင်းခြင်း အပါအဝင် သစ်တောပြုန်းတီးခြင်းမှ ကာဗွန်ထုတ်လုပ်မှုအား လျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်းကာကွယ်ခြင်း၊ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်းနှင့် သစ်တောကာဗွန်ရင်းမြစ်များ ပိုမိုတိုးမြှင့်စေသောလုပ်ငန်းစဉ်များ **(REDD+)** ၌ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဤသည်မှာ မြန်မာနိုင်ငံက ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း **(United Nations Framework Convention on Climate Chage- UNFCCC)** နှင့်ကျိုတိုသဘောတူညီချက် **(Kyoto Protocol)** တို့အား လက်မှတ်ရေးထိုးသဘောတူခဲ့ခြင်းနှင့် ဆက်စပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၏ ခြိမ်းခြောက် စိန်ခေါ်မှုကို ရင်ဆိုင်ရလျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့် အညီ ဤလုပ်ငန်းစဉ် **(REDD+)** တို့ကို တိုင်းပြည်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ် **(REDD+)** တို့ကို သစ်တောပြုန်းတီးပျက်စီးမှုနှုန်း အမြန်ဆုံးဖြစ်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ပိုမိုဦးစားပေးဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ကို ယှဉ်တွဲဖြစ်ပေါ်စေမည့် အဆိုပါလုပ်ငန်းစဉ် **(REDD+)** တို့အား မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## သီးနှံ(စပါး)သိုလှောင်နိုင်မည့် တန် ၅၀၀ ဆံ့ စပါးကျီ အစိတ်အပိုင်းများ ထုတ်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ရေတာရှည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်တို့ ဧပြီ ၁၂ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ် (၁၅) အကြီးစားစက်ရုံသို့ ရောက်ရှိပြီး သီးနှံ (စပါး) သိုလှောင်နိုင်မည့် တန် ၅၀၀ ဆံ့ စပါးကျီအစိတ်အပိုင်းများ ထုတ်လုပ်ပြီးစီးမှုနှင့် ရခိုင်ပြည်နယ်သို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်တို့က စပါးကျီအစိတ်အပိုင်းများထုတ်လုပ်ပုံ အဆင့်ဆင့်၊ ရခိုင်ပြည်နယ်သို့ ပို့ဆောင်တပ်ဆင်မည့်အစီအစဉ်များ၊စပါးကျီကိုင်တွယ်မောင်းနှင် အသုံးပြုရန်ဒေသခံများအား လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက လိုအပ်ချက်အလိုက် စပါးကျီအမျိုးမျိုး ထုတ်လုပ်ပေးနိုင်မှုတို့ကို ဖြည့်စွက်ပြောကြားသည်။



ထို့နောက် စက်မှုဝန်ကြီးဌာန နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက နိုင်ငံတစ်ဝန်းလိုအပ်ချက်ရှိသော နေရာများသို့ စပါးကျီများ ဆက်လက်ထုတ်လုပ်တပ်ဆင်ပေးနိုင်ရေး၊ တောင်သူလယ်သမားအသင်း အဖွဲ့ ⁄အစုအဖွဲ့များအတွက် တန် ၅၀ နှင့် တန် ၁၀၀ ဆံ့ တန်ဖိုးသင့် စပါးကျီငယ်များ ထုတ်လုပ်ပေးနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

အမှတ် (၁၅) အကြီးစားစက်ရုံမှ ထုတ်လုပ်လျက်ရှိသောတန် ၅၀၀ ဆံ့ သီးနှံ (စပါး)များ သိုလှောင်နိုင်မည့် စပါးကျီအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုထားသောမောင်တောဒေသ၊ လေးမိုင်ရပ်ကွက်တွင် မကြာမီတပ်ဆင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*ထင်သာမြင်သာ ပြုပြင်စရာ*

## မန္တလေးဘူတာ အမှတ်(၃)စင်္ကြံလမ်းနှင့် ရေပိုက်ပျက်စီးနေသဖြင့် ပြုပြင်ပေးစေလို

မန္တလေးဘူတာကြီးရှိ အမှတ်(၃)စင်္ကြံလမ်းပေါ်တွင် ချိုင့်ခွက်အပေါက်နှင့် အနီးရှိ ရေဆိုးပိုက်မှာ ပေါက်ပြဲယိုစိမ့်နေသဖြင့် အနံ့အသက်များမှာ စိတ်အနှောင့်အယှက်ဖြစ်စေကြောင်း ခရီးသွားများထံမှ သိရသည် ။

“ကျွန်တော်တို့ကခရီးသွားတွေပါ၊ ရထားဆိုက်လို့ အပြေးအလွှားသွားတဲ့အခါ ဒီနေရာရောက်ရင် သတိထားနေရတာပါ၊ အပေါ်ရေဆိုးထုတ်ပိုက်ကလည်း ပေါက်နေပြန်ပါတယ်၊ လမ်းပေါ်မှာရေတွေရွှဲနေပြီး ရေဆိုးအနံ့အသက်တွေက ကျန်းမာရေးကို ထိခိုက်စေနိုင်ပါတယ် ” ဟု မန္တလေး-မြစ်ကြီးနားသွားခရီးသည်များထံမှ သိရသည်။



မန္တလေးဘူတာကြီးသည် မြန်မာပြည်တွင် အကြီးဆုံးဘူတာ ဖြစ်သကဲ့သို့ နိုင်ငံခြားခရီးသွားများ အများဆုံးသွားလာသည့်နေရာဖြစ်သည့်အတွက် ရေဆိုးအနံ့သက်များကြောင့် အနယ်နယ်အရပ်ရပ်မှ ဒေသန္တရခရီးသွားများအတွက် စိတ်အနှောင့်အယှက်များဖြစ်ရ၍ ယင်းစင်္ကြံလမ်းနှင့် ရေပိုက်တို့ကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

ဝဇိရ

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၃-၄-၂၀၁၈

**ရွှေစျေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၈၃၀/၈၄၅ ကျပ် | (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၈ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၁ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၄ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၀ ·၀ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၄ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၃ ·၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂ ၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# စုပေါင်းအင်အား

**ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ စုပေါင်းအင်အားဟာ အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို စုပေါင်းအင်အားနဲ့ ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။**

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❇ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့က နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် သင်္ကြန်ယိမ်းအဖွဲ့များ၏ စုပေါင်းကပြဖျော်ဖြေမှုများ၊ သင်္ကြန်တေးသီချင်းသီဆိုဖျော်ဖြေမှုများနှင့် ရခိုင်ရိုးရာသင်္ကြန် အကဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလှမ်းတို့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ

*စာမျက်နှာ ၄ သို့*



နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။
သတင်းစဉ်




နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားတွင် ယိမ်းအဖွဲ့များ၏ အကအလှများနှင့် ဖျော်ဖြေနေမှုကို တွေ့ရစဉ်။ သတင်းစဉ်



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ယိမ်းအကမယ်များအား နှစ်သစ်ကူး အတာရေစင် ပက်ဖျန်းပေးစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ယိမ်းအကမယ်များအား နှစ်သစ်ကူး အတာရေစင် ပက်ဖျန်းပေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဒေါက်တာမျိုးအောင်နှင့် ဇနီးတို့က နှစ်သစ်ကူးအတာရေစင် ပက်ဖျန်းပေးသည်။

**ဆက်လက်ဖျော်ဖြေမည်**

နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတနှင့်အတူ မြန်မာ့အသံမှ တေးသံရှင်များနှင့် ငြိမ်းချမ်းရေးဂီတပွဲတော်ဆုရ တေးသံရှင်များ၏ သီဆိုမှုများ၊ အနုပညာဦးစီးဌာနနှင့် နေပြည်တော် မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ ယိမ်းအဖွဲ့များ၏ အကအလှုများဖြင့် ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပနေမှုကို တွေ့ရစဉ်။ သတင်းစဉ်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ယိမ်းအကမယ်များအား နှစ်သစ်ကူး အတာရေစင် ပက်ဖျန်းပေးစဉ်။ သတင်းစဉ်



နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားတွင် ရခိုင်ရိုးရာသင်္ကြန်အကဖြင့် ဖျော်ဖြေနေမှုကို တွေ့ရစဉ်။ သတင်းစဉ်

# သထုံမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ဖွင့်ပွဲကျင်းပ

**သထုံ ဧပြီ ၁၃**

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၃ ရက်(သင်္ကြန်အကြိုနေ့) ညနေ ၅ နာရီက ဗဟိုရေကစားမဏ္ဍပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗဟိုရေကစားမဏ္ဍပ်အား မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အတာသင်္ကြန် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားကာ ကြွရောက်လာသူများအား သပြေခက်ဖြင့် ရေစင်ပက်ဖျန်း ပေးခဲ့သည်။

ယင်းနောက် မွန်၊ ကရင်၊ ပအိုဝ်း၊ ရခိုင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ယိမ်းအဖွဲ့များ၊ သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာကိုယ်စားပြု ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များနှင့် သထုံခရိုင် ကိုယ်စားပြု သမိုင်းရေးမယ့်လက်များ လူငယ်သံချပ်အဖွဲ့တို့က တေးသီချင်းများ၊ ယဉ်ကျေးမှု ယိမ်းအကများ၊ သံချပ်တို့ဖြင့် တပျော်တပါး စုပေါင်းဖျော်ဖြေခဲ့ကြသည်။

သထုံမြို့နယ်၌ ယခုနှစ်တွင် ဗဟိုရေကစားမဏ္ဍပ်နှင့်အတူ အခြားရေကစားမဏ္ဍပ်ငယ်များတွင် ပြည်သူများ ပျော်ရွှင်အေးချမ်းစွာ ရေကစားခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၃**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

❍ *ကျောဖုံးမှ*

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ထိုင်းနိုင်ငံ တာ့ခရိုင်အုပ်ချုပ်ရေးမှူး၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေတို့က ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် မြန်မာ့ရိုးရာ မဟာသင်္ကြန်အထိမ်းအမှတ်အတာရေများပက်ဖျန်းကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ သင်္ကြန်ယိမ်းအဖွဲ့များက အတာသင်္ကြန်တေးသီချင်းများဖြင့် စုပေါင်းကပြ ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများ မြဝတီ မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

# မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဂေါက်ကွင်းရှိ မြက်ခင်းပြင်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အရာရှိ၊ စစ်သည်မိသားစုများနှင့် ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။



ရေးဦးစွာ အခမ်းအနားမှူးက မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာပြီး ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ယိမ်းအဖွဲ့သမီးပျိုများက "မြူမှောင်ဝေကင်း" သီချင်းဖြင့် ကပြဖျော်ဖြေကြကာ ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများက ယိမ်းအဖွဲ့များနှင့် ဧည့်ပရိသတ်များအား အောင်သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား သင်္ကြန်စတုဒိသာ အစားအစာများဖြင့် တည်ခင်းဧည့်ခံ၍ မြဝတီတေးဂီတအဖွဲ့နှင့်အတူ အနုပညာရှင်များ၊ ယိမ်းအဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့အတူ ယနေ့ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက ဇေယျာသီရိကုန်တိုက်အနီးရှိ ရေကစားမဏ္ဍပ်အား လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရှေ့ရှိ ရေကစားမဏ္ဍပ်အား လည်းကောင်း၊ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှေ့ရှိ ရေကစားမဏ္ဍပ်အား လည်းကောင်း၊ တပ်မတော်ဆေးရုံကြီးရှေ့ရှိ ရေကစားမဏ္ဍပ်အား လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ ရေကစားမဏ္ဍပ်အား လည်းကောင်း ရေကစားမဏ္ဍပ် ဖွင့်ပွဲများကို အသီးသီးသွားရောက်ဖွင့်လှစ်ပေးပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရှိသည်။

အဆိုပါ ရေကစားမဏ္ဍပ်များတွင် မဟာသင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ စည်ကားသိုက်မြိုက်စွာဖြင့် သင်္ကြန်ယိမ်းအက အဖွဲ့များနှင့် တေးသံရှင်များက ယိမ်းအကများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်အကြိုနေ့ ဖွင့်ပွဲအခမ်းအနားများကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

ရွှေသံလွင်ကုမ္ပဏီ Sky Net မိသားစု၏ မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်မှ ၁၃၈၀ ခုနှစ် နှစ်သစ်ကူး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Sky Net ရေကစားမဏ္ဍပ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နှင့်ဇနီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်ဇနီး၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် မြန်မာ့ရိုးရာသင်္ကြန်ချစ်သူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ် ဖွင့်လှစ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်နီနီနှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်ဝင်းတို့က မြန်မာ့ရိုးရာ မဟာသင်္ကြန် ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများသည် ရွှေသံလွင်ကုမ္ပဏီ Sky Net မိသားစု စတုဒိသာမဏ္ဍပ်အား လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနားမြို့ ဗဟိုမဏ္ဍပ်တွင် ကျင်းပသည့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်နီနီနှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်ဝင်းတို့က ရွှေသံလွင်ကုမ္ပဏီ Sky Net မိသားစု၏ မြန်မာ့ရိုးရာမဟာသင်္ကြန် ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** သတင်းစဉ်

ဦးသိုက်ဝေဖြိုးက မဟာသင်္ကြန် လမ်းလျှောက်ပွဲတော်ဖွင့်ပွဲနှင့် စပ်လျဉ်း၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ကောင်စီဝင်များ၊ တာဝန်ရှိသူများက လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ယနေ့မဟာသင်္ကြန်အကြိုနေ့ဖွင့်ပွဲများအပြီးတွင် သင်္ကြန်ချစ်ပြည်သူများက တပျော်တပါး ရေကစားကြသည်။

ယခုနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း သင်္ကြန်မဏ္ဍပ်များဖြင့် နှစ်သစ်သင်္ကြန်ကို ဆင်နွှဲကြသလို ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် လမ်းလျှောက်သင်္ကြန်ကိုပါ ထည့်သွင်းကျင်းပခြင်း ဖြစ်သည်။

**ရေပက်ကစား**

မဟာသင်္ကြန်အကြိုနေ့ ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေး၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် သင်္ကြန်ချစ်ပြည်သူများ တပျော်တပါး ရေပက်ကစားနေကြသည်ကို တွေ့ရသည်။

**ကျွေးမွေး**

ထို့အပြင် မြန်မာ့ရိုးရာဓလေ့အရ မဟာသင်္ကြန်မဏ္ဍပ်များတွင် စတုဒိသာအဖြစ် မုန့်လုံးရေပေါ်နှင့် မြန်မာမုန့်မျိုးစုံများ၊ ထမင်းဟင်းတို့ဖြင့် ကျွေးမွေးကြကြောင်း သိရသည်။

**စည်ကား**

နေပြည်တော် ဟိုတယ်ဇုန်ရှိ Sky Net ရေကစားမဏ္ဍပ်တွင် နိုင်ငံကျော် အနုပညာရှင် သရုပ်ဆောင်များ၊ အဆိုတော်များဖြင့် မဟာသင်္ကြန်အကြိုနေ့တွင် စည်ကားသိုက်မြိုက် အေးချမ်းပျော်ရွှင်စွာ တေးသီချင်းများ သီဆိုဖျော်ဖြေပေးကြပြီး တပျော်တပါး ရေကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နွေဦးကာလ သင်္ကြန်ကျသော အခါ

**မိုးပန်းမွန် (ရာမည)**

မြန်မာနိုင်ငံတွင် ဥတုသုံးလီရှိသည့်အနက် နွေဦးရာသီကို ရောက်တိုင်းပျော်ရွှင်ကြသည်။ စာရေးသူတို့ ငယ်စဉ်ကတည်းကပင် နွေဦးရာသီကို နှစ်ခြိုက်ကြသည်။

### သင်္ကြန်သံချပ်

ပွင့်လင်းရာသီလည်းဖြစ်၍ အလှူဒါန၊ ထိမ်းမြားမင်္ဂလာ၊ ရဟန်းခံရှင်ပြုစသည်ဖြင့် ဝေဝေစည်စည်၊ လူငယ်များအကြိုက် "သင်္ကြန်" ဆို ရေသဘင်ပွဲလည်း ဆင်နွှဲရသော လရာသီ။ ပိတောက်ပန်း၊ ငုပန်းပွင့်များ ထိန်ထိန်ဝါသည်နှင့် ရေသဘင်ပွဲကိုနွှဲရန် လှုပ်လှုပ်ရှားရှား ပြင်ပြင်ဆင်ဆင်ဖြစ်ကြပြီ။

စာရေးသူတို့ ငယ်စဉ်က ရန်ကုန်မြို့တော်ကြီးတွင် အလှပြကား၊ သံချပ်ကား၊ အကပြိုင်သည့်ကားစသည်ဖြင့် ရှိခဲ့သည်။ ရပ်ကွက်များတွင် "သင်္ကြန်ဆုပေးမဏ္ဍပ်" ဆိုပြီး အပြိုင်အဆိုင်ရှိသည်။ ရေပက်မဏ္ဍပ်များလည်း နေရာအနှံ့။ စာရေးသူတို့အတွေ့အကြုံအရ "သင်္ကြန်သံချပ်" ကိုကြိုက်နှစ်သက်သည်။ သံချပ်သည်ခေတ်ကို မြင်သာထင်သာရှိအောင် မီးမောင်းထိုးခြင်းဖြစ်သည်။

သင်္ကြန်သံချပ်ထဲမှ စကားလုံးများသည် ခေတ်ကာလ၏ အံချော်မှုများ၊ အမြင်မတော်မှုများကို သရော်ထားခြင်းပင်။ ခေတ်အကြောင်း တစေ့တစောင်းသိနိုင်ခဲ့၏။ သံချပ်မောင်များက ဝတ်စုံဆင်တူနှင့် မဏ္ဍပ်ရှေ့တွင်နေရာယူပြီး မဏ္ဍပ်ထဲမှ အကဲဖြတ်ဒိုင်လူကြီးများဘက်သို့ လှည့်၍ သံချပ်ထိုးရသည်။

သံချပ်ဆိုသည့်အတိုင်း ခေါင်းဆောင်ဖြစ်သူက အချီပိုဒ်ကို အသံနေ အသံထားနှင့်စ၍ ဆိုသည်။ ခေါင်းဆောင်ကို ဝန်းရံထားသောအဖွဲ့သားများက အချပိုဒ်ကို သီဆိုပေးကြရသည်။ စာရေးသူမှတ်မိနေသော သံချပ်လေးတစ်ပိုဒ်ရှိသည်။

ထိုခေတ်အခါက အလွန်လှချင်သော မိန်းကလေးများကို သရော်သည်။ သားသမီးမွေးပြီး အလှပျက်မည်စိုး၍ နို့မတိုက်သော မိခင်များကို သရော်သည်။ ခေါင်းဆောင်က အသံကျယ်ကျယ်ဖြင့် "...လူနို့မတိုက်...နွားနို့တိုက်" ဟု တိုင်ပေးသည်နှင့် ကျန်အဖွဲ့သားများက "... အဲဒီကလေး ... နွားစိတ်ပေါက်ရော" ဟု အချပိုဒ်ကို ဆိုသည်။

ထိုသံချပ်၏ အဓိပ္ပာယ်ကို ထိုစဉ်က သေချာမသိခဲ့။ ငယ်သူဖြစ်၍ နက်နက်နဲနဲ မတွေးမိခဲ့။ "လူစင်စစ်က ဘာကြောင့် နွားစိတ်ပေါက်မှာလဲ" ဟု တွေးကြည့်သည်။ နွားစိတ်ပေါက်သူဆိုလျှင် "ဘွတ်အဲ" ဟု အော်မှာလား။ မြက်ထုံးများစားလေမလား ... လူကိုမြင်လျှင် ချိုကားကားနှင့် ခွေ့မှာလားစသည်ဖြင့် တွေးကြည့်မိသည်။ မဖြစ်နိုင်သည့် ကိစ္စပေပဲဟု အပြစ်တင်ချင်ချင်။

### သံချပ်က မီးမောင်းထိုးပြ

အခုခေတ်ကာလရောက်တော့မှ အချို့သော ကာလသားသမီးကို မြင်တွေ့ရတော့မှ၊ "အော် ... နွားစိတ်ပေါက်တယ်ဆိုတာ ဒါမျိုးကိုပြောတာနေမှာပေါ့" ဟု သိလိုက်သည်။ ယဉ်ကျေးပျူငှာမှုမရှိသော၊ လူမှုရေးနားမလည်သော၊ ဆိုဆုံးမခြင်းကို မနာခံသော လူငယ်များကို တွေ့နေရသည်။ "ပြည်သူ့နီတိ" နားမလည်သူများကို တွေ့ရလေလေ ... "နွားစိတ်ပေါက်သူ" ဆိုသော စကားကို နားလည်လေလေ ဖြစ်သည်။

"ဘွတ်အဲ" ဟု အော်မှ နွားစိတ်ပေါက်ခြင်း မဟုတ်။ မြက်စားနေမှ မဟုတ်။ လူကြီးသူမများ၏ ဆုံးမစကားကို မနာခံဘဲ ရိုင်းပျစွာ ခွန်းတုံ့ပြန်ပြောဆိုခြင်းသည်လည်း "နွားစိတ်ပေါက်ခြင်း" ဟု ပြောနိုင်သည်။ မိခင်နို့ရည်မသောက်ရသဖြင့် စိတ်ထားခက်ထန်မာကြောတတ်၏။ ကိုယ်နှုတ်အမူအရာ မယဉ်ကျေးတတ်ကြ။ အလှပျက်မည်စိုးခြင်း၊ ကလေးအတွက် ဒုက္ခမခံနိုင်ခြင်း၊ ကလေးအတွက်ထက် ကိုယ့်အတွက်ကိုသာ တွေးခြင်းတို့ကြောင့် နို့မတိုက်သောမိခင်များကို သရော်ထားသည့် သံချပ်ဖြစ်သည်။

### လောကနီတိကို စိတ်မဝင်စားကြ

မိခင်ရင်ခွင်တွင် ခိုဝင်၍ နို့ချိုမစို့ရသော ကလေးများသည် စိတ်ဓာတ်အင်အား မခိုင်မာကြပါ။ သူတစ်ပါးကို အပြစ်မြင်၊ သံသယဝင်တတ်ကြသည်။ လူနို့စို့၍ ကြီးပြင်းလာခြင်း မဟုတ်သဖြင့် လူစိတ်လျော့ပါးခြင်းဟုလည်း သံချပ်က မီးမောင်းထိုးပြခြင်းဖြစ်သည်။ မိခင်နှုတ်ဖျားမှ ဖွဖွညင်သာ သီဆိုချော့မြူသော "သားချော့တေး" နှင့် ရင်ခွင်ပိုက်ကလေးပုံပြင်များက နို့စို့နေသော ကလေးငယ်၏ နားစည်မှတစ်ဆင့်၊ နှလုံးသားထဲ စီးမျောပျော်ဝင်စမြဲပင်။

ယခုခေတ် လူငယ်အချို့သည် လောကနီတိကို စိတ်မဝင်စားကြ။ စာအုပ်စာပေ စာဖတ်လျှင်လည်း သူ့ဌေးဖြစ်နည်းကိုမှ ဖတ်ချင်သည်။ ယတြာကောင်းသည်ဆိုသော စာအုပ်များကို ရွေးဖတ်သည်။ ပရလောကကို ပို၍စိတ်ဝင်စားသည်။ စိတ်ဓာတ်တုန်လှုပ်ယိုင်နဲ့စေသော စာပေမျိုးကို တစိုက်မတ်မတ် ဖတ်ကြသည်။ လောကနီတိကို မဖတ်ကြ။

လောကနီတိ၏ စာမျက်နှာ (၃၀)၊ အမှတ်စဉ်(၄၄)တွင် ညွှန်းဆိုထားသော ဆုံးမစာလေးရှိသည်။

"အမိ အဖတို့၏ အဆုံးအမကို မရမူ၊ ကိုယ်နှုတ်အမူအရာ ကြမ်းတမ်း၏"

"အမိ အဖတို့၏ အဆုံးအမကို ကောင်းစွာရမူ၊ ကိုယ်နှုတ်အမူအရာ လိမ္မာယဉ်ကျေး၏" ဟု ဆုံးမထားသည်။ မိဘရင်ခွင်သည်ကလေး၏ စိတ်ဓာတ်ရေးရာ ကောင်းမွန်ရန် အဓိကအားထားရာဖြစ်သည်။

### ဥသျှစ်တစ်တင်း နှမ်းတစ်တင်း

နောက်ထပ်သတိရစရာ သံချပ်ကားများစွာထဲမှ မှတ်မှတ်ရရ ရင်ထဲစွဲနေသည့် သံချပ်ကားရှိသေးသည်။ အလှပြုပြင်ထားပုံမှာ ချိန်ခွင်ကြီးကြီး၏ တစ်ဖက်တစ်ချက်တွင် ဥသျှစ်သီး တစ်တင်းနှင့် နှမ်းတစ်တင်း ချိတ်ဆွဲထားသည်။ သံချပ်ကားအမည်မှာ "ဥသျှစ် တစ်တင်း၊ နှမ်းတစ်တင်း" ဟု စာလုံးလှလှဖြင့် ရေးခြယ်ထားသည်။

အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ

အမျိုးသားဦးရေက ဥသျှစ်သီး၊ အမျိုးသမီးဦးရေက နှမ်းသီး၊ နောင်တစ်ခေတ်တွင် လူပျိုရှားမယ် ... မောင်ချစ်တာ မူပိုသလားကွယ်" ဆိုသော သီချင်းများလည်း လေလှိုင်းတွင် ပျံ့လွင့်နေခဲ့သည်။ စကားတစ်ပေါင်ရှိခဲ့သေးသည်ပဲ။ "လူပျို့အမေ ဆန်တစ်အိတ်နဲ့ မန်းတောင်ရိပ်မှာခို" ဆိုသော နိမိတ်တပေါင်။

မဖြစ်နိုင်ပါဘူးဟု ထင်ခဲ့မိသေးသည်။ ဒါပေမယ့် တကယ့်ကိုပင် မိန်းကလေးများ ဇွတ်လိုက်သော ခေတ်ကြီးထဲတွင် ရောက်နေပြီ။ တိုင်းတပါး ယဉ်ကျေးမှုစီးမျော ပျော်ဝင်လာခြင်းတွင် ဝတ်စားဆင်ယင်မှု သာမက၊ မိန်းကလေးက အတင်းလိုက်၊ အတင်းကြိုက်၊ ချစ်သူရှိရှိ၊ အိမ်ထောင်ရှိရှိ၊ မိန်းမသားတန်မဲ့ ယောကျ်ားတစ်ယောက်ကို အတင်းလုသည့်ပုံစံမျိုး တွေ့နေရပြီ၊ ခေတ်မီခြင်းမက ခေတ်ရှေ့ရောက်နေခြင်းပါ။

"ရှင် ကျွန်မကို လက်ထပ်ပါ" ဟု ပြောရဲဆိုရဲ ဇာတ်ဝင်ခန်းမျိုးကို မြန်မာသရုပ်ဆောင်အချို့အားကျနေပြီ၊ အိမ်ထောင်သည်အဖြစ် သရုပ်ဆောင်သူများ အတော့်ကို အတင့်ရဲနေကြပြီ။ ဒူးတင်၊ ပေါင်တင်၊ ရင်ချင်းအပ်... မြန်မာမိန်းကလေးအချို့ မရှက်တတ်ပြီ။ ပီပြင်လိုက်ပုံများ မျက်စိရှက်စရာ။ ဒါရိုက်တာကို အပြစ်ပုံချခြင်းမှာ ထန်းလက်နဲ့ ကာခြင်းသာဖြစ်သည်။ ကိုယ့်ယဉ်ကျေးမှုဓလေ့စရိုက်ကို ရှက်တတ်မှ ဖြစ်မည်။

ခေတ်သစ်၊ စနစ်သစ်ဆိုရာတွင် အတွေးသစ်၊ အမြင်သစ် ပြောင်းလဲမှုရှိမည်။ ဒါပေမယ့် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်ကိုတော့ ပြောင်းလဲပစ်၍မရ။ ခေတ်ကာလကို အဆိုးမြင်ဝါဒဖြင့် ကြည့်ခြင်းမဟုတ်၊ မြန်မာမိန်းကလေးများ ဆင်ခြင်နိုင်ရန် သတိပေးခြင်းသာဖြစ်သည်။

ဥသျှစ်သီး၏ အရေအတွက်များတော့ရော ဘာဖြစ်သေးလဲ။ အိန္ဒြေမဲ့စွာ အတင်းချဉ်းကပ်ရန်မလို၊ နှမ်းလည်းနှမ်း၏ တန်ဖိုးရှိသားပင်၊ လူပျို့ အမေသားကိုလက်ဆွဲ၍ မန်းတောင်ရိပ်တွင် ပုန်းနေစရာမလို၊ မိန်းမလည်း မိန်းမဂုဏ်ရှိသည် မဟုတ်လား။

### အဖော်အချွတ်ပြိုင်ကြ

ယခင်နှစ် အတာသင်္ကြန်တွင် မိန်းကလေးအချို့ အိန္ဒြေမဲ့ကြသည်။ အရက်၊ ဘီယာသောက်ကြ၊ ကခုန်ကြ၊ ဖော်ကြ ချွတ်ကြနှင့် လူစိတ်ပျောက်ကြသည်။ ရှက်ရကောင်းမှန်း မသိအောင် ဘယ်လိုဆေးများ စားကြတာပါလိမ့်ဟု တွေးမိနေသည်။ နောင်တရစေချင်၊ ရှက်တတ်ကြစေချင်၍ ရေးကြ၊ သတိပေးကြသည်ကိုပင် ဂရုမစိုက်ကြ။ "သူလည်း ဖော်ထားတာပဲ၊ ငါလည်း ပိုပြီးဖော်လိုက်မယ်" ဟု အဖော်အချွတ်ပြိုင်ကြ သည်။

သံချပ်ဆရာများ၏ သံချပ်ထဲကလို "နွားစိတ်ပေါက်နေသူများ" ဟု ပြောရမလိုဖြစ်နေပြီ။

မည်သို့ဆိုစေ... သင်္ကြန်နွေကလည်း ပူဦးမည်။ သင်္ကြန်ရေကလည်း အေးဦးမည်။ ပူလွန်း၍ သောက်သူများ၊ ပျော်လွန်း၍သောက်သူများ အားလုံးအတွက် ဘီယာ၊ အရက်ရောင်းကောင်းဦးမည်။

သင်္ကြန်မောင်မယ်များအားလုံး အပျော်မလွန်ရန်၊ အဖော်မလွန်ရန်၊ အမြူးမလွန်ရန်...အရက်နှင့် အသက်ကို လုံခြုံစွာ ထိန်းကြပါဟု သတိပေးစကားပါးချင်သည်။ ပြုပြင်ပြောင်းလဲခြင်းကို မျှော်လင့်ချင်ပါသည်။

"ဟိုနှစ်သင်္ကြန် ... ဒီနှစ်သင်္ကြန် ... နောင်နှစ်ခါသင်္ကြန် စောင့်ကြိုနေမည်အမှန်" ဟုသာ အထပ်ထပ်အော်ဆို၍ မျှော်လိုက်ဦးမည်။ သင်္ကြန်ကာလတွင် သင်္ကြန်မောင်မယ်များ အိန္ဒြေရရ ပျော်ရွှင်နိုင်ကြပါစေဟု နှစ်ဦးဆုထူး ခြွေလိုက်ပါသည်။ ။



ဓာတ်ပုံ - တင်ဝင်းလေး

## လုံမတို့သင်္ကြန်

* ချစ်တဲ့သူငယ်လေ .....
ဂိမာန်နွေဦး အတာကူးတဲ့
တန်ခူးချိန်မှာ .......
ထိန်ဝါမိုမောက် ရွှေပွင့်လိုတောက်သည့်
ပိတောက်ကိုဆင်
မယ့်ရင်ရွှင်ပါရဲ့လားတော် ။

* ရွှေပွင့်ရွှေစက်
ပိတောက်ခက်ကို ကေသာထက်တွင်
ပန်ရစဉ်ဝယ်
မရွှင်ဘယ်သူရှိမလဲတော်။

* ရွာလယ်မဏ္ဍပ်
ဒိုးပတ်အိုးစည် ခြိမ့်ခြိမ့်မည်စဉ်
စကားရွှင်သော
ရယ်မောမဆုံး
မုန့်လုံးရေပေါ် လုပ်ကြသရှင့်....။

* မယ်တို့ပျိုဖြူ ရွာကြီးသူတို့
လှိုင်ကြူငယ်မွှေးညက် ပိတောက်ခက်နှင့်
ရေပက်ကစားကြသရှင့် ....။

* ညနေချိန်ခါ
သက်ဝါကြီးသူ ဘိုးဘွားလှူဖို့
ကြူပျံ့မွှေးထုံ နံ့သာစုံဖျော်
တရော်ရေလည်း ဝေးသေးသရှင့် ....။

* ရွာဦးကျောင်းဝင်း
ရေကန်တွင်းမှာ စေတနာထား
မေတ္တာပွားလျက်
ငါးလွှတ်ပွဲလည်းလုပ်သေးသရှင့်...။

* အလိုလေ့အိုင်
မမေ့နိုင် ခွန်းခြွေစကားတွေနှင့်
ရွာသားမောင်ရေစင်ဖျန်းချိန်မို့
ပျိုလေးမေသည်နှစ်ဆန်းမှာ
ရွှင်လန်းလှသေး ... ။ ။



နေပြည်တော် တပ်ကုန်းမြို့နယ် မြန်မာ့ရိုးရာ လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) ညနေက လမ်းလျှောက်သင်္ကြန် မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်နိုင်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။
တင်ထွန်းတာ(တပ်ကုန်း)




မဟာသင်္ကြန်အကြိုနေ့တွင် ရန်ကုန်မြို့ရှိ အနော်ရထာလမ်းမပေါ်တွင် ရေပက်ခံသူများ၊ ရေပက်သူများဖြင့် စည်ကားနေစဉ်။
ဓာတ်ပုံ-စိုးညွှန့်

Government of the Republic of the Union of Myanmar
Ministry of the Office of the State Counsellor
PRESS RELEASE

(13th April 2018)

The Government of Myanmar expresses serious concern on the news regarding the application by the International Criminal Court (ICC) Prosecutor to claim jurisdiction over the alleged deportation of the Muslims from Rakhine to Bangladesh.

Myanmar is not a party to the Rome Statute. The proposed claim for extension of jurisdiction may very well reap serious consequences and exceed the well enshrined principle that the ICC is a body which operates on behalf of, and with the consent of State Parties which have signed and ratified the Rome Statute. This consensual approach is underlined throughout the ICC Statute.

There is an important principle of law or legal maxim "Ubi lex voluit, dicit; ubi noluit, tacit" i.e. "if the law means something, it says it; if it does not mean something, it does not say it". Nowhere in the ICC Charter does it say that the Court has jurisdiction over States which have not accepted that jurisdiction. Furthermore, the 1969 UN Vienna Convention on International Treaties states that no treaty can be imposed on a country that has not ratified it.

The extension of jurisdiction to non-parties may have a reverberating effect to all non-parties in the world and challenges long established legal principles such as legal certainty. What the Prosecutor is attempting to do is to override the principle of national sovereignty and non-interference in the internal affairs of other states, in contrary to the principle enshrined in the UN Charter and recalled in the ICC Charter's Preamble.

Myanmar reiterates that it has not deported any individuals in the areas of concern and in fact has worked hard in collaboration with Bangladesh to repatriate those displaced from their homes. Several bilateral agreements have been signed such as the "Arrangement on Return of Displaced Persons from Rakhine State" dated 23 November 2017 between the Governments of the Republic of the Union of Myanmar and the Government of the People's Republic of Bangladesh. All requirements for repatriation are in place. Work is proceeding steadily on this front. The Union Minister for Social Welfare, Relief and Resettlement has just visited Bangladesh to meet IDPs and brief them on the development, resettlement process, food supply, housing projects, vocational training, easy access to education and healthcare in Rakhine State and that Myanmar is ready for repatriation.

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပလင်းကမ်းသာယာဆင်စခန်း စစ်ဆေး

**ညောင်ဦး ဧပြီ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အနောက်ပုလင်း ကျေးရွာအနီးတွင် ဖွင့်လှစ်ထားရှိသော ပလင်းကမ်းသာယာဆင်စခန်း (Palin River View Elephant Camp) အား ဧပြီ ၁၃ ရက် နံနက် ၇နာရီ တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရောက်ရှိစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အတူ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘ(မြန်မာ့သစ်လုပ်ငန်း)၊ ဦးလှမိုးအောင် အထွေထွေမန်နေဂျာ (သစ်ထုတ်ရေး)၊ မြန်မာ့သစ်လုပ်ငန်း မှတာဝန်ရှိသူများ ပလင်းကမ်းသာယာ ဆင်စခန်းသို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ဆင်များထားရှိသည့်နေရာ ဆင်ရေချိုးချိန်၊ ဆင်စီးချိန် ခရီးသွားပြည်သူများ နားနေနိုင်ရန် အဆောက်အအုံများ ဆောက်လုပ်ထားရှိမှုများကို စစ်ကိုင်းဒေသကြီး ချင်းဖောင်ဖွဲ့ရေးဒေသ (လက်ထောက် အထွေထွေမန်နေဂျာ) ဦးအောင်ဌေးက ရှင်းလင်းသည်။ ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် ဆင်များအတွက် နေပီယာမြက်စိုက်ပျိုးထားရှိမှု၊ ဆင်များရေချိုးချိန်ကြည့်ချင်သူများအတွက်ထိုင်ခုံနှင့် ကွပ်ပျစ်ဆောက်ရှက်ထားရှိမှုများ ဆင်စခန်းသို့လာရောက်သည့် ခရီးသွားပြည်သူများ သန့်ရှင်းလတ်ဆတ်သည့် အစားအစာများ ချက်ပြုတ်ရောင်းချမည့် ချက်ဖိုဆောင်များအား ကြည့်ရှုစစ်ဆေးသည်။

ပြီးနောက် ဆင်စခန်းဝင်းအတွင်း ကုက္ကိုပင်နှင့် ခရေပင်တို့ကို အမှတ်တရ စိုက်ပျိုးပေးကာ ဆင်များအား အစာကျွေးပြီး ပလင်းကမ်းသာယာဆင်စခန်းသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ကျေးရွာများ ကြည့်ရှု

**နေပြည်တော် ဧပြီ ၁၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဌာနမှတာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း(Community Based Tourism – CBT) အကောင်အထည်ဖော်လျက်ရှိသော ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ်ရှိပင်စိမ်းပင်ရွာနှင့် ဆီးကျအင်းကျေးရွာများသို့ရောက်ရှိပြီး CBT လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ကျေးရွာများရှိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ CBT အကောင်အထည်ဖော်ဆောင်ရွက်သည့် Phyu Sin Group of Co., Ltd မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ ပင်းတယမြို့နယ်ရှိ ပင်စိမ်းပင်ရွာနှင့် ဆီးကျအင်းကျေးရွာများ၏ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကို လာမည့်ခရီးသွားပွင့်လင်းရာသီကာလတွင် စတင်ဖွင့်လှစ်နိုင်ရေး လျာထားပြီး ယခုအခါ ပင်စိမ်းပင်ကျေးရွာသည် ၈၀ ရာခိုင်နှုန်း၊ ဆီးကျအင်းကျေးရွာသည် ၉၅ ရာခိုင်နှုန်း လုပ်ငန်းဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဂျာမဏီနိုင်ငံ၊ လူဇင်ဘတ်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ နယ်သာလန်နိုင်ငံတို့မှ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များ ပြဋ္ဌာန်းနိုင်ရေးအတွက် စံနှုန်းမူကြမ်းရေးဆွဲပြီးဖြစ်သည့်အပြင် ကျေးရွာရှိလူထုများခရီးသွားလုပ်ငန်းဆိုင်ရာ အသိအမြင်များ အကျိုးကျေးဇူးများ ထိတွေ့ခံစားရရှိနိုင်စေရေးအတွက် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးရွာဒေသများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၁၃**

မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၁၃ ရက် နံနက် ၁၁ နာရီမှ ၁၁ နာရီ မိနစ် ၅၀ အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ့်ဖ်မြို့ Teknaf Land Port House စခန်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနယ်စပ်တွင် တရားမဝင် ဝင်ရောက်မှုကိစ္စ၊ အောက်ခြေအဆင့် သတင်းဖလှယ်ရေးအတွက် တာဝန်ရှိသူများ၏ ဖုန်းနံပါတ်များ အပြန်အလှန် ပေးပို့ထားရေးကိစ္စ၊ နှစ်နိုင်ငံ မူးယစ်ဆေးဝါးအန္တရာယ် ပူးပေါင်းတားဆီးဆောင်ရွက်မည့်ကိစ္စ၊ မောင်တောမြို့နယ် ကျောက်ပန္နရဲကင်းစခန်း၏ အနောက်ဘက် ၂ မိုင်ခန့်အကွာ ပင်လယ်ကမ်းခြေတွင် စက်လှေမျောပါသဖြင့် ကယ်ဆယ်ထိန်းသိမ်းထားရှိသော ငါးဖမ်းစက်လှေမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ငါးဦး ပြန်လည်လွှဲပြောင်း လက်ခံနိုင်ရေးကိစ္စ၊ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေရပ်စွန့်ခွာသူများနှင့် ပတ်သက်သော ကိစ္စရပ်များ၊ တရားမဝင်မှောင်ခိုစက်လှေများအား ပူးပေါင်းဖမ်းဆီးနိုင်ရေးနှင့် ARSA အကြမ်းဖက်အဖွဲ့လှုပ်ရှားမှုနှင့် ပတ်သက်သောကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ၁၁ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ၁၀ ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မဟာသင်္ကြန်အကြိုနေ့တွင် ရန်ကုန်မြို့ အနော်ရထာလမ်းမပေါ်ရှိ ရေကစားမဏ္ဍပ်တစ်ခု၌ ထီးများဖြင့် အလှဆင်ထားပြီး ပျော်ရွှင်စွာ ဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွှန့်

❖ ကျောဖုံးမှ

တစ်ခုတည်းနဲ့ ဆောင်ရွက်လို့ရတဲ့ လုပ်ငန်းမဟုတ်ပါဘူး၊ ပြည်သူနဲ့အတူ ကြိုးစားရုန်းကန်ရမယ့် ကာလတစ်ခုဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယနေ့စတင်ဖွင့်လှစ်သော ရန်ကုန်မဟာသင်္ကြန် ဇာတိမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယင်းနောက် အခမ်းအနားအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သင်္ကြန်ယိမ်းအကပြိုင်ပွဲများ၊ ရုပ်ရှင်အနုပညာရှင်များ ဖွဲ့စည်းထားသော အမေများယိမ်းအကအဖွဲ့၊ မမများ ယိမ်းအကအဖွဲ့နှင့် နိုင်ငံတော်တေးသံရှင်များက ဖျော်ဖြေကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမေများ ယိမ်းအကအဖွဲ့နှင့် မမများယိမ်းအကအဖွဲ့တို့အား ငွေကျပ်ငါးသိန်းစီ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မန္တလေး ဧပြီ ၁၃

**မန္တလေးမြို့တွင် ကျင်းပသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်သည် တစ်ဦးနှင့်တစ်ဦး မေတ္တာထား၍ ဆင်ခြင်တုံတရားနှင့် ယဉ်ကျေးမှုဆိုင်ရာ မြန်မာ့စိတ်ရင်းကို ဖော်ဆောင်နိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ယနေ့ နံနက်ပိုင်းက ကျင်းပသည့် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။**

ဖွင့်ပွဲ အခမ်းအနားကို နံနက် ၇ နာရီခွဲ၌ မန္တလေးမြို့ ကျုံးတောင်ဘက်ရှိ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် ကျင်းပရာ မန္တလေးမြို့မှ မြို့မိ မြို့ဖများ ဖြစ်သည့် မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်လွင်၊ မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုး၊ ပန်းချီဆရာ ဒေါက်တာ ကိုကိုကြီး၊ ကဗျာဆရာ တက္ကသိုလ်မောင်ထွန်းဝေနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးတို့က မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက မန္တလေးမြို့တော် စည်ပင်ယိမ်းအက အဖွဲ့ဝင်များနှင့်အတူ ကျောင်းသူလေး ၅၀၀ တို့က ငြိမ်းချမ်းရေး အဖြူရောင် ချိုးငှက်ပုံပါ မိုးပျံပူဖောင်းများကို လွှတ်တင်ကြပြီး မန်းတောင်ရိပ်ခိုသီချင်းဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကပြဖျော်ဖြေကြသည်။



**ရတနာပုံခေတ်ဟန်ပန်အတိုင်း**

ထို့ပြင် မင်္ဂလာနက္ခတ်ဗေဒပညာရှင် ဒေါက်တာမြတ်သစ်နှင့် ပုဏ္ဏားတော်များက ခရုသင်းမှုတ်၍ အနုပညာဦးစီးဌာနမှ ဦးအောင်ကျော်ဆန်းက ရတုဖတ်ကြား၍ မင်္ဂလာအခါတော်ပေးပြီး မန္တလေးလူငယ်များကလည်း ရတနာပုံခေတ်ဟန်ပန်အတိုင်း သင်္ကြန်တော်ကျကြောင်း စည်တော်တီး ရွှေမောင်းခတ်ကာ ကြေညာပြီးနောက်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်္ကြန်မဏ္ဍပ်မှ သင်္ကြန်ပွဲဆင်နွှဲရန် တက်ရောက်ကြသည့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ယိမ်းအကအဖွဲ့တို့ကို အတာရေစင် ပက်ဖျန်းပေးခဲ့သည်။

ယင်းနောက် မြို့မငွေဝင်းအလှပြယာဉ်မှ ဦးဆောင်သည့် အလှပြယာဉ်များ၊ သံချပ်အဖွဲ့များက မန္တလေးမြို့တော် မဟာသင်္ကြန်ရှေ့မှ ဖြတ်သန်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များကို ဂါရဝပြု နှုတ်ဆက်ကြရာ မန်းစည်ပင်ယိမ်းအကအဖွဲ့တို့က တစ်ပြိုင်တည်း ကပြဖျော်ဖြေခဲ့ကြသည်။

**အထူးစည်ကား**

မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌လည်း နာမည်ကြီး အဆိုတော်များ၊ ဂီတ၊ အနုပညာရှင် သရုပ်ဆောင်များ ခေတ်ပေါ်တေး၊ သင်္ကြန်တေးတို့ဖြင့် သီဆိုဖျော်ဖြေလျက်ရှိပြီး ယိမ်းအကအဖွဲ့ဝင်များက အကအလှတို့ဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိပြီးသင်္ကြန်မဏ္ဍပ်မှ ပြိုင်ပွဲဝင် သင်္ကြန်အလှပြယာဉ်နှင့် သံချပ်အဖွဲ့တို့ကို အကဲဖြတ် စိစစ်ပေးလျက်ရှိကာဖျော်ဖြေတင်ဆက်မှုများ၊ ရေသဘင်ပွဲ ဆင်နွှဲကြသူများဖြင့် တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**
**မင်းထက်အောင်(မန်းကိုယ်ပွား)**
**အေးမြ(မန္တလေး)**

# မန္တလေး လမ်းလျှောက်သင်္ကြန်ပွဲ အေးချမ်းပျော်ရွှင်စွာနွှဲ

**မန္တလေး ဧပြီ ၁၃**

မန္တလေးမြို့တွင် ကျင်းပသည့် မန္တလေး မဟာသင်္ကြန်ပွဲတော် အကြိုနေ့တွင် ကျုံးတောင်ဘက်ခြမ်း ၇၈ လမ်းမှ ၆၆ လမ်းတစ်လျှောက် ကျင်းပသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဒေသခံပြည်သူများသာမက ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကို မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်မှ ဖွင့်ပွဲ အခမ်းအနားဖြင့် စတင်ကျင်းပဖွင့်လှစ်ပြီးသည်နှင့်တစ်ပြိုင်နက် လမ်းလျှောက်သင်္ကြန်ပွဲတော်ကျင်းပရာ လမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများနှင့် တိုင်းရင်းသားလူမျိုးစုများ ပါဝင်သည့် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်များမှ စတင်ရေကစားခြင်းများ ဆောင်ရွက်ကြရာ ပူပြင်းသောနွေဦးရာသီတွင် သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်တွင် လုပ်ငန်းရှင်မိသားစုများမှ ကုသိုလ်ပြုလှူဒါန်းသည့် စတုဒိသာမဏ္ဍပ်များတွင် လှူဒါန်းကျွေးမွေးမှုများကို တပျော်တပါး စားသောက်ကြကာ မဏ္ဍပ်များ အသီးသီးတွင်ရေပက်ခံ ဆော့ကစားရင်း ပျော်ပါးမြူးထူးစွာ ကခုန်ခဲ့ကြသည်။

“လမ်းလျှောက် သင်္ကြန်ဆိုတာ ကိုယ်တိုင်လမ်းလျှောက်ပြီး ရေပက်ခံထွက်ရတာဆိုတော့ လွတ်လပ်ပေါ့ပါးမှုကို ဖြစ်စေတဲ့အပြင် လည်ပတ်ပြီး အစားအသောက်တွေကိုလည်း လှူဒါန်းကျွေးမွေးနေတဲ့ စတုဒိသာမဏ္ဍပ်တွေကလည်း အဆင်သင့်ရှိနေတဲ့အတွက် သင်္ကြန်လည်ရတာ အလွန်ပျော်ဖို့ကောင်းပါတယ်” ဟု လမ်းလျှောက်သင်္ကြန်ပွဲတော် မိသားစုလိုက် လာရောက်လည်ပတ်သူ ဦးဇင်မင်းထွန်းက ပြောသည်။

မန္တလေး လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ ပျဉ်းမနားမြို့မှ သူငယ်ချင်းများ စုပေါင်း၍ လာရောက်လည်ပတ်သူ မခိုင်ခိုင်ဝင်းကလည်း “မန္တလေးမြို့မှာ ကျင်းပတဲ့ လမ်းလျှောက်သင်္ကြန်ပွဲတော်က ပြီးခဲ့တဲ့နှစ်ကတည်းက နာမည်ကြီးနေတဲ့အတွက် စိတ်ဝင်စားပြီး နေ့ချင်းပြန် လာလည်တာပါ၊ ဒီပွဲတော်ဟာ ကလေး လူကြီး အရွယ်မရွေး အန္တရာယ်ကင်းကင်းနဲ့ ပျော်ရွှင်စွာ လမ်းလျှောက်ပြီး လည်ပတ်နေတာတွေ့ရတဲ့အတွက် စိတ်ထဲမှာ ကြည်နူးမိတယ်၊ ရေပက်ခံမဏ္ဍပ်တွေ တစ်နေရာတည်းမှာ စုစုစည်းစည်း ရှိနေတဲ့အတွက် ရေကစားရတာ ပျော်ရွှင်နေမိပါတယ်”ဟု ပြောသည်။



**နိုင်ငံခြားခရီးသွားများပါ ပါဝင်ဆင်နွှဲသည့် မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်ကို ပျော်ရွှင်အေးချမ်းစွာ တွေ့ရစဉ်။**

ယခုနှစ် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ခရီးသွားဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ကြိုတင်ပြင်ဆင်ထားရှိမှုများကြောင့် နိုင်ငံတကာခရီးသွားများ ယခင်နှစ်များထက် ပိုမိုများပြားစွာ လာရောက် ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**တင်မောင်၊ (မန်းကိုယ်ပွား)**
**မင်းထက်အောင်(မန်းကိုယ်ပွား)**
**အေးမြ(မန္တလေး)**



**မဟာသင်္ကြန်အကြိုနေ့က တာချီလိတ်မြို့ပြည်သူများ ပျော်ရွှင်စွာ ရေပက်ကစားနေသည်ကို တွေ့ရစဉ်။** မောင်ယဉ်ကျေး

# မန္တလေးမြို့၌ တောသင်္ကြန် ညပိုင်းဈေးရောင်းပွဲတော် အထူးစည်ကား

**မန္တလေး ဧပြီ ၁၃**

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် မထမဆုံးအကြိမ် ထည့်သွင်းကျင်းပသည့် တောသင်္ကြန် ညပိုင်းဈေးရောင်းပွဲတော်တွင် ဒေသခံပြည်သူများနှင့် နိုင်ငံတကာခရီးသွားများ စိတ်ဝင်တစား လာရောက်လေ့လာ ဝယ်ယူမှုများဖြင့် အထူးစည်ကားလျက်ရှိသည်။

မန္တလေးမြို့ သင်္ကြန်ပွဲတော်ကို နေ့ရောညပါ စည်ကားစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ရိုးရာအစားအစာနှင့် အမှတ်တရ ပစ္စည်းများ ရောင်းချရာဆိုင်ခန်းပေါင်း ၁၈၀ ကို အခမဲ့ဖွင့်လှစ်ပေးထားခြင်းဖြစ်သည်။



“ဒီနှစ်မှာ မနှစ်က အောင်မြင်ခဲ့တဲ့ လမ်းလျှောက် သင်္ကြန်ပွဲတော်အပြင် နေ့ရောညပါ စည်ကားပျော်ရွှင်မှုရအောင် တောသင်္ကြန်အစီအစဉ်ကို ထည့်သွင်းခြင်းဖြစ်ပါတယ်” ဟု မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

အဆိုပါ တောသင်္ကြန် ညပိုင်းဈေးရောင်းပွဲတော်တွင် မြန်မာ့ရိုးရာ အနုပညာဖျော်ဖြေမှုများအဖြစ် ရုပ်ကြိုးစဉ်၊ မြန်မာ့ရိုးရာခြင်းအလှခတ်၊ ပိတ်ကားထောင်ရုပ်ရှင်ကားများ ကျောက်ဆည်ဆင်အကနှင့် အလှဓာတ်ပုံရိုက်ကူးရန် မီးအလှဆင်ထားခြင်းများ စီစဉ်ဆောင်ရွက်ထားပြီး လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တင်မောင်၊ မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# သာပေါင်းမြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်

**သာပေါင်း ဧပြီ ၁၃**

သာပေါင်းမြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို အမှတ်(၂) ရပ်ကွက် ကမ်းနားလမ်း ပန်းခြံနေရာတွင် ညနေ ၄ နာရီက ကျင်းပသည်။

မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ နှုတ်ခွန်းဆက်အမှာစကားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဦးတို့က ပြောကြားခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင်ဦးနှင့် ဒေါ်ခင်မိုးဝါ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြနန္ဒာသီချင်းဖြင့် ယိမ်းအက လုပျိုမေများက ကပြဖျော်ဖြေကြပြီး သင်္ကြန်ရေများ စတင်ပက်ဖျန်းကြသည်။ သင်္ကြန်ပွဲတော်ကာလအတွင်း ဗဟိုမဏ္ဍပ်တွင် မုန့်လုံးရေပေါ်နှင့် မုန့်လက်ဆောင်း၊ သာဂူမုန့်များ စတုဒိသာ လှူဒါန်းကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**



# မကွေးမြို့တော် မဟာသင်္ကြန်ဖွင့်ပွဲ စည်ကားစွာ ကျင်းပ

**မကွေး ဧပြီ ၁၃**

မကွေးမြို့ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် မဏ္ဍပ်ဖွင့်ပွဲကို ယနေ့ ညနေ ၅ နာရီက ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ဗဟိုမဏ္ဍပ်ယိမ်းအဖွဲ့နှင့်အတူ တက်ရောက်လာကြသော ယိမ်းအဖွဲ့များက ရွှေမန်းမာလာသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ မကွေးမြို့ ကမ်းနားလမ်း ကျောက်သားဥယျာဉ်အနီးရှိ လမ်းလျှောက်သင်္ကြန် မုခ်ဦးမဏ္ဍပ်သို့ သွားရောက်ကာ လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကို ဆက်လက်ဖွင့်လှစ်ပေးခဲ့ပြီး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**အထူးစည်ကား**

လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီမှ စတုဒိသာကျွေးခြင်း၊ နံ့သာသွေး၍ လိမ်းခြယ်ခြင်း၊ လောင်းလှေများဖြင့် ရေကစားခြင်းများကို မြန်မာ့ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ သင်္ကြန်လာရောက်လည်ပတ်သူ၊ သင်္ကြန်ချစ်သူများနှင့် အထူးစည်ကားလျက်ရှိပြီး ပျော်ရွှင်စွာ ရေကစားကြကြောင်း သိရသည်။ **မေသူလွင် (မကွေး-ကိုယ်ပွား)**



# ရသစုံလင် ရန်ကုန်အတာရေသဘင်ပွဲတော် ဆင်နွှဲပျော်ရွှင်

**ရန်ကုန် ဧပြီ ၁၃**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ယနေ့ သင်္ကြန်အကြိုနေ့တွင် နိုင်ငံအဝန်း အေးချမ်းပျော်ရွှင်စွာရေပက်ကစားလျက်ရှိရာ ရန်ကုန်မြို့၌ ထူးထူးခြားခြား အစီအစဉ်တစ်ရပ်အနေဖြင့် လမ်းလျှောက်သင်္ကြန်ကို ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းကျင်းပလျက်ရှိသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ကန်တော်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရေကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ရန်ကုန် ကန်တော်ကြီး လမ်းလျှောက်သင်္ကြန်တွင် ကန်တော်ကြီး သစ်သားတံတားတစ်လျှောက် လိမ္မော်ရောင်ထီးများကို လှပစွာချိတ်ဆွဲထားသည်။ လမ်းလျှောက်သင်္ကြန်တွင် လမ်းတစ်လျှောက် ရေပန်းများ တပ်ဆင်ထားပြီး စတုဒိသာကျွေးမွေးသူများလည်း ရှိသည်။ ရခိုင်ဓလေ့ လောင်းလှေများဖြင့် ရေကစားကြသူများလည်း ရှိသည်။

ဦးဥတ္တမ ပန်းခြံတွင်လည်း လမ်းလျှောက်သင်္ကြန်ကို ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် သင်္ကြန်သီချင်းများ သီဆိုပေး၍ မူလတန်းကြိုကလေးငယ်များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်သည်ကိုလည်း တွေ့ရသည်။

လမ်းလျှောက်သင်္ကြန်ပွဲ မဟာဗန္ဓုလပန်းခြံဘေး၌ ကျင်းပရာ ကျေးလက်သဘာဝသင်္ကြန်ကို ဖော်ကျူးထားပြီး လမ်းတစ်လျှောက် ရေပက်ကစားကြသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မြင့်မောင်စိုး**

# ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကမာရွတ်မြို့နယ် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁၃**




ကမာရွတ်မြို့နယ် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေ ၃ နာရီက ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းထိပ်နှင့် မျက်နှာချင်းဆိုင်၊ တက္ကသိုလ်စာတိုက်ဝင်းရှေ့ရှိ ကမာရွတ်မြို့နယ် ရေကစားဖျော်ဖြေရေးမဏ္ဍပ်ရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းက နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်မောင်လှ၊ ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အေးအေးမြင့်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် မြို့နယ်မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ကမာရွတ်မြို့နယ် ရေကစားနှင့်ဖျော်ဖြေရေးမဏ္ဍပ်စင်မြင့်တွင် ယိမ်းအကအလှများ၊ ခေတ်ပေါ်တေးဂီတဝိုင်းများ၊ နာမည်ကြီး အဆိုတော်များ အနုပညာရှင်များဖြင့် သင်္ကြန်ကာလအတွင်း နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်သော်(ကမာရွတ်)**
**ဓာတ်ပုံ-ထင်ပေါ်ဝင်း**

# ဆီဒိုးနားဟိုတယ် ရန်ကုန် ရေကစားမဏ္ဍပ်ဖွင့်

**ရန်ကုန် ဧပြီ ၁၃**

ဆီဒိုးနားဟိုတယ် ရန်ကုန် ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီက ရန်ကင်းမြို့နယ် စက်မှု ၁ လမ်းရှိ ဆီဒိုးနားဟိုတယ် ရေကစားမဏ္ဍပ်၌ ပြုလုပ်ရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးအုန်းမြင့်၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးတာဝန်ခံ ဦးနိုင်ဝင်း၊ မြင့်ထွန်းဦးကျောက်မျက်ရတနာမှ တာဝန်ရှိသူများနှင့် အနုပညာရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါမဏ္ဍပ်၌ သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုနှင့်အတူ ပျော်ရွှင်စွာရေကစားကြမည်ဖြစ်သည်။

**သတင်းစဉ်**



# ကြည့်မြင်တိုင်မြို့နယ် ဗဟိုရေကစားမဏ္ဍပ်ဖွင့်

**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဗဟိုရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် နံနက် ၉ နာရီက ဆေးရိုးတန်း ငြိမ်းချမ်းရေးရပ်ကွက် ကမ်းနားလမ်းရှိ သွင်မင်္ဂလာဈေးဟောင်းရှေ့တွင် ပြုလုပ်သည်။

ရှေးဦးစွာ နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က ပြောကြားပြီး မဏ္ဍပ်ကို မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် အေးရှားဝေါ(လ်)ကုမ္ပဏီ၊ မြတ်ဆုမွန်ကုမ္ပဏီ၊ အောင်ဒီဒူးကုမ္ပဏီတို့မှ အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြည်သူချစ်အနုပညာရှင်များနှင့် မြို့နယ်အတွင်းရှိ လုပ်ပျို၊ဖြူယိမ်းအဖွဲ့များက ဧည့်ခံဖျော်ဖြေခြင်းနှင့်အတူ ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**



ပျဉ်းမနားမြို့နယ် မဟာသင်္ကြန်ပွဲ(လမ်းလျှောက်သင်္ကြန်)ဖွင့်ပွဲကို ရန်အောင်(၂) ရပ်ကွက် မင်္ဂလာရှမ်းကန်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ နေပြည်တော် ရှစ်မြို့နယ်မှ သင်္ကြန်ယိမ်းအဖွဲ့များက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေပြီး သင်္ကြန်ချစ်သူ ပြည်သူများဖြင့် အတာရေသဘင်ပွဲ ဆင်နွှဲနေသည်ကို တွေ့ရစဉ်။ စိုးမိုး(ပြန်/ဆက်)

# ဖျာပုံမြို့ သင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

**ဖျာပုံ ဧပြီ ၁၃**

ဖျာပုံမြို့ ဗဟိုမဏ္ဍပ် မြန်မာ့ရိုးရာရေသဘင်ပွဲတော်ဖွင့်ပွဲကို ယနေ့ ညနေ ၅နာရီက ဖျာပုံမြို့ ဒုတိယလမ်းရှိ ဗဟိုမဏ္ဍပ်၌ စည်ကားစွာ ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ဧည့်ပရိသတ်များက မိုးပျံပူဖောင်းများလွှင့်တင်၍ ရေသဘင်ပွဲတော် ဆင်နွှဲသည်။ သင်္ကြန်ပွဲတော်တွင် စတုဒိသာကျွေးမွေးခြင်း၊ ရေပက်ခံထွက်ခြင်းများဖြင့် ရေသဘင်ပွဲတော်ဆင်နွှဲကြရန် စီစဉ်ထားကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



သင်္ကြန်အကြိုနေ့က မြစ်ကြီးနားမြို့၌ လမ်းလျှောက်သင်္ကြန် ဆင်နွှဲကြသူများအား တွေ့ရစဉ်။ ပြည်နယ်(ပြန်/ဆက်)

# ဂန့်ဂေါ၌ အတာသင်္ကြန်ပွဲတော်ဖွင့်

**ဂန့်ဂေါ ဧပြီ ၁၃**

ဂန့်ဂေါမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီက ဗိုလ်ချုပ်လမ်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအနီးတွင် ပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ယိမ်းအဖွဲ့ ရှစ်ဖွဲ့က မြူမှောင်ဝေကင်း သီချင်းကို သံပြိုင်သီဆို ကပြဖျော်ဖြေတင်ဆက်၍ လည်းကောင်း၊ မြနန္ဒာသီချင်းဖြင့် ဖျော်ဖြေတင်ဆက်၍ လည်းကောင်း သင်္ကြန်ပွဲတော်နှင့် နှစ်သစ်ကို ကြိုဆိုကြသည်။ **စိန်ကျော်(ဝါးဘိုးချောင်)**



## ရခိုင်ရိုးရာသင်္ကြန်အကြိုနေ့ မြောက်ဦးမြို့ပေါ်ရှိ ပြည်သူများ ဘုရားရေသပ္ပာယ်

**မြောက်ဦး ဧပြီ ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ မဟာသင်္ကြန်အကြိုနေ့တွင် မြို့ပေါ်ရပ်ကွက်များရှိ လူမှုရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ၊ မြို့ပေါ်နေပြည်သူများက ဘုရားရေသပ္ပာယ် ပူဇော်ခြင်းကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီက ဆင်ယင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရခိုင်ရိုးရာသင်္ကြန် အကြိုနေ့တွင် ဘုရားရေသပ္ပာယ်ပူဇော်ခြင်းသို့ မြို့ပေါ်ရှိ အများပြည်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ မော်တော်ယာဉ်လုပ်ငန်းရှင်များ၊ ထော်လာဂျီ လုပ်ငန်းရှင်များ၊ သုံးဘီးဆိုင်ကယ်များအသင်း၊ ဆိုင်ကယ်ဘေးတွဲအသင်း၊နှစ်ဘီးဆိုင်ကယ်အသင်းနှင့် လူမှုရေးအသင်းအဖွဲ့များက မြောက်ဦးမြို့ပေါ်ရှိ အထင်ကရဘုရားများအား မြို့တွင်းတစ်ပတ် စီတန်းလှည့်လည်ကာ ဘုရား၊ ကျောင်းကန်၊ သာသနိကအဆောက်အအုံများနှင့် စေတီပုထိုးများရှိ ဗုဒ္ဓဆင်းတုတော်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကာ ဘုရားရေသပ္ပာယ် ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

## ငပလီကမ်းခြေသန့်ရှင်းသာယာရေး ပြည်နယ်ဝန်ကြီးချုပ်ကြည့်ရှု

**စစ်တွေ ဧပြီ ၁၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ငပလီကမ်းခြေသန့်ရှင်းသာယာလှပရေးနှင့် ကမ်းခြေ၏ သဘာဝအလှများ မထိခိုက်မပျက်စီးစေရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ငပလီကမ်းခြေရှိ FAMOUS ဟိုတယ်၊ BT Bay ဟိုတယ်၊ Aureun Palace ဟိုတယ်တို့တွင် လှိုင်းကာနံရံ တည်ဆောက်ထားရှိမှု၊ ဟိုတယ်အခန်း တိုးချဲ့တည်ဆောက်မည့်အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကမ်းခြေ၏ သဘာဝအလှများ မထိခိုက်မပျက်စီးရေး၊ ကမ်းခြေသန့်ရှင်းသာယာရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။ မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငပလီမြို့နှင့် ဟိုတယ်များမှ စွန့်ပစ်အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် အမှိုက်ပစ်ကန်များ ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





## ဘူးသီးတောင်မြို့နယ် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်

**ဘူးသီးတောင် ဧပြီ ၁၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ယင်းမဏ္ဍပ်တည်ရှိရာ မီးရထားဆိပ်ရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားတွင် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက နှစ်သစ်အမှတ်တရစကား ပြောကြားသည်။

ယင်းနောက် နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးတင့်နိုင်၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် ဘူးသီးတောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ယိမ်းအဖွဲ့ဝင်များအား အတာရေပက်ဖျန်းပေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် ယဉ်ကျေးမှုယိမ်းအဖွဲ့မှ ရခိုင်တိုင်းရင်းသူ လုပျိုဖြူများက ယိမ်းအကအလှများဖြင့် သီဆိုဖျော်ဖြေကြသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး၊ အောင်ကျော်ဦး**

## မောင်တောမြို့ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မောင်တော ဧပြီ ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့ဒေသတွင်း မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၇ ရက် (မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မောင်တောမြို့မှာ သင်္ကြန်ပွဲတော်ကို နှစ်ဆန်း ၁ ရက်နေ့မှာ စတင်ကျင်းပတာ ၁၉၄၂ ခုနှစ် မတိုင်ခင်ကတည်းကလို့ သိရပါတယ်၊ မောင်တောမြို့ပထမမြို့မကျောင်းဆရာတော်လက်ထက် အဘတို့ ဘိုးဘွားတွေခေတ်ကတည်းက စခဲ့တဲ့အစဉ်အလာလို့ သိရပါတယ်၊ အဲ့ဒီတုန်းက မြို့မကျောင်းဆရာတော်ကြီးနဲ့ ရပ်မိရပ်ဖဘိုးဘွား ဒေသခံတွေဟာ သင်္ကြန်နဲ့ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးခဲ့ကြပါတယ်၊ အဲ့ဒါကတော့ သင်္ကြန်ပထမသုံးရက်အတွင်း မိဘဘိုးဘွားတွေ ဘုရားသွား၊ ကျောင်းသွား ဥပုသ်သီလယူစတဲ့ ကောင်းမှုတွေပြုတဲ့အခါ လူငယ်တွေ ရေမကစားကြဖို့နဲ့ မိဘဘိုးဘွားတွေရဲ့ကုသိုလ်ပြုလုပ်ငန်းတွေမှာ ပါဝင်ကူညီကုသိုလ်ယူကြဖို့ ဆုံးမခဲ့ကြပါတယ်၊ အဲ့ဒီရက်လွန်ပြီးသုံးရက် နှစ်ဆန်း ၁ ရက်နေ့ရောက်မှသာ သုံးရက်တာ ရေကစားကြဖို့ ဆုံးမစကားမိန့်မှာခဲ့တာ ဖြစ်ပါတယ်၊ လူငယ်တွေ ရေကစားကြတဲ့ရက်ကိုတော့ လူကြီးတွေ အိမ်စောင့်နေပေးဖို့ မိန့်ကြားခဲ့တယ်လို့ သိရပါတယ်၊ အဲ့ဒီကောင်းမြတ်တဲ့ အစဉ်အလာကို လက်ဆင့်ကမ်းထိန်းသိမ်းခဲ့တာ နှစ်ပေါင်းများစွာရှိခဲ့ပါပြီ" ဟု ဘိုးဘွားအစဉ်အဆက် မောင်တောမြို့၌ နေထိုင်ခဲ့သူ တရားလွှတ်တော်ရှေ့နေကြီး ပညာရေးဝန်ထမ်းဟောင်းဖြစ်သူ ဆရာကြီး ဦးအောင်ကျော်ညွန့်က ရှင်းပြသည်။

မောင်တောမြို့ရိုးရာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၇ရက်( နှစ်ဆန်း ၁ ရက်)မှ ဧပြီ ၁၉ ရက်ထိ ပျော်ပွဲရွှင်ပွဲများ၊ နာမည်ကြီး ရခိုင်အဆိုတော်များ၏ ဖျော်ဖြေရေး အစီအစဉ်များဖြင့် စဉ်လာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် သင်္ကြန်ပွဲဆင်နွှဲသူ ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ ပျော်ရွှင်နိုင်ရေးလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အောင်ကျော်ဦး၊ တင်စိုး**

## စစ်တွေမြို့၌ မဟာသင်္ကြန်ပွဲတော် နံ့သာသွေးပြိုင်ပွဲ ကျင်းပ

စစ်တွေ ဧပြီ ၁၃

**၁၃၇၉ ခုနှစ် ရခိုင်ရိုးရာ မဟာသင်္ကြန်ပွဲတော် နံ့သာသွေးပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

### ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ နံ့သာသွေးပြိုင်ပွဲနှင့် ဘုရားရေသပ္ပာယ်ရေး ပွဲတော်ကျင်းပရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ် ဥပဒေချုပ် ဦးကျော်လှထွန်း၊ နံ့သာသွေးပြိုင်ပွဲနှင့် ဘုရားရေသပ္ပာယ်ရေး ကျင်းပရေး လုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ယဉ်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက နံ့သာသွေးပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မဟာသင်္ကြန်ပွဲတော် နံ့သာသွေးပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၃၁ သင်းပါဝင်ယှဉ်ပြိုင်ရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ **(အောက်ပုံ)** ပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှ သင်္ကြန်ယိမ်းအကများဖြင့် သီဆိုဖျော်ဖြေကြသည်။

ပြိုင်ပွဲဝင်အသင်းများ အနေဖြင့် နံ့သာသွေးပြိုင်ပွဲဝင်အသင်း တစ်သင်းလျှင် ကြီးကြပ်သူတစ်ဦး၊ အသင်းဝင်ငါးဦးနှင့် အရန်တစ်ဦး ပါဝင်ကြောင်း၊ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ကြောင်း၊ တူညီဝတ်စုံဖြင့် သပ်ရပ်စွာ ဝတ်ဆင်ယှဉ်ပြိုင်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းအနေဖြင့် လူဦးရေပြည့်စုံရမည် ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်သူများ နံ့သာသွေးပြိုင်ပွဲဝင်နေစဉ်အတွင်း ပြင်ပမှပစ္စည်းများ ယူဆောင်လာခြင်းမပြုရကြောင်း၊ အဆိုပါ နံ့သာသွေးပြိုင်ပွဲ အမှတ်ပေးစည်းကမ်းချက်များတွင် ဝတ်စားဆင်ယင်မှု၊ ဆင်ယင်ထုံးဖွဲ့မှု၊ သေသပ်သန့်ရှင်းမှု၊ သွက်လက်ဖျတ်လတ်မှု၊ စိတ်ပါဝင်စားမှု၊ ခွန်အားစိုက်ထုတ်မှု၊ အရွယ်ညီညာမှု၊ အသားအရောင်ရုပ်ရည်ညီညာမှု ရှိ၊ မရှိ၊ နံ့သာရည်ရရှိမှုနှင့် နံ့သာနှစ်ရရှိမှုပေါ်တွင် အမှတ်ပေးမည်ဖြစ်ကြောင်း နံ့သာသွေးပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။



### ပေးအပ်ချီးမြှင့်

ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယ ဆု ငွေကျပ်သုံးသိန်း ၊ တတိယဆု ငွေကျပ်နှစ်သိန်း၊ နှစ်သိမ့်ဆုရအသင်းများအား ဧပြီ ၁၆ ရက် ဗဟိုမဏ္ဍပ် ပိတ်ပွဲ အခမ်းအနားတွင် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ပထမဆုံးအကြိမ်ကျင်းပသော YRTA သင်္ကြန်ရေကစားမဏ္ဍပ် ယနေ့စတင်ဖွင့်

**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ၏ ပထမဆုံးအကြိမ် ကျင်းပသော မဟာသင်္ကြန်ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကြိုနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ကျိုက္ကဆံလမ်းရှိ YRTA ရုံးရှေ့၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာကျော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်း၊ တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်နှင့် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်တို့ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

“ကျွန်မတို့YRTA အနေနဲ့ပြည်သူလူထုသွားရေး၊ လာရေးအဘက်ဘက်မှ အဆင်ပြေချောမွေ့ဖို့ နေ့စဉ်အမျှ အကြောင်းကိစ္စအမျိုးမျိုးနဲ့ သွားလာနေကြတဲ့ ပြည်သူတွေအားလုံး စိတ်ချမ်းသာစွာ သွားလာနိုင်ဖို့ကိုရှေးရှုပြီး ကြိုးစားလုပ်ဆောင်နေပါတယ်၊ YRTA နဲ့ ပတ်သက်လို့ ပြည်သူများအနေနဲ့ လိုအပ်တာများရှိရင်လည်း အကြောင်းကြား ဝေဖန်ထောက်ပြနိုင်ပါတယ်၊ အခုလိုနှစ်သစ်မှာ တစ်ဦးနဲ့တစ်ဦးဖေးမပြီး မေတ္တာတရားနဲ့ ဆောင်ရွက်သွားမယ်ဆိုရင် လုပ်ငန်းတိုင်း အောင်မြင်မှာပါ”ဟု တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ၏ ဥက္ကဋ္ဌ ဒေါ်နီလာကျော်က ပြောကြားသည်။

YRTA ၏ ပထမဆုံးအကြိမ်ကျင်းပသော မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ မြန်မာ့ရိုးရာယိမ်းအကများ၊ တစ်ဦးချင်းအကများ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များနှင့်အတူ တေးသံရှင်များက နေ့စဉ် နံနက် ၉ နာရီမှ ည ၇ နာရီအထိ ဖျော်ဖြေသွားမည်ဖြစ်ပြီး



YRTA မဟာသင်္ကြန်ရေကစားမဏ္ဍပ် ဖွင့်ပွဲမြင်ကွင်း။

ယင်းကာလရက်များအတွင်း လာရောက်အားပေးသောပြည်သူများအား စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများလည်း လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း - မင်းခေတ်၊ ဓာတ်ပုံ- မင်းထက်**

# မဟာသင်္ကြန်အကြိုနေ့ ရန်ကုန်သင်္ကြန်ပုံရိပ်များ စတင်အသက်ဝင်လာ

**ရန်ကုန် ဧပြီ ၁၃**

၁၃၇၉ ခုနှစ်၏ မဟာသင်္ကြန် (အကြိုနေ့)ဖြစ်သော ယနေ့တွင် ရန်ကုန်မြို့အနှံ့ရှိ မဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ်များ တစ်ခုပြီးတစ်ခုဖွင့်လှစ်ကာ အများပြည်သူများ ပျော်ရွှင်စွာရေကစားလျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တော် ဗဟိုသင်္ကြန်မဏ္ဍပ်ကို နံနက်ပိုင်းတွင် ဖွင့်လှစ်ပြီးနောက် မြို့နယ်ဌာနဆိုင်ရာမဏ္ဍပ်များ ဖွင့်လှစ်ခဲ့ကြသည်။ အင်းစိန်လမ်းမကြီးပေါ်ရှိ လှိုင်မြို့နယ် ရေကစားမဏ္ဍပ်ကို နံနက် ၉ နာရီက လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာများ ပါဝင်ဖွင့်လှစ်ပေးခဲ့ပြီး ယိမ်းအဖွဲ့များမှ အကအလှများဖြင့် ဖျော်ဖြေကာ လာရောက်ကြည့်ရှုသူပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

ဖျော်ဖြေရေးမဏ္ဍပ် ၁၆ ခု၊ မြို့နယ်ဌာနဆိုင်ရာမဏ္ဍပ် ၃၆ ခု၊ လမ်းလျှောက်သင်္ကြန် လေးနေရာပါဝင်သော ရန်ကုန်သင်္ကြန်က ညနေ ၃ နာရီ နောက်ပိုင်းတွင် ပိုမိုစည်ကားလာခဲ့သည်။ ညနေ ၄ နာရီတွင် ဖွင့်ပွဲအခမ်းအနားကျင်းပရန် ပြင်ဆင်နေသော ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းမကြီးပေါ်ရှိ ရွှေဝါပိတောက်မဏ္ဍပ်မှ မဏ္ဍပ်တာဝန်ခံ ကိုအောင်ကျော်ဝင်းက “ကျွန်တော်တို့မဏ္ဍပ်မှာ ရေလာကစားတဲ့သူတွေကို ငွေကြေးကောက်ခံခြင်းမရှိသလို မုန့်လုံးရေပေါ်၊ ရွှေရင်အေးလို စတုဒိသာကိုလည်း နေ့တိုင်းကျွေးသွားမှာပါ၊ အကအဖွဲ့အနေနဲ့ ယိမ်းအဖွဲ့လေးဖွဲ့နဲ့ ဒီဂျေတွေ၊ နာမည်ကျော်အဆိုတော်တွေလာပြီးဖျော်ဖြေမှာပါ”ဟု ပြောကြားသည်။




နှစ်စဉ်နှစ်တိုင်းစည်ကားမြဲဖြစ်သော အင်းလျားကန်ပေါင်အနီး ပြည်လမ်းတွင်လည်း ရေကစားသူများ၊ ရေပက်ခံသူများဖြင့် ညနေပိုင်းတွင် တစ်စတစ်စ များပြားလာကြောင်း တွေ့ရသည်။ **(ဝဲပုံ)** မာလာဆောင်အနီးမှစ၍ သင်္ကြန်ချစ်သူ ရေကစား မဏ္ဍပ်ကိုလည်းကောင်း၊ တံတားဖြူမှတ်တိုင်အနီး TUBORG ရေကစားမဏ္ဍပ်နှင့် BARRACH ရေကစားမဏ္ဍပ်များတွင် ရေကစားသူပြည်သူများ ပျော်ရွှင်စွာ ကခုန်လျက်ရှိသည်ကို တွေ့ရသည်။ အင်းလျားကန်ပေါင်တွင် နန်းတော်ပုံစံမုခ်ဦးဖြင့် အင်းလျားကန်ပေါင်သင်္ကြန်ပွဲတော်အား လှပစွာဆင်ယင်ထားသည်ကို တွေ့ရသည်။

တက္ကသိုလ်ရိပ်သာလမ်းမကြီးပေါ်တွင် ရန်ကုန်တက္ကသိုလ်နှင့် မျက်နှာချင်းဆိုင် ဆောက်လုပ်ထားသော ကမာရွတ်မြို့နယ် ရေကစားမဏ္ဍပ်ကိုတွေ့ရပြီး ကုက္ကိုင်းလမ်းဆုံအနီးတွင် မိသားစုရေကစားမဏ္ဍပ်ငယ်များကို တွေ့မြင်ရသည်။ ရန်ကင်းဈေးကွေ့မှ တာမွေအဝိုင်းအထိ ဦးချစ်မောင်လမ်းမပေါ်တွင် မိသားစုရေကစားမဏ္ဍပ်ငယ်များ ဆောက်လုပ်ကာ ပျော်ရွှင်စွာ ရေကစားကြသည်ကို တွေ့ရှိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# သင်္ကြန်အကြိုနေ့ ရန်ကုန်၌ ပြေးဆွဲနေသော YBS ယာဉ်တချို့ သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံနေ

**ရန်ကုန် ဧပြီ ၁၃**

ယနေ့ ၁၃၇၉ ခုနှစ် မဟာသင်္ကြန်အကြိုနေ့တွင် ရန်ကုန်မြို့တွင်း လမ်းကြောင်းအချို့၌ ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းအချို့မှာ ယာဉ်လုပ်သားများက သတ်မှတ်နှုန်းထားများထက် ပိုမိုကောက်ခံလျက်ရှိကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

“ကျွန်တော်က မင်္ဂလာဒုံ ပုလဲဘက်ကနေ အလုပ်လာဆင်းတာပါ၊ ကျွန်တော်တို့အလုပ်က သင်္ကြန်တွင်းလည်း ဆင်းရတယ်၊ ဖယ်ရီကားရယ်လို့ မရှိပါဘူး၊ ခုကျွန်တော်ရုံးကိုလာတာ ခါတိုင်းဆို ငွေကျပ် ၄၀၀ လောက်နဲ့ ရောက်ပါတယ်၊ ဒီနေ့ သင်္ကြန်အကြိုနေ့မှာ ငွေကျပ် တစ်ထောင်လောက်ကုန်မှပဲ ရုံးရောက်ပါတယ်၊ YBS ကားတွေက တချို့ပုံမှန်ဈေးပဲတောင်းပေမယ့် တချို့ယာဉ်လုပ်သားတွေက ပေါ်တင်ပဲ ပိုပြီးတောင်းယူကြတယ်၊ သက်ဆိုင်ရာက ထုတ်ပြန်ထားလည်း တချို့ ငွေပုံးထဲတောင် မထည့်ခိုင်းပါဘူး၊ ပေါ်တင်ပဲ ဘယ်လောက်ကျတယ်ဆိုပြီး တောင်းပါတယ်၊ ကျွန်တော်ကတော့ အခု လမ်းကြောင်းတစ်ခုကို ငွေကျပ်ငါးရာ ပေးခဲ့ရတယ်”ဟု ရုံးဝန်ထမ်းတစ်ဦးဖြစ်သည့် ဦးဝင်းနိုင်က ပြောသည်။




ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) က ယခုနှစ်သင်္ကြန်ကာလ ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများအဆင်ပြေရန် YBS ယာဉ်လိုင်းပေါင်း ၆၀ ကျော်ဖြင့် ယာဉ်အစီးရေ ၇၆၉ စီးဖြင့် ပြေးဆွဲပေးရန် စီစဉ်ခဲ့သည်။ သတ်မှတ်နှုန်းထားများထက် ပိုမိုကောက်ခံမှုမပြုရန်နှင့် မူးယစ်သောက်စားပြီး မောင်းနှင်မှုမပြုရန် စသည်ဖြင့် စည်းကမ်းများ ချမှတ်ခဲ့သော်လည်း ယနေ့အကြိုနေ့တွင် လိုက်နာမှုမရှိဘဲ ယခင်နှစ်များနည်းတူ သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံမှုများ ပြုနေသည်ကို တွေ့မြင်နေရသည်။

“စီးနိုင်ရင်စီး၊ မစီးနိုင်ရင် မလိုက်နဲ့လို့တောင် ပြောလိုက်သေးတယ်၊ ကျွန်တော်တို့က ဒီသင်္ကြန်ရက်တွေမှာ သတ်မှတ်နှုန်းထားအတိုင်း မမောင်းနိုင်ဘူး၊ ခရီးသည်တွေလည်း မစီးနိုင်ရင် မစီးကြနဲ့၊ သူ့ကြည့်ရတာလည်း မူးနေတယ်၊ ကားပေါ်တက်ကတည်းက ဘယ်စီးစီး ငွေကျပ်ငါးရာ ပေးစီးရမယ်လို့ ပြောတာ၊ လိုင်းကားတွေကလည်း ကားတွေအများကြီး စီစဉ်ပေးထားတယ်လို့သာပြောတာ၊ သိပ်ထွက်တာလည်း မတွေ့ရပါဘူး”ဟု တောင်ဒဂုံမှ တာမွေသို့ လိုက်ပါစီးနင်းလာသော ခရီးသည် ဒေါ်သော်တာက ပြောသည်။

ယခုနှစ် သင်္ကြန်ကာလတွင်း YRTA အနေဖြင့် ခရီးသည်များ အဆင်ပြေစေရန် ယာဉ်စီးရေကို ယခင်နှစ်များထက် ပိုမိုတိုးချဲ့ပြေးဆွဲခဲ့သော်လည်း တချို့ခရီးစဉ်များမှာ ပြေးဆွဲမည့်ယာဉ်များမရှိဘဲ ယာဉ်လမ်းကြောင်းပင် ပျောက်နေပြီး အဆိုပါ ခရီးစဉ်လမ်းကြောင်းများ၌ အောက်ဆိုက်ကားများသာ ပြေးဆွဲလျက်ရှိသည်။ YBS ယာဉ်လိုင်းအများစုမှာမူ ပုံမှန်ဈေးနှုန်းအတိုင်း ပြေးဆွဲမှုများရှိသော်လည်း စည်းကမ်းဖောက်ဖျက် YBS ယာဉ်လိုင်းအချို့မှာ သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံမှုများရှိနေကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော YBS ယာဉ်လိုင်းများအနေဖြင့် သင်္ကြန်တွင်းကာလတွင် ယာဉ်စီးခ ပိုမိုတောင်းခံခြင်းများရှိပါက YRTA နှင့် စည်းကမ်းထိန်းသိမ်းရေး Hot Line ဖုန်းများဖြစ်သော ၀၉-၄၄၈၀၄၇၁၄၉ နှင့် ၀၉-၄၄၈၀၄၇၁၅၄ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ ထုတ်ပြန်ထားသော်လည်း တချို့ YBS ယာဉ်လိုင်းများက ငွေပိုတောင်းခံမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# မင်္ဂလာဒုံမြို့နယ် မြန်မာ့ရိုးရာရေကစားမဏ္ဍပ်ဖွင့်

**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်၏ ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) ညနေက မင်္ဂလာဒုံမြို့နယ် အမှတ် ၃ လမ်းမကြီး ရွှေနံ့သာအုပ်စု ပုလဲလမ်းဆုံအနီး၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ရေကစားမဏ္ဍပ်ဖွင့်ပွဲတွင် မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာမိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဝေနှင့် Auto Dynasty J.V Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ Mr. Yang Jun Wei တို့က မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရေပက်ကစားကြသော ပြည်သူများအား လက်ဆောင်ပစ္စည်းများ ဝေငှပေးကြသည်။

**မြန်မာ့အလင်း**



# ရွှေပြည်သာမြို့နယ်တွင် အဆောင်အတွင်းဝင်ရောက်ခိုးယူသူအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၃**

ရွှေပြည်သာမြို့နယ် အမှတ် ၂၇ စမ်းချောင်းလေးရပ်ကွက်ရှိ အဆောင်အတွင်းသို့ ဝင်ရောက်ခိုးယူခဲ့သူအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၀ ရက် နံနက် ၉ နာရီခွဲက ရွှေပြည်သာမြို့နယ် အမှတ် ၂၇ စမ်းချောင်းလေးရပ်ကွက်နေ ဒေါ်----- သည် ဈေးသို့သွားပြီးနောက် ၎င်းငှားရမ်းနေထိုင်သည့် အဆောင်အခန်းသို့ ပြန်လည်ရောက်ရှိစဉ် နောက်ဖေးတံခါး ပွင့်နေ၍ ပစ္စည်းများအား စစ်ဆေးရာ ၎င်းကိုင်ဆောင်သော ပိုက်ဆံအိတ်အတွင်း ထည့်ထားသည့် ရွှေလက်ကောက် ၂၇ ကွင်း (အလေးချိန် ၃၁ ဒသမ ၇၅ ကျပ်သား) တန်ဖိုးငွေကျပ် ၃၁၁၁၅၀၀၀ တို့ ပျောက်ဆုံးသွားသဖြင့် လှော်ကားနယ်မြေရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မှူးရုံး မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များက အဆိုပါအဆောင်တွင် ငှားရမ်းနေထိုင်သူများအား စုံစမ်းခဲ့ရာ လွန်ခဲ့သော ရက် ၂၀ ခန့်က ပြောင်းရွှေ့လာသည့် သောင်းအေး (ခ)မျိုးကျော် (၃၉ နှစ်) မှာ အခင်းဖြစ်ပွားပြီးနောက် အဆောင်တွင် နေထိုင်ခြင်းမရှိတော့ဘဲ အခန်းသော့အား အပ်နှံကာထွက်သွားကြောင်း စုံစမ်းသိရှိခဲ့ရသည်။

ခိုးမှုကျူးလွန်ကြောင်း မသင်္ကာသူ သောင်းအေး (ခ)မျိုးကျော်အား ယင်းနေ့ည ၈ နာရီတွင် ၎င်းငှားရမ်းနေထိုင်သည့် အဆောင်သို့ပြန်လာစဉ် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီက အခန်းချင်းကပ်နေ ဒေါ်----၏ ရွှေလက်ကောက် ၂၇ ကွင်းအား ခိုးယူ၍ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နေ ညီမဖြစ်သူ၏ နေအိမ်မီးဖိုခန်းတွင် သိမ်းဆည်းထားကြောင်း စစ်ဆေးသိရှိရသဖြင့် ဥပဒေနှင့်အညီ အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ပင်လယ်ပြင် လှိုင်းပုတ်ခတ်မှုကြောင့် ခရီးသည်တင်စက်လှေတစ်စင်းနစ်မြုပ်

**မြိတ် ဧပြီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်မီးပြတိုက်၏ အနောက်ဘက် ပေ ၅၀၀ ခန့်အကွာ ပင်လယ်ပြင်၌ ဧပြီ ၁၂ ရက် မွန်းလွဲ ၂ နာရီ ခွဲခန့်က ခရီးသည်တင်စက်လှေ တစ်စင်း လှိုင်းပုတ်ခတ်မှုကြောင့် နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့ ရေပုန်းနယ်မြေ ကမ်းနားလမ်း ဆန်းဒါးလှေဆိပ်မှ လှေပိုင်ရှင် ဦးသူရ (၃၀ နှစ်)သစ်ယာဝကျေးရွာနေသူ မောင်းနှင်သည့် အလျား ၄၂ ပေ၊ အနံ ကိုးပေ၊ ရေစူးလေးပေ၊ မြင်းကောင်ရေ ၁၀ ကောင်စက်နှစ်လုံး တပ်ဆင်ထားသည့် သစ်သားလှေပေါ်တွင် ရေခဲတုံး ၃၂၀၊ ငါးဂါလန်ဒီဇယ်ပုံး ၈၀ နှင့် ခရီးသည် အမျိုးသားခြောက်ဦး၊ အမျိုးသမီးတစ်ဦး တင်ဆောင်၍ ဆန်းဒါးလှေဆိပ်မှ သစ်ယာဝကျေးရွာသို့ ထွက်ခွာခဲ့ရာ ဧပြီ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မြိတ်မြို့ ကလွင်မီးပြတိုက်အနောက်ဘက် ပေ ၅၀၀ ခန့် အရောက် ပင်လယ်ပြင်တွင် ရုတ်တရက်လှိုင်းပုတ်ခတ်မှုကြောင့် စက်လှေနစ်မြုပ်သွားကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ရေကြောင်းရဲတပ်ဖွဲ့စု(မြိတ်)မှ ရေယာဉ်ဖြင့် ရဲအုပ်နေမျိုးလတ် ဦးစီးတပ်ဖွဲ့ဝင်များက သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး စက်လှေပေါ်ပါခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း လှေပေါ်ပါပစ္စည်းများ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

# မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးအဖွဲ့ အထောက်အထားမတင်ပြနိုင်သည့် ကုန်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဧပြီ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၃ စီး၊ သွင်းကုန် ၈၄၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ရှစ်စီး၊ သွင်းကုန် ၂၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် TV (Used)၊ Refrigerator (Used)၊ Alplifier (Used) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်ကို တွေ့ရစဉ်။**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၆ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၅၄ သန်းခန့်၊ စုစုပေါင်း တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၁၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၁၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Canter ခြောက်ဘီးမော်တော်ယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် TV (Used) (Associated Size & Brand)(68)U၊ Refrigerator (Used) (Associated Size & Brand)(56)U ၊ Alplifier (Used) (Associated Size & Brand) (11)U နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ ဒသမ ၀၄၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒလမြို့နယ်၌ စက်ဘီးစီးနင်းသူကို ဆိုင်ကယ်ဝင်တိုက်မိ၍ ဒဏ်ရာရ

**ဒလ ဧပြီ ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သပြေကုန်းကျေးရွာ နိဗ္ဗာန်လမ်းထိပ်နှင့် ဒလ-ပျော်ဘွယ်ကြီးလမ်းဆုံပေါ်တွင် စက်ဘီးဖြင့် ရွာလမ်းထဲ ချိုးကွေ့စဉ် အနောက်မှ ဆိုင်ကယ်ဖြင့် ဝင်တိုက်မိသဖြင့် စက်ဘီးစီးနင်းသူ ဒဏ်ရာများရရှိကာ ရန်ကုန်ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသနေရသည်။

သတင်းအရ ဒလမြို့နယ် ပျော်ဘွယ်ကြီးနယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်သူက ဧပြီ ၁၂ ရက် ညနေ ၄နာရီခွဲတွင် သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာနတွင် အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် တက်ရောက်ကုသနေသူမှာ သပြေကုန်းကျေးရွာနေ ကိုဝင်းထွန်း (၃၃ နှစ်)သဲကွင်းလုပ်သားဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဧပြီ ၁၁ ရက် ည ၈နာရီခွဲက ကိုဝင်းထွန်းသည် ဒလမြို့ထဲမှ သပြေကုန်းကျေးရွာသို့ ဒလ-ပျော်ဘွယ်ကြီးလမ်းအတိုင်း မြောက်မှ တောင်သို့ဦးတည်၍ တစ်ဦးတည်းစက်ဘီးစီးနင်းလာရာ ရွာထိပ်အရောက် နိဗ္ဗာန်လမ်းထဲချိုးကွေ့လိုက်စဉ် နန်းဝင်းထွဋ် (၁၉ နှစ်) သရောတန်းကျေးရွာနေသူ မောင်းနှင်လာသော ၅ဝယ/ ----- ဆိုင်ကယ်ဖြင့် လားရာတူနောက်မှ ဝင်တိုက်မိသောကြောင့် ဝင်းထွန်း (၃၃ နှစ်)တွင် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုင်ကယ်မောင်းနှင်သူ နန်းဝင်းထွဋ် (၁၉ နှစ်)က ၎င်းအား နေအိမ်သို့ပို့ပေးခဲ့ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်ပြီး ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းက ဆိုင်ကယ် မဆင်မခြင်မောင်းနှင်သူ နန်းဝင်းထွဋ်အား အမှုဖွင့်အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဌေး (ဒလ)**

# ကောလင်းမြို့နယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ဖမ်းမိ

**ကောလင်း ဧပြီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျောက်မော်ကျေးရွာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၂ ရက် ည ၉နာရီခွဲခန့်က ကောလင်းမြို့မရဲစခန်းမှ ဒုရဲအုပ် အောင်မျိုးထွန်း ခေါင်းဆောင်သောရဲတပ်ဖွဲ့ဝင်များသည် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ဖြိုးဝေနှင့်အတူ ကောလင်း - ကျောက်တန်းသွားကားလမ်းပေါ်ရှိ ကျောက်မော် ကျေးရွာစာသင်ကျောင်းအနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် အိုက်စိုင်း (ခ) အိုက်ထွန်းဆိုသူ မောင်းနှင်လာသောဆိုင်ကယ်ကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ စစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ အိုက်စိုင်း(ခ) အိုက်ထွန်း ဟိုချက်ကျေးရွာ ခန်းပတ်အုပ်စု မန်တုံမြို့နယ်နေသူအား ကောလင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**လှအောင် (ကသာ)**

# သံတောင်ကြီးမြို့၌ အစာအဆိပ်သင့်မှုကြောင့် တစ်ဦး သေဆုံး

**နေပြည်တော် ဧပြီ ၁၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့ (၃)ရပ်ကွက်နေ စောဝီလီမီဂျက်ဆင် (၁၃ နှစ်) သည် ချောင်းအတွင်းတွေ့ရှိသည့် ဖားတစ်ကောင်ကို ချက်စားစဉ် အစာအဆိပ်သင့်၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ၁၂ ရက် မွန်းလွဲ ၃ နာရီက စောဝီလီမီဂျက်ဆင် (၁၃ နှစ်)သည် ၎င်း၏ဖခင်နှင့်အတူ မြို့မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဘယ်နေချောင်းအနီး ဟင်းသီးဟင်းရွက်သွားခူးစဉ် ချောင်းအတွင်းမှ ဖားတစ်ကောင် တွေ့ရှိသဖြင့် ဖမ်းခဲ့ပြီး နေအိမ်၌ မိသားစုဝင်လေးဦးတို့ ချက်ပြုတ်စားသောက်ခဲ့ကြောင်း၊ ယင်းနောက်တွင် မိသားစုလေးဦးစလုံး အော့အန်ပြီး စောဝီလီမီဂျက်ဆင်မှာ သတိလစ်သွားသဖြင့် ရပ်ကွက်နေသူများက သံတောင်ကြီးဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားခဲ့ကာ ဦးဖီလေးကို(၅၀ နှစ်)ပါ သုံးဦးတို့မှာ ဆေးရုံ၌ ဆေးကုသလျက်ရှိပြီး သံတောင်ကြီးမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဘုရားဖူးယာဉ်တိမ်းမှောက်မှုကြောင့် ၁၉ ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၁၃**

နေပြည်တော် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၂၂၇/၅-၆ ကြား၌ ဧပြီ ၁၂ ရက် နံနက် ၇ နာရီခွဲက နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းရပ်ကွက်နေ ဝင်းကြိုင် (၄၁ နှစ်) မောင်းနှင်လာသည့် 8H/-----လိုက်ထရပ် ဘုရားဖူးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားလမ်းပေါ်သို့ ရောက်ရှိတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ အရာတော်မြို့နယ် ထန်းကြီးကျေးရွာနေ ရဲမင်းသူ (၂၀ နှစ် )အပါအဝင် ၁၉ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ယာဉ်မောင်း ဝင်းကြိုင်အား ဘုရားတောင်အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# သထုံမြို့နယ်၌ ယာဉ်တိုက်မှုကြောင့် နှစ်ဦးသေ၊ ခုနစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဧပြီ ၁၃**

သထုံမြို့နယ် မြေနီကုန်းကျေးရွာ သထုံ-ရန်ကုန်ကားလမ်း မိုင်တိုင် ၁၄၆/၅-၆ ကြား၌ ဧပြီ ၁၂ ရက် နံနက် ၉ နာရီ မိနစ် ၅၀ က ယာဉ်တိုက်မှုကြောင့် နှစ်ဦးသေ၊ ခုနစ်ဦးဒဏ်ရာများ ရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၂ ရက် နံနက် ၉ နာရီ မိနစ် ၅၀ က သထုံမြို့မှ ဘီးလင်းမြို့ဘက်သို့ ဘားအံမြို့နယ် သာမညကျေးရွာနေ ဇင်မျိုးအောင်(၃၃ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ မောင်ဘဏ် (၂၉ နှစ်) လိုက်ပါလာသည့် YGN 7I/---- Canter ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ဘီးလင်းမြို့မှ သထုံမြို့ဘက်သို့ သထုံမြို့နယ် အလံတစ်ရာကျေးရွာနေ စိုးနိုင် (၄၅ နှစ်) မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ခြောက်ဦး လိုက်ပါလာသည့် FF/-----Probox ယာဉ်နှင့် မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် Canter ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး Probox ယာဉ်ပေါ်ပါ သထုံမြို့နယ် လေသာကုန်းကျေးရွာနေ မခီမီလာ (၃၄ နှစ်) ပါ နှစ်ဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး စိုးနိုင်ပါ ငါးဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဇင်မျိုးအောင်အား သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုကြောင့် ခုနစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဧပြီ ၁၃**

မော်လမြိုင်ကျွန်းမြို့နယ် ဝက်ကွင်းကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကျွန်းကားလမ်း မိုင်တိုင် ၃၄/၃၅ ကြား၌ ဧပြီ ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်နေ ကြွေနိုင်အေး (၄၅ နှစ်) မောင်းနှင်ပြီး ခရီးသည် ၁၃ ဦး လိုက်ပါလာသည့် 9L/---- Nissan ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်မောင်း ကြွေနိုင်အေးပါ ခုနစ်ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ကြွေနိုင်အေးအား ကျိုက်ပိနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# စင်ကာပူ ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့ အောင်မြင်မှုရရှိ

**ရန်ကုန် မေ ၁၃**

စင်ကာပူပြေးခုန်ပစ်ပြိုင်ပွဲက ကြီးမှူး ကျင်းပသည့် ၂၀၁၈ စင်ကာပူအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲကို မေ ၁၁ ရက်၊ ၁၂ ရက်က ကျင်းပရာ မြန်မာပြေးခုန်ပစ်အဖွဲ့က ရွှေနှစ်ခု၊ ကြေးသုံးခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့သည် ကစားသမားငါးဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို ကီလို ၂၀ လမ်းလျှောက် အမျိုးသားပြိုင်ပွဲတွင် ပြည့်ဖြိုးထွန်း၊ အမျိုးသမီးပြိုင်ပွဲတွင် သီသီအောင်၊ ကြေးတံဆိပ်ဆုများကို မီတာ ၈၀၀ အမျိုးသမီး ပြိုင်ပွဲမှ အေးအေးအောင်၊ မီတာ ၅၀၀၀ အမျိုးသားပြိုင်ပွဲမှ ဆန်းနိုင်၊ မီတာ ၁၅၀၀ အမျိုးသမီးပြိုင်ပွဲမှ အေးအေးအောင်တို့က ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် အာဆီယံ၊ အာရှနှင့် စင်ကာပူနိုင်ငံမှ ကလပ်အသင်း စုစုပေါင်း ၂၀ မှ ကစားသမား ၂၀၀ ဝန်းကျင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့သည် ယင်းပြိုင်ပွဲတွင် နှစ်စဉ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုများရယူနိုင်ခဲ့ကာ ယခုပြိုင်ပွဲကိုလည်း ၂၀၁၉ ခုနှစ် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ရဲရင့်ရှိုင်း**

# AFC Cup ပြိုင်ပွဲတွင် စောင့်ကြည့်ရမည့် ရန်ကုန်အသင်း

**ရန်ကုန် မေ ၁၃**

၂၀၁၈ AFC Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ရန်ကုန်အသင်းသည် ပြိုင်ပွဲဝင်အသင်းများတွင် ပထမဆုံး အာဆီယံဇုန် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ပြီး ပြိုင်ဘက်အသင်းများ၏ စောင့်ကြည့်ရမည့်စာရင်းတွင် ပါဝင်လာခဲ့သည်။

ယခုနှစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြုကလပ်အသင်းများအဖြစ် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး လက်ကျန်တစ်ပွဲအလိုတွင် ရန်ကုန်အသင်းက အုပ်စုပထမရကာ အာဆီယံဇုန် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် ၂၀၁၇ ခုနှစ်မှစ၍ ပြိုင်ပွဲပုံစံပြောင်းလဲခဲ့ပြီး အာဆီယံ ကိုယ်စားပြု ကလပ်အသင်းများသည် အုပ်စု (F၊ G၊ H) ပါဝင်ပြီး အုပ်စုပထမသုံးသင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယတစ်သင်းတို့သာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည် ဖြစ်သည်။ အာဆီယံဇုန်တွင် ဗိုလ်စွဲသည့်အသင်းမှာ နောက်ဆုံးအဆင့်သို့ တက်ရောက် ခွင့်ရမည်ဖြစ်ပြီး အခြားဇုန်မှ ဗိုလ်စွဲသည့်အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် လူငယ်နည်းပြ ဦးမျိုးမင်းထွန်းလက်ထက်တွင် ပုံစံကောင်းပြသနေပြီး ပြည်တွင်းလိဂ်ပြိုင်ပွဲတွင်လည်း ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ရန်ကုန်အသင်းသည် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၀ အပြီးတွင် ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ၂၃ မှတ်ဖြင့် ဦးဆောင်နေခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် သင်္ကြန်အပြီး ပြန်လည်ကျင်းပမည့် ပွဲစဉ် ၁၁ တွင် Southern အသင်းကို အဝေးကွင်း၌ သရေ(သို့) အနိုင်ကစားနိုင်ပါက ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပြီး ရှုံးနိမ့်ခဲ့လျှင်လည်း မကွေးနှင့် ရှမ်းအသင်းတို့ ဂိုးပြတ်နိုင်ပွဲများရမှသာ ထိပ်ဆုံးနေရာ အပြောင်းအလဲဖြစ်ပေါ်မည်ဖြစ်သည်။

ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင် အုပ်စု (G) ၌ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)၊ ဂလိုဘယ် (ဖိလစ်ပိုင်)၊ ထန်ဟွာ (ဗီယက်နမ်) တို့နှင့် ကျရောက်ခဲ့ပြီး ငါးပွဲကစားအပြီးတွင် လေးပွဲနိုင်၊ တစ်ပွဲရှုံး ၁၂ မှတ်ရခဲ့သည်။ အုပ်စုများထွက်ပေါ်အပြီးတွင် ရန်ကုန်အသင်းသည် နောက်တစ်ဆင့် တက်ရောက်နိုင်ရန် ရုန်းကန်ရမည်ဟု သုံးသပ်မှုများရှိခဲ့သော်လည်း အိမ်ကွင်းသုံးပွဲစလုံး အနိုင်ရခဲ့ပြီး အာဆီယံဇုန် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ဘာလီယူနိုက်တက်ကို အိမ်ကွင်းတွင် သုံးဂိုး-နှစ်ဂိုး၊ အဝေးကွင်းတွင် သုံးဂိုး-တစ်ဂိုး၊ ထန်ဟွာအသင်းကို အိမ်ကွင်းတွင် နှစ်ဂိုး-တစ်ဂိုး၊ ဂလိုဘယ်အသင်းကို အိမ်ကွင်းတွင် သုံးဂိုးပြတ်အနိုင်ရခဲ့ပြီး ဂလိုဘယ်အသင်းကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲများ မပြီးဆုံးသေးသောကြောင့် ရန်ကုန်အသင်းနှင့် ဆီမီးဖိုင်နယ်တွင် တွေ့ဆုံမည့်အသင်း ထွက်ပေါ်ခြင်း မရှိသေးဘဲ အာဆီယံဇုန် ဆီမီးဖိုင်နယ် ပွဲစဉ်များကို မေလတွင် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲစဉ်မဲခွဲ ဘိုင်ယန်မြူးနစ်နှင့် ရီးရဲမက်ဒရစ်၊ လီဗာပူးနှင့် ရိုးမား တွေ့ဆုံ ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲစဉ် အာဆင်နယ်နှင့် အက်သလက်၊ မာဆေးနှင့် ဆာ့လ်ဘာတ် ယှဉ်ပြိုင်မည်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲစဉ်များကို ဧပြီ ၁၃ ရက် ညနေပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့၌ မဲနှိုက်ရွေးချယ်ခဲ့သည်။

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲစဉ်သို့ နိုင်ငံလေးနိုင်ငံမှ တစ်သင်းစီတက်ရောက်ခဲ့ပြီး ဂျာမန်ထိပ်သီးကလပ် ဘိုင်ယန်မြူးနစ်နှင့် စပိန်ထိပ်သီးကလပ် ချန်ပီယံလိဂ် နှစ်နှစ်ဆက်တိုက်ချန်ပီယံ ရီးရဲမက်ဒရစ်တို့တွေ့ဆုံခဲ့ပြီး အင်္ဂလန်ကလပ်လီဗာပူးနှင့် အီတလီကလပ်ရိုးမားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၂၄ ရက်နှင့် ၂၅ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မေ ၁ ရက်နှင့် ၂ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲစဉ်သို့ တက်ရောက်လာသော အသင်းလေးသင်းသည် ဧပြီ ၁၃ ရက် နံနက်ပိုင်းက ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ခဲ့ရာတွင် မာဆေးသည် လိုက်ပ်ဇစ်ကို နှစ်ကျော့ပေါင်း ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အာဆင်နယ်က CSKA မော်စကိုအား နှစ်ကျော့ပေါင်း ခြောက်ဂိုး-သုံးဂိုး၊ အက်သလက်တီကိုက စပို့တင်းကို နှစ်ကျော့ပေါင်း နှစ်ဂိုး-တစ်ဂိုး၊ ဆာ့လ်ဘာတ်က လာဇီယိုကို နှစ်ကျော့ပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယူအီးအက်ဖ်အေချန်ပီယံလိဂ် အကြိုဗိုလ်လု ပွဲစဉ်များ မဲနှိုက်အပြီးတွင် ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲစဉ်များကို ဆက်လက်ရွေးချယ်ခဲ့သည်။ ပြင်သစ်ကလပ်မာဆေးသည် ဩစတြီးယားကလပ်ဆာ့လ်ဘာတ်နှင့် တွေ့ဆုံခဲ့ပြီး အင်္ဂလန်ကလပ် အာဆင်နယ်က စပိန်ကလပ် အက်သလက်တီကိုနှင့် တွေ့ဆုံခဲ့သည်။ ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲစဉ်များကို ဧပြီ ၂၆ ရက်တွင် ပထမအကျော့ပွဲစဉ်အဖြစ် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မေ ၃ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**သီဟ**


# သတိပေးနှိုးဆော်ချက်

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ဌာပနာတော်တိုက်အတွင်းမှ မြတ်ဗုဒ္ဓဆံတော်မြတ်အား ၁၉-၄-၂၀၁၈ ရက်နေ့ ၀၅း၄၀ အချိန်မှစ၍ လေးဆူဓာတ်တော်ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဂိုဏ်းပေါင်းစုံ သံဃာအပါး ၄၅၀၀ တို့ဖြင့် ဦးဆောင်၍ ဗိုလ်တထောင်ဘုရားလမ်း၊ ကမ်းနားလမ်း၊ သိမ်ဖြူလမ်း၊ ကန်ရိပ်သာလမ်း၊ နတ်မောက်လမ်း၊ ဗဟန်းကြားတောရလမ်းအတိုင်း (ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်)ခြေလျင်ပြည်တော်ဝင် ပင့်ဆောင်အပူဇော်ခံမည်ဖြစ်ပြီး ၂၄-၄-၂၀၁၈ ရက်နေ့ ၁၄း၃၄ အချိန်တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်သို့ အထက်ဖော်ပြပါလမ်းကြောင်းအတိုင်း ပြည်တော်ပြန်ပင့်ဆောင်မည်ဖြစ်ပါ၍ ယာဉ်မောင်းနှင်သူများအနေဖြင့် သတိပြုမောင်းနှင်ခြင်းဖြင့် ကုသိုလ်ယူကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**


# မြန်မာ့ရုပ်မြင်သံကြား

၁၄-၄-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၁၀ - **ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာမဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာကထိက ဗဟုဇနဟိတဓရ)၊ သဒ္ဓမ္မသီတဂူချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝဂ်ဥပေါ်သထသီလ ခံယူဆောက်တည်ခြင်း**
- ၉း၃၀ - အေးချမ်းပျော်ရွှင် မဟာသင်္ကြန်တွင် (အပိုင်း-၆)
- ၁၀း၀၀ - ၁၃၇၉ ခုနှစ်၊ မဟာသင်္ကြန် မြင်ကွင်းစုံ ထုတ်လွှင့်မှု အစီအစဉ်
- ၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **မောင်တို့ချယ်ရီမြေ** (ဝင်းဦး၊ ခင်သန်းနု) (ဒါရိုက်တာ- ဦးတင်ယု)
- ၁၄း၄၀ - ကျန်းမာရေးမဂ္ဂဇင်း အပူဒဏ် အန္တရာယ် သိကောင်းစရာ
- ၁၅း၁၅ - ဘုံတလာရေတံခွန်သို့ အလည်တစ်ခေါက်
- ၁၅း၄၀ - **ငြိမ်းချမ်းရေးဂီတ အတာသင်္ကြန်နွဲပျော်ကြ (၁)**

**ညပိုင်း**

- ၁၆း၀၀ - ၁၃၇၉ ခုနှစ်၊ မဟာသင်္ကြန်မြင်ကွင်းစုံ ထုတ်လွှင့်မှု အစီအစဉ်
- ၁၈း၂၀ - **ချစ်စရာ့တာသင်္ကြန်(၂)**
- ၁၉း၂၅ - **ပန်းတွေနဲ့ဝေ တန်ခူးအလှနှင့်နွေ**
- ၁၉း၄၅ - **ငြိမ်းချမ်းရေးဂီတ အတာသင်္ကြန်နွဲပျော်ကြ (၂)**
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၂၀း၃၅ - **မြန်မာ့ရိုးရာ အတာသင်္ကြန်** (အကျနေ့)
- ဂီတသမား၊ ဂီတစကား **မန်းတောင်ရိပ်ခို ဖန်တီးသူများ**
- မြန်မာဗီဒီယို ဇာတ်လမ်း **ငယ်ကျွမ်းဆွေ** (ဇာတ်သိမ်းပိုင်း) (ရဲအောင်၊ ဇော်ဝမ်း၊ မေသန်းနု) (ဒါရိုက်တာ- ဗိုလ်ကလေးတင့်အောင်)


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/2828 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2888 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2888 , Toyota Landcruiser VDJ 200, S/W(4x4) L.H.D ယာဉ်လက်ဝယ်ရှိသူ ဦးသီဟနိုင် ၁၂/သလန(နိုင်)၁၄၀၁၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ စေတနာ ၃လမ်း၊ မြေကွက်အမှတ် (၁၄၆၈)၊ဒေါ်သန်းသန်းဦး အမည်ပေါက်သည့် နှစ်(၆၀) မြေငှားဂရန်ပါ၊ မြေအကျယ် ပေ(၃၈×၆၀) အနက်မှ ခြေရင်းဘက်ခြမ်း၊ မြေအကျယ် ပေ(၁၉×၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့မှာ ဒေါ်ခင်မိုးအေးမှ ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဒေါ်အန်ထော်နီမာမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့်ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အန်ထော်နီမာ၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်နီထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၄၄၃၃၉)**
**အမှတ် (၆၄၀/ခ)သမိန်ဗရမ်းလမ်း၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၅၀၅၄၁၂၆၊၀၉-၄၂၁၁၄၅၆၃၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမည်ပေါက် ဦးစံသိန်း ၁၂/ဥကမ(နိုင်) ၁၁၀၈၂၂၊ မြေတိုင်းရပ်ကွက်(၈)၊ ဥဒ္ဒနာ ၆ လမ်း၊ မြေကွက်အမှတ် ၁၉၁၁/၂၊ အကျယ် (၆၀'×၂၀')ရှိ နှစ် ၆၀ ဂရန်အိမ်မြေကွက်နှင့် သီးပင်စားပင်အားလုံးကို သားဖြစ်သူမှ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်သိန်း ၁၂/ဥကမ(နိုင်)၁၀၉၃၆၉ ထံမှ ကျွန်တော်ဦးအောင်ကိုချစ် ၈/ပခက(နိုင်)၂၂၀၅၁၀ သည် အပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေကွက်နှင့် ပတ်သက် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အောင်ကိုချစ်**
**၈/ပခက(နိုင်)၂၂၀၅၁၀**
**ဖုန်း-၀၉-၄၂၁၀၂၃၅၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၉)၊ မင်းရဲကောင်းပုံလမ်း၊ မြေကွက်အမှတ်(၅၁၁)၊ အလျားပေ(၄၀)၊ အနံပေ (၆၀)ခန့်အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက် ဒေါ်သင်းသင်းမူ ၁၂/မရက(နိုင်)၀၇၆၈၀၈ ထံမှတစ်ဆင့် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်သည်ဆိုသူ ဒေါ်ကြည်ကြည်လွင် ၇/သနပ(နိုင်) ၁၁၁၆၅၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍အထက်ဖော်ပြပါ မြေကွက်နှင့် သက်ဆိုင်သူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာပိုင်ဆိုင်ကြောင်း စာမှတ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးစီးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးသက်ကိုကို LL.B၊ စဉ်(၂၇၂၂၆)၊ ဦးပြည့်ဖြိုးပိုင် LL.B၊ စဉ်(၄၈၄၂၇)**
**(အထက်တန်းရှေ့နေများ)**
**အမှတ် ၆၈၄၊ ကျန်စစ်သားလမ်း၊ (၁၀၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၄၃၀၈၃၂၀၅၊ ၀၉-၂၅၂၂၆၈၉၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် ၊ (၅) ရပ်ကွက်၊ သိင်္ဂီ(၁)လမ်း၊ အမှတ် (၂၈၇/ခ)၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ ဒေါ်ကျင်မြ(၁၂/သကတ (နိုင်) ၀၁၈၁၃၅) အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်သန်း(၁၄/ကပန(နိုင်) ၀၁၀၃၈၁)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**Hein Htet San Law Firm**

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ တိုက်(၁)၊ အခန်း ၃၄ အား ရောင်းချပိုင်ခွင့်ရှိသည်ဟုပြောဆိုသူ ဦးကျော်အောင်လင်း ၁၂/ကတတ(နိုင်)၀၀၃၇၀၂ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မျိုးသူ(စဉ်-၁၁၃၅)၊ ဦးသန်းဌေး(စဉ်-၁၁၉၈၉)၊**
**ဦးကျော်မြင့်ထွန်း(စဉ်-၁၃၀၇၉)**
**တရားလွှတ်တော်ရှေ့နေများ**
**အခန်းအမှတ်(၁၅-အေ)၊ ပထမထပ်၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၈၈၃၈၃၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၇၄/၇၆၊ အခန်းအမှတ် ၂၄ ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းအေး ၁၂/ဗဟန(နိုင်)၀၅၄၉၈၀ မှ တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ် (Owner Book) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# ဆီးရီးယားဓာတုလက်နက်တိုက်ခိုက်ခံရမှုအပေါ် တုံ့ပြန်ဆောင်ရွက်မည့် အမေရိကန်၏ဆုံးဖြတ်ချက်ချမှတ်တော့မည်ဖြစ်ကြောင်း ဒေါ်နယ်ထရန့်ပြောကြား



**ဝါရှင်တန် မေ ၁၃**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ဆီးရီးယားအရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲကျင်းပတော့မည်ဖြစ်ကြောင်း၊ ဆီးရီးယား၌ သံသယဖြစ်ဖွယ်ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုအပေါ် အမေရိကန်၏တုံ့ပြန်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်များကို မကြာမီ အချိန်အတွင်း ချမှတ်တော့မည်ဖြစ်ကြောင်း ကြာသပတေးနေ့က ပြောကြားခဲ့သည်။

ဆီးရီးယားအရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့မိမိတို့ကျင်းပနေကြောင်း အိမ်ဖြူတော်၌ သတင်းထောက်များအား ထရန့်က ပြောကြားခဲ့သည်။ စစ်ပွဲဒဏ်ကိုခံစားနေရသည့် ဆီးရီးယားနိုင်ငံပေါ်တွင် အမေရိကန်က စစ်ရေးအရ ဆောင်ရွက်သွားရန်နှင့် ပတ်သက်သည့် အချိန်ကို အတိအကျပြောကြားရန် တွစ်တာပေါ်တွင် ထရန့်က ငြင်းဆန်ခဲ့ပြီးနောက် နာရီအနည်းငယ်အကြာတွင် ဆီးရီးယားရှိ ဒူမာ၌ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်နှင့်စပ်လျဉ်း၍ ထရန့်က ထိုသို့ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆီးရီးယားရှိ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ကယ်ဆယ်ရေးအဖွဲ့များနှင့် သူပုန်များက ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် စနေနေ့က ဒမတ်စကတ်မြို့အနီးရှိ သူပုန်များ သိမ်းပိုက်ထားရာ ဒူမာ၌ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုတွင် ကလိုရင်းဓာတ်ငွေ့ကို အသုံးပြုခဲ့ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

စွပ်စွဲချက်များကို ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ငြင်းဆန်ထားသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က ၎င်းအနေဖြင့် ဆီးရီးယား၌ ဓာတုလက်နက်ဖြင့်တိုက်ခိုက်ခံရမှု အသေအချာဖြစ်ပွားခဲ့သည်ဟု စွဲမြဲယုံကြည်ကြောင်း ကြာသပတေးနေ့နံနက်ပိုင်းက ကွန်ဂရက်လွှတ်တော်သို့ ပြောကြားခဲ့သည်။

ဆင်ဟွာ

## ဂျပန်နှင့် အမေရိကန်ထိပ်တန်းလုံခြုံရေးအကြံပေးပုဂ္ဂိုလ်နှစ်ဦးတို့ တွေ့ဆုံ

**ဝါရှင်တန် မေ ၁၃**

ဂျပန်နှင့်အမေရိကန် ထိပ်တန်းလုံခြုံရေး အကြံပေးနှစ်ဦးတို့သည် လာမည့် ရက်သတ္တပတ်တွင် ကျင်းပမည့် ဂျပန်နှင့် အမေရိကန် ထိပ်သီးအစည်းအဝေး မတိုင်မီ မြောက်ကိုရီးယားအရေးကို ကိုင်တွယ်ဆောင်ရွက်ရာတွင် နီးကပ်စွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြသည်။




ဂျပန်အမျိုးသားလုံခြုံရေး အတွင်းဝန်ရုံးအကြီးအကဲ ရှိတာယို ယာချီသည် ဂျွန်ဘော်လ်တန်နှင့် ကြာသပတေးနေ့ က အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့ သည်။ ဘော်လ်တန်သည် ယခု ရက်သတ္တ ပတ် အစောပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ဂျပန်နှင့် အမေရိကန်တို့၏ မဟာမိတ်ဆက်ဆံရေး အရေးကြီးကြောင်း သဘောတူညီခဲ့ကြသည်။ ပြုံယမ်းအရေးကို ခြုံငုံသုံးသပ်ဆောင်ရွက်ရာတွင် ဆိုးလ်နှင့် သုံးနိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်အတွက်လည်း သဘောတူညီခဲ့ကြသည်။

ယာချီသည် မြောက်ကိုရီးယားက ဂျပန်နိုင်ငံသားများကို အတင်းအကျပ်ခေါ်ဆောင်သွားသည့် အကြောင်းကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းဆွေးနွေးသွားရန်အတွက် နှစ်နိုင်ငံ ပထမဆုံးအကြိမ်အဖြစ်ကျင်းပမည့် ထိပ်သီးအစည်းအဝေး၌ မြောက်ကိုရီးယားကို တွန်းအားပေးသွားရန် အမေရိကန်ကို တောင်းဆိုမည်ဟု ယူဆရသည်။

တောင်ကိုရီးယား အမျိုးသားလုံခြုံရေးရုံးအဖွဲ့အကြီးအကဲ ချန်အွီယောင်သည်လည်း ဝါရှင်တန်၌ ဘော်လ်တန်နှင့်တွေ့ဆုံခဲ့ကြောင်းသိရသည်။ ၎င်းတို့သည် လာမည့်မေ ၂၇ ရက်တွင် ကျင်းပမည့် ကိုရီးယားနှစ်နိုင်ငံထိပ်သီးအစည်းအဝေးနှင့်ပတ်သက်၍ ဆွေးနွေးသွားကြမည်ဟု ယူဆရကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ကမ္ဘောဒီးယားအတိုက်အခံခေါင်းဆောင်ဟောင်း ဂျပန်၏အားပေးထောက်ခံမှုကို လိုလားနေ

**ဖနောင်ပင် မေ ၁၃**

ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးအတိုက်အခံ ပါတီခေါင်းဆောင်ဟောင်းသည် လာမည့် ဇူလိုင်လတွင် ဒီမိုကရက်တစ် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံကို အကူအညီပေးအပ်ပါရန် ဂျပန်နိုင်ငံအား တောင်းဆိုလိုက်ကြောင်း သိရသည်။

အတိုက်အခံခေါင်းဆောင်ဟောင်း ဆမ်ရိန်စီသည်ကြာသပတေးနေ့က တိုကျို၌ အင်န်အိတ်ချ်ကေ သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ ၂၀၁၇ ခုနှစ် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်အစိုးရ လက်အောက်တွင် ၎င်း၏ ကမ္ဘောဒီးယားအမျိုးသားကယ်ဆယ်ရေးပါတီကို ဖျက်သိမ်းခဲ့သည်။

ဆမ်ရိန်စီသည် အစိုးရ၏အပြုအမူကို အပြင်းအထန်ဝေဖန်ရှုတ်ချခဲ့သည်။ ၎င်းသည် ၂၀၁၅ခုနှစ်ကတည်းက ပြည်နှင်ခံခဲ့ရသည်။ ကမ္ဘောဒီးယားရှိ ပြည်သူများသည် ဝန်ကြီးချုပ်၏ သက်ဦးစံပိုင်စနစ်ဖြင့် အစားထိုးမှုကြောင့် ဒီမိုကရေစီစနစ် သေဆုံးခဲ့ရသည့်အဖြစ်ကို ထိုင်ကြည့်နေရကြောင်း ၎င်းကပြောကြားခဲ့သည်။

အကယ်၍ အပြောင်းအလဲတစ်စုံတစ်ရာမရှိခဲ့ပါက ရွေးကောက်ပွဲသည် အကျုံးမဝင်ကြောင်းနှင့် အတုအယောင်ရွေးကောက်ပွဲသာ ဖြစ်လာမည်ဖြစ်ကြောင်း ဆမ်ရိန်စီက ပြောကြားခဲ့သည်။ ၎င်းအနေဖြင့် ဒီမိုကရေစီစနစ်ကို ပြန်လည်ထူထောင်နိုင်ရေးအတွက် ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘောဒီးယားကို အကူအညီပေးစေလိုကြောင်း ထပ်မံပြောကြားခဲ့ သည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

## ဆီးရီးယားအရေး အင်အားကြီးနိုင်ငံများ အားပြိုင်သည့်အပေါ် အာဒိုဂန်စိုးရိမ်မကောင်းဖြစ်



**ဒမတ်စကတ် မေ ၁၃**

တူရကီသမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်က တူရကီအနေဖြင့် ဆီးရီးယားအရေး အင်အားကြီးနိုင်ငံများ အားပြိုင်သည့်အပေါ် စိုးရိမ်မကောင်းဖြစ်မိကြောင်း မေ ၁၂ ရက်ကပြောခဲ့သည်။ အမေရိကန်က လေကြောင်းတိုက်ခိုက်မှုများပြုလုပ်မည်ဟု ရုရှားကို ခြိမ်းခြောက်မှုများ ပြုလုပ်ပြီးနောက် အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံ နိုင်ငံရေးအခြေအနေမှာ တင်းမာလျက်ရှိကြောင်း သိရသည်။

### အကဲစမ်းမည်

မိမိအနေဖြင့် အလွန်အမင်းစိုးရိမ် မကောင်းဖြစ်မိကြောင်း၊ စစ်ရေးအင်အားကြီးမားသည့် နိုင်ငံများက ၎င်းတို့၏စစ်ရေး အားပြိုင်မှုများအား ဆီးရီးယားသို့ အကဲစမ်းမည်ကို စိုးရိမ်မိကြောင်း၊ အမေရိကန်နှင့် ရုရှားတို့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်စွပ်စွဲမှုများ ပြုလုပ်ပြီးနောက် အန်ကာရာ၌ ပြောကြားသောမိန့်ခွန်းတွင် အာဒိုဂန်က ပြောကြားခဲ့သည်။

### ခြိမ်းခြောက်

ဆီးရီးယားတွင် ဓာတုလက်နက်ကြောင့် အပြစ်မဲ့အရပ်သားများ သေဆုံးသည့် ကိစ္စနှင့်ပတ်သက်၍ အမေရိကန်ဒုံးပျံများ ရုရှားနိုင်ငံသို့ ပစ်လွှတ်မည်ဟု အမေရိကန်က ရုရှားကို ခြိမ်းခြောက်မှု ပြုပြီးနောက် အာဒိုဂန်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

အာဒိုဂန်က ၎င်းအနေဖြင့် သံသယရှိသည့် ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုများဖြစ်ပြီးနောက် အဆိုပါကိစ္စရပ်များကို မည်ကဲ့သို့ တားဆီးမလဲဆိုသည့် အဖြေကိုရှာဖွေရန် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆီးရီးယားကိုအခြေပြုကာ တိုက်ခိုက်သည့် ကိစ္စရပ်များ ရပ်တန်းကရပ်ရန် တူရကီဝန်ကြီးချုပ် ဘီနလီ ယယ်ဒါရင်ကလည်း ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

## နိုင်ငံတကာ သတင်းတိုထွာ

### ရီပတ်ဘလစ်ကန်လွှတ်တော် ပြောရေးဆိုခွင့်ရှိသူ ပေါလ်ရိုင်ယန် ရာထူးမှ အနားယူတော့မည်

**ဝါရှင်တန် ဧပြီ ၁၃**

အမေရိကန် ရီပတ်ဘလစ်ကန်ပြောရေးဆိုခွင့်ရှိသူ ပေါလ်ရိုင်ယန်သည် ရာထူးမှ အနားယူတော့မည်ဖြစ်ပြီး လာမည့် နိုဝင်ဘာလတွင် ကျင်းပမည့် ကွန်ဂရက်လွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲတွင် နောက်တစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

လွှတ်တော်ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထိုသို့ကြေညာလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။ လာမည့်နှစ် ဇန်နဝါရီလ၌ ၎င်း၏တာဝန်များ ပြီးဆုံးချိန်တွင် အနားယူမည်ဖြစ်ကြောင်း ရိုင်ယန်က ပြောကြားခဲ့သည်။

ရိုင်ယန်သည် အသက် ၄၈ နှစ် ရှိပြီဖြစ်ပြီး ၂၀၁၂ ရွေးကောက်ပွဲတွင် GOP (Grand Old Party) ၏ ဒုတိယသမ္မတအဖြစ် အဆိုပြုခြင်းခံခဲ့ရသည်။ သမ္မတထရန့်က ပေါလ်ရိုင်ယန်သည် လူတော်တစ်ဦးဖြစ်ကြောင်း တွစ်တာပေါ်၌ ရေးသားဖော်ပြကာ ချီးမွမ်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

### ဆီးရီးယားပြည်သူ ၅၀၀ခန့် ဓာတ်ငွေ့အဆိပ်မိထားသည့် လက္ခဏာရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ပြ

**ဒမတ်စကတ် ဧပြီ ၁၃**

ဆီးရီးယားရှိ လူနာပေါင်း ၅၀၀ ခန့်တို့သည် ဓာတ်ငွေ့အဆိပ်သင့်ထားသည့် လက္ခဏာများကြောင့် ကုသမှုခံယူရလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာခဲ့သည်။

ဒမတ်စကတ်မြို့အနီး ဆီးရီးယားရှိ အတိုက်အခံများထိန်းချုပ်ထားရာ အရှေ့ဂူတာ၌ ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ နေရာဆီသို့ အကူအညီနှင့် ဝန်ဆောင်မှုများ ချက်ချင်းပေးအပ်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဗုဒ္ဓဟူးနေ့တွင် တောင်းဆိုခဲ့သည်။

ဓာတုလက်နက်ထိတွေ့မှု ဖြစ်ပွားခဲ့ရာ နေရာရှိ ဆေးရုံများမှ ကျန်းမာရေးမိတ်ဖက်များထံမှ သတင်းပေးပို့မှုများကို ကိုးကားလျက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းခြေ လူနာ ၅၀၀ ခန့်တို့သည် အဆိပ်သင့်ဓာတုပစ္စည်းများနှင့် ထိတွေ့ခဲ့သည့် လက္ခဏာများရှိနေကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

စနေနေ့က ဖြစ်ပွားခဲ့သည့် ဓာတုလက်နက်တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သူများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာဖြစ်ကာ ဗဟိုအာရုံကြောစနစ်ကို ထိခိုက်စေခဲ့ကြောင်း အဖွဲ့က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

# ဗြိတိန်ရဲ့ပခုံးပေါ်ကို ကျရောက်လာတဲ့ ဝန်ထုပ်ဝန်ပိုးတစ်ခု

**ကလျာမိုးမြင့်**



ဆီးရီးယားမှာရှိတဲ့ ပစ်မှတ်တွေကို လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ဆောင်ဖို့ အမေရိကန်နဲ့ ပြင်သစ်တို့နဲ့အတူ မပူးပေါင်းခင်မှာ ဗြိတိန်ဟာ ချီတုံချတုံဖြစ်နေပြီလားလို့ သံတမန်ရေးရာ သတင်းထောက်တစ်ဦးဖြစ်တဲ့ ဂျိမ်းစ်လန်ဒါလီက ရေးသားထားပါတယ်။

### မတူညီတဲ့အသံတွေ ထွက်ပေါ်နေ

ဒေါင်းနင်းလမ်းမှာ နေထိုင်ကြတဲ့ အကြီးတန်း တာဝန်ရှိပုဂ္ဂိုလ်တွေကတော့ ဒီမေးခွန်းကို ငြင်းဆန်ပါတယ်။ သို့သော်လည်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ ၎င်း၏ ပုံမှန်ပြုလုပ်နေကျအတိုင်း သတိပေးမှုတွေ လုပ်ဆောင်နေဦးမယ်လို့ ယုံကြည်နေကြတဲ့ Whitehall က လူတွေဆီကနေ မတူညီတဲ့အသံတွေ ထွက်ပေါ်နေတာတွေလည်း ရှိပါတယ်။ ဒီပုဂ္ဂိုလ်တွေက ဝန်ကြီးချုပ်မေဟာ ပါလီမန်လွှတ်တော်ရဲ့အတည်ပြုချက်မရဘဲ စစ်ရေးအရ အရေးယူဆောင်ရွက်သွားဖို့ လွှတ်ခနဲ ဖွင့်ဟပြောဆိုနိုင်တဲ့ အခြေအနေကို စိုးရိမ်ပူပန်နေကြပါတယ်။ ပါလီမန်လွှတ်တော်အဖွဲ့ဝင်တွေဟာ အီစတာပွဲတော်ကနေ ပြန်မရောက်ကြသေးပါဘူး။

ကာကွယ်ရေးဝန်ကြီးဌာနမှာ ရှိနေကြတဲ့ အချို့သောစစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်တွေဟာ ၎င်းတို့ရဲ့ စွမ်းအင်အရင်းအမြစ်ကို ဖြန့်ကြက်ဖို့ အသင့်အနေအထားနဲ့ တည်ငြိမ်စွာရှိနေပြီး စောင့်ဆိုင်းရမှာကို စိတ်ပျက်နေကြပါတယ်။ အကယ်၍ ဗြိတိန်က တွမ်မဟော့ခ် ခရုစ်ဒုံးကျည်တွေ တင်ဆောင်လာမယ့် ရေငုပ်သင်္ဘောတစ်စင်းကို ပေးပို့ချင်တယ်ဆိုရင် အကြောင်းမဟုတ်ပါဘူး။ ဗြိတိန်အနေနဲ့ လတ်တလောမှာ မြေထဲပင်လယ်ထဲမှာ ရေငုပ်သင်္ဘောတစ်စင်းမှ မရှိသေးသလို၊ မြေထဲပင်လယ်ထဲမှာ ရေငုပ်သင်္ဘောတစ်စင်းကို နေရာချထားဖို့ဟာ ရက်သတ္တပတ်တစ်ခုစာလောက် ကြာမြင့်မှာပါ။

### ဝန်ကြီးချုပ်မေဟာ ခေါင်းဆောင်မှုရဲ့ နောက်ကွယ်မှာ ရှိနေသူလား

တူညီတဲ့ ဝေဖန်ပြောဆိုမှုအကြောင်းအရာတွေဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဝန်ကြီးချုပ်မေနဲ့ ဖုန်းဖြင့်ဆက်သွယ်ပြောဆိုခဲ့မှုအတွင်း ဝန်ကြီးချုပ်မေကို အကျပ်ရိုက်အောင်မလုပ်ဆောင်မီ ပြင်သစ်သမ္မတ မက်ခရွန်ဟာ ဒေါ်နယ်ထရန့်ကို နှစ်ကြိမ်တိုင်တိုင် ပြောဆိုခဲ့တဲ့အချက်ပေါ်မှာ မူတည်ပြီး ဝေဖန်ပြောဆိုခဲ့တဲ့ အကြောင်းအရာတွေပါပဲ။ ထရန့်နဲ့ မက်ခရွန်က မစ္စမေဟာ ယှဉ်ပြိုင်ပွဲတစ်ခုမှာ ခေါင်းဆောင်သူရဲ့ နောက်မှာရှိနေတဲ့သူတစ်ဦးအဖြစ် ကောက်ချက်ချခဲ့ကြပါတယ်။

ဒါပေမယ့် ဒါဟာ ဇာတ်လမ်းတစ်ခုရဲ့ စဆုံးမဟုတ်ပါဘူး။ ထရန့်ရဲ့ဖုန်းခေါ်ဆိုမှုနှောင့်နှေးကြန့်ကြာနေရခြင်းဟာ ဝန်ကြီးချုပ်မေက တနင်္လာနေ့ တစ်နေ့လုံးနီးပါးကို စကန်ဒီနေဗီယာဒေသ ကိုလည်ပတ်သွားလာနေပြီး အိမ်ကို နောက်ကျမှပြန်ရောက်လာခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ အာဏာပိုင်တွေက ပြောကြားပါတယ်။

သမ္မတမက်ခရွန်က သမ္မတထရန့်ကို အရင်ဦးဆုံး ဖုန်းခေါ်ဆိုခဲ့တဲ့အတွက် ထရန့်က မက်ခရွန်နဲ့ မြန်မြန်ဆန်ဆန် စကားပြောဆိုဖြစ်ခဲ့ပါတယ်။ မွန်စီယာမက်ခရွန်ဟာ ဥရောပမှာ ထရန့်ရဲ့ တီးတိုးပြောဖက်အကြီးအကဲ ဖြစ်လာဖို့ ၎င်းလုပ်နိုင်သမျှ ဘာမဆိုလုပ်ဆောင်နေတဲ့သူဖြစ်ပြီး ၎င်းဟာ ဝန်ကြီးချုပ်မေနဲ့စာရင် ထရန့်နဲ့ ပိုပြီးရင်းနှီးနွေးထွေးတဲ့ဆက်ဆံရေးရှိသူဖြစ်တယ်လို့ သံတမန်တစ်ဦးက ပြောဆိုခဲ့ဖူးပါတယ်။ ဒေါင်းနင်းလမ်းမှာ နေထိုင်ကြသူတွေက ဝန်ကြီးချုပ်မေဟာ ရည်ရွယ်ချက်ရှိရှိနဲ့ တမင်နှောင့်နှေးအောင် လုပ်နေတာဖြစ်ပြီး စစ်ရေးအရ အရေးယူဆောင်ရွက်ဖို့ကိုလည်း နှောင့်နှေးအောင်ကြိုးစားနေတယ်။ ဒီအချက်ကို အကြီးတန်းပုဂ္ဂိုလ်အချို့နဲ့ ဝန်ကြီးတွေကလည်း သဘောတူလက်ခံပါတယ်။

ဒါပေမယ့် တချို့က ဝန်ကြီးချုပ်ဟာ အချိန်ယူနေတာဖြစ်တယ်လို့လည်း ဆိုကြပါတယ်။ ဒါဟာ ၎င်းရဲ့ အကျင့်စရိုက်တစ်ခုလည်းဖြစ်တယ်၊ စာအုပ်ကြီးအတိုင်း လုပ်ဆောင်ဖို့ သတိကြီးကြီးထားပြီး ပိပိရိရိ သေသေသပ်သပ်ဆောင်ရွက်တတ်တဲ့ စရိုက်ရှိသူပီပီ ခုလိုအချိန်ယူနေတာဖြစ်တယ်လို့လည်း တချို့က ပြောပါတယ်။ တခြားနိုင်ငံတွေက ဘာကိုအောင်မြင်ချင်တာလဲဆိုတာကို နားလည်သဘောပေါက်ဖို့နဲ့ ဗြိတိန်ရဲ့အမျိုးသားအကျိုးစီးပွားက ဘာလဲဆိုတာကို ဝန်ကြီးချုပ်မေက အဖြေရှာဖွေဖော်ထုတ်ချင်တာ ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်မှာ ဆီးရီးယားကို စစ်ရေးအရဆောင်ရွက်ဖို့ အဆိုပြုခဲ့တာနဲ့ ပတ်သက်ပြီး ဒေးဗစ်ကင်မရွန်းရဲ့အရေးနိမ့်ခဲ့ရတဲ့ဒဏ်ရာက နေသားတကျအခြေအနေကို အလုံးစုံပြန်မရောက်သေးပါဘူး။ အကယ်၍ စစ်ရေးအရဆောင်ရွက်မှုဟာ တစ်ကြိမ်တည်းနဲ့ ပြီးဆုံးသွားမှာမဟုတ်ဘဲ လေကြောင်းတိုက်ခိုက်မှုတွေ ဆောင်ရွက်မယ့် နည်းဗျူဟာက ဆီးရီးယားကို နောက်ထပ်တစ်ကြိမ် ဓာတုလက်နက်တွေနဲ့ တိုက်ခိုက်မှုထပ်လုပ်လာစေမယ်ဆိုရင် ပြဿနာရှိလာနိုင်ပါတယ်။

### အားလုံးက ပါဝင်ပြီး ခြုံငုံသုံးသပ်နိုင်ဖို့ လိုအပ်နေ

ဝန်ကြီးချုပ်မေဟာ ဆီးရီးယားကို အရေးယူမယ့်ကိစ္စကို အတတ်နိုင်ဆုံး အားလုံးပါဝင်ပြီး ခြုံငုံသုံးသပ်နိုင်တဲ့ ကိစ္စတစ်ခုဖြစ်လာဖို့ သေချာအောင် လုပ်ဆောင်ချင်နေတာလည်း ဖြစ်ပါတယ်။ ဒူမာမှာ ဖြစ်ပွားခဲ့တဲ့ သံသယဖြစ်ဖွယ် ဓာတုလက်နက်တိုက်ခိုက်မှုနဲ့ ပတ်သက်ပြီးတော့လည်း ဒီထက်ပိုပြီး သတင်းအချက်အလက်တွေများများရရှိဖို့ မေက လိုလားနေပါတယ်။ ဒါမှသာ တိုက်ခိုက်မှုမှာ ဘယ်သူတာဝန်ရှိတယ်ဆိုတာကို မေက ပြောနိုင်မှာပါ။

မစ္စမေနဲ့ ထရန့်တို့ ဖုန်းနဲ့ဆက်သွယ်စကားပြောဆိုခဲ့မှုကို ဒေါင်းနင်းလမ်းက အာဏာပိုင်တွေက သတိကြီးကြီးထားနေတာ ထင်ရှားပါတယ်။ အကယ်၍ ဓာတုလက်နက် တိုက်ခိုက်မှုတွေကို အတည်ပြုနိုင်မယ်ဆိုရင် ဒါဟာ သမ္မတအာဆတ်ရဲ့ရက်စက်ကြမ်းကြုတ်မှုအတွက် သက်သေအထောက်အထားပါပဲ။ အမေရိကန်နဲ့ ပြင်သစ်နိုင်ငံတွေဟာလည်းပဲ ဆီးရီးယားအရေးနဲ့ပတ်သက်ပြီး အချိန်ယူစဉ်းစားနေတဲ့ အရိပ်အယောင်တွေကို တွေ့ရပါတယ်။ မွန်စီယာမက်ခရွန် အနေနဲ့ အရေးယူဆောင်ရွက်ဖို့ စိတ်အားထက်သန်နေသလိုတွေ့ရပြီး ရက်အနည်းငယ်အတွင်းမှာ ဆုံးဖြတ်ချက်တွေ ချသွားမယ်လို့တောင် မနေ့ကတင် ပြောခဲ့ပါသေးတယ်။ ပြင်သစ်မှာရှိတဲ့ သတင်းရင်းမြစ်အချို့က လာမယ့် ၄၈ နာရီအတွင်းမှာ ထရန့်နဲ့ မက်ခရွန်တို့ နောက်ထပ်ဖုန်းနဲ့ဆက်သွယ် ဆွေးနွေးလိမ့်ဦးမယ်လို့ ခန့်မှန်းရကြောင်း ဖော်ပြခဲ့ပါတယ်။

သတင်းရင်းမြစ်အချို့က အကယ်၍ သမ္မတထရန့်ဟာ စစ်ရေးအရ ဆောင်ရွက်သွားဖို့ ဆန္ဒရှိနေပြီး လွန်ခဲ့တဲ့တစ်နှစ်အကြာက လုပ်ခဲ့တဲ့ တိုက်ခိုက်မှုထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ချင်တယ်ဆိုရင် အမေရိကန်တပ်မတော်ဟာ ဒေသတွင်းမှာ သင်္ဘောတွေနဲ့ ရေငုပ်သင်္ဘောတွေကို ပိုမိုဖြန့်ကြက်ရမှာ ဖြစ်တယ်လို့ ဖော်ပြကြပါတယ်။ နောက်ထပ်ပေါ်ပေါက်လာနိုင်တဲ့ အကျိုးဆက်တစ်ခုကလည်း ရှိနေပါတယ်။ အဲဒါကတော့ ရုရှားနဲ့ အီရန်တို့ဟာ အကယ်၍ ၎င်းတို့ရဲ့ တပ်ဖွဲ့တွေကို မဟာမိတ်တွေရဲ့ တိုက်ခိုက်ခြင်းခံရပြီဆိုတာနဲ့ တုံ့ပြန်လာနိုင်တယ်ဆိုတဲ့ အကျိုးဆက်ကိုပါ ထည့်သွင်းစဉ်းစားရပါမယ်။

နိုင်ငံတကာဓာတုလက်နက်များစောင့်ကြည့်စစ်ဆေးမှုအဖွဲ့ OPWC က အကယ်၍ ရုရှားနဲ့ ဆီးရီးယားပြည်သူတွေက ခွင့်ပြုမယ်ဆိုရင် ၎င်းတို့အဖွဲ့အစည်းဟာ လက်ရှိအချက်အလက်ရှာဖွေရေးအဖွဲ့ကို ဒူမာမှာ အမြန်ဆုံးချထားဖို့ မျှော်လင့်နေကြောင်း ကြေညာလိုက်ခြင်းအားဖြင့် နောက်ဆက်တွဲပြဿနာတစ်ရပ်ကို ပေါင်းထည့်လာပြန်ပါတယ်။ အာဏာပိုင်တွေက နိုင်ငံတကာ စုံစမ်းထောက်လှမ်းသူတွေ မြေပြင်မှာ လုပ်ငန်းဆောင်ရွက်နေတဲ့အချိန် မဟာမိတ်လေကြောင်းတိုက်ခိုက်မှုတွေဖြစ်ပွားမယ့် မြင်ကွင်းဟာ ဘယ်လိုမှ မကောင်းနိုင်ဘူးဆိုတာကို သဘောတူညီခဲ့ကြပါတယ်။

ဒီတော့ ဝန်ကြီးချုပ်မေဟာ ဆီးရီးယားကို စစ်ရေးအရ အရေးယူဆောင်ရွက်ဖို့ကို အချိန်ဆွဲနေသလား။ ဒီလိုသဘောထားမျိုးတော့ မဟုတ်ဘူးလို့ ယူဆရပါတယ်။ ပြီးတော့ ဝန်ကြီးချုပ်ကလည်း ဒါကို ပြတ်ပြတ်သားသား ငြင်းဆိုထားပါတယ်။ ဝန်ကြီးချုပ်မေဟာ ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို ထည့်သွင်းမစဉ်းစားဘဲနဲ့တော့ စစ်ပွဲတစ်ပွဲကို မြန်မြန်ဖြစ်လာအောင် လုပ်မှာမဟုတ်ဘူး။ ရှောင်လွှဲနိုင်ဖို့ ကြိုးစားမှာပဲ။ ဒါပေမယ့် စစ်ရေးအရ ဆောင်ရွက်မှုအတွင်းမှာ ပါဝင်ဖို့ ငြင်းဆန်မယ်ဆိုရင် ဖြစ်လာနိုင်တဲ့ အန္တရာယ်ကလည်း ပိုပြီးကြီးမားတယ်ဆိုတာကိုတော့ ဝန်ကြီးချုပ်မေအနေနဲ့ ထည့်သွင်းတွက်ချက်ထားပြီး ဖြစ်မှာပါ။

ဆာလစ်ဘာရီတိုက်ခိုက်မှုနဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေဆီက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံအားပေးမှုတွေက ခေါင်းဆောင်မှုဆိုတဲ့ ဝန်ထုပ်ဝန်ပိုးတစ်ခုကို ဗြိတိန်ရဲ့ ပခုံးပေါ်ကို ရောက်ရှိစေခဲ့ပြီပဲ ဖြစ်ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

> **"အာဏာပိုင်တွေက နိုင်ငံတကာစုံစမ်းထောက်လှမ်းသူတွေ မြေပြင်မှာ လုပ်ငန်းဆောင်ရွက်နေတဲ့အချိန် မဟာမိတ်လေကြောင်း တိုက်ခိုက်မှုတွေ ဖြစ်ပွားမယ့် မြင်ကွင်းဟာ ဘယ်လိုမှ မကောင်းနိုင်ဘူးဆိုတာကို သဘောတူညီခဲ့ကြပါတယ်"**

# မုံရွာမြို့ ချင်းတွင်းသကြံန်၌ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပွဲ ဆင်နွှဲပြသ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အဓိကတွန်းအားတစ်ရပ်ဖြစ်စေပါတယ်

**ဦးရှိုင်းအာကာ**

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြပွဲကို ဧပြီ ၁၁ ရက် နံနက် ၈ နာရီက မုံရွာမြို့ ကမ်းနားလမ်းရှိ ချင်းတွင်းမြစ် သဲသောင်ပြင်၌ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများ၊ ရိုးရာလက်မှုပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်များကို ခင်းကျင်းပြသခဲ့သည်။

အဆိုပါပြပွဲသို့ လာရောက်ခင်းကျင်းပြသခဲ့ကြသည့် တိုင်းရင်းသားများ၏ ရင်တွင်းစကားသံများကို MDN မှ စုစည်း ဖော်ပြပေးလိုက်ရပါသည်-




**ဒေါ်စန်းစန်းဦး**
**သနပ်ခါးပြခန်း လာရောက်ပြသသူ**
**ကျောက်ကာတောင်ရွာ**

ကျွန်မက ကျောက်ကာ ရွှေဂူနီဘက်ကပါ။ ဒီသနပ်ခါးတွေ အကုန်လုံးက ရွှေဂူနီကထွက်တဲ့ သနပ်ခါးတွေပါ။ ဒီက အကူအညီတောင်းတာနဲ့ မနေ့က လာပြီးတော့ ခင်းကျင်းပြသပေးတာပါ။ ဈေးနှုန်းကတော့ အစားစားပါ။ အလုံးကြီးတာ၊ သေးတာ အဓိကမကျဘူး။ အပွေးကောင်းရင် ကောင်းသလို ဈေးကွာသွားပါတယ်။ အခု ဒီလိုမျိုးပြခန်းမှာ ကိုယ့်ဒေသကထွက်တဲ့ သနပ်ခါးတွေကို ပြသခွင့်ရတဲ့အတွက် ရောင်းရတာ၊ မရောင်းရတာထက် ရင်ထဲမှာ အတိုင်းမသိဝမ်းသာပါတယ်။ ကိုယ့်နယ်မှာထွက်တဲ့ ပစ္စည်းတွေကို အများသိအောင် ပြသခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။



**ဒေါ်လဘန်အာကိုင်၊ ကချင်တိုင်းရင်းသူ**

ဒီတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြပွဲမှာ ကျွန်မတို့ရဲ့ ရိုးရာဝတ်စုံကို ပြသခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာက တိုင်းရင်းသားတွေ အကုန်လုံး စုံစုံလင်လင်ရှိတယ်။ ဒီလိုပွဲမျိုးဆိုတာကလည်း တစ်ခေါက်မှလည်း မကြုံဖူးဘူး။ ဒီကိုလာပြီး ပြသဖို့အတွက် တောင်းဆိုပြီး အခွင့်အရေးပေးတဲ့အတွက်ကြောင့်မို့ အလွန်ပဲ ကျေးဇူးတင်ပါတယ်။ ပျော်လည်းပျော်ပါတယ်။



**ဦးချင်းအောင်**
**ကဒူးတိုင်းရင်းသားခေါင်းဆောင်**

ကျွန်တော့်အနေနဲ့ ဒီတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြပွဲမှာ ကဒူးတိုင်းရင်းသားရိုးရာရဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို လာရောက်ပြသရတာ အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်က ကဒူးတိုင်းရင်းသားရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ပြသရတဲ့အတွက် ကဒူးတိုင်းရင်းသားတွေ တစ်ကမ္ဘာလုံးမှာ ရှိနေ၊ သိမြင်နေကြသော်လည်း လူတိုင်းက မသိနိုင်တဲ့အတွက် အခုချိန် ဒီအရပ်ဒီဒေသမှာ လာပြသရတဲ့အတွက် အထူးပဲ ပေါ်လွင်သွားမယ်လို့ ထင်မိပါတယ်။ ကျေးဇူးတင်ပါတယ်။



**ဦးဝင်းသိန်း၊ ကနန်းတိုင်းရင်းသား**

ဒီတိုင်းရင်းသားရိုးရာ ပစ္စည်းပြပွဲမှာ အခုလိုမျိုး ကိုယ့်ရိုးရာပစ္စည်းတွေကို ပြသခွင့်ရတဲ့အတွက် အလွန်ပဲ ဝမ်းသာတယ်။ ကျွန်တော်တို့ ဒီရက်ထည်တွေကျတော့ ကိုယ့်ဟာကိုယ် ရက်ကန်းစင်နဲ့ ရက်တဲ့ ပစ္စည်းတွေကို ဒီမှာလာပြသရတာ ကြည့်ကြတဲ့အတွက်လည်း အင်မတန်မှ ဝမ်းသာပါတယ်။

**ဦးခေါ်သွလာ(ခ)ဦးမားသွ**
**ချင်းစာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ**

ချင်းတိုင်းရင်းသားရိုးရာ ပစ္စည်းတွေကို ကလေးမြို့ကနေ လာရောက်ပြသတာပါ။ တိုင်းရင်းသားရိုးရာပစ္စည်းတွေကို အခုလိုမျိုး လာရောက်ပြသရတဲ့အတွက်ကြောင့် အလွန်ပဲ ကောင်းပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားမျိုးနွယ်စုတွေ ဒီလို တစ်ခါမှမမြင်ဖူးတဲ့ ရိုးရာပြပွဲတွေကို ကိုယ်လည်း မြင်ရတယ်၊ တခြားသူတွေကလည်း မြင်ရတယ်ဆိုတော့ ကောင်းပါတယ်။



**ဦးရှိုင်းအာကာ၊ ရှမ်းနီတိုင်းရင်းသား**
**မုံရွာစီးပွားရေးတက္ကသိုလ်နည်းပြ**
**မြန်မာစာဌာန**

မုံရွာစီးပွားရေးတက္ကသိုလ် နည်းပြမြန်မာစာဌာနမှာ တာဝန်ထမ်းဆောင်နေပါတယ်။ ရှမ်းနီတိုင်းရင်းသား လူမျိုးစုဖြစ်ပါတယ်။ ဒီအခမ်းအနားတွေ ကျင်းပပေးတဲ့အတွက် နိုင်ငံတော်က ဖော်ဆောင်နေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အဓိကတွန်းအားတစ်ရပ်ဖြစ်စေပါတယ်။ ဒီလိုပွဲက တိုင်းရင်းသားတွေနဲ့ ပိုပြီးသဟဇာတဖြစ်စေမယ့်၊ ငြိမ်းချမ်းရေးကို ပိုပြီးနီးသွားစေမယ့်ခြေလှမ်းတစ်ရပ်ဖြစ်မယ်လို့ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမှာ တိုင်းရင်းသားမျိုးနွယ်စုပေါင်းများစွာ စုစုစည်းစည်းနဲ့ လာရောက်ပြသတာတွေ့ရတဲ့အတွက် ကိုယ်မမြင်ဖူးတဲ့ ယဉ်ကျေးမှုတွေကိုလည်း အသစ်တွေ့ရှိရသလို ကိုယ်မြင်ဖူးတဲ့ ယဉ်ကျေးမှုတွေလည်း ထပ်ပြီးတော့ လေ့လာတွေ့ရှိခွင့်ရတဲ့အတွက် ဗဟုသုတတွေတိုးစေနိုင်ပါတယ်၊ ကျွန်တော့်အနေနဲ့ အလွန်ပဲ ဝမ်းသာဂုဏ်ယူရပါတယ်။



**ဦးအောင်မြင့်သိန်း**
**မြန်မာနိုင်ငံဝါးလုပ်ငန်းရှင်များအသင်း**

ကျွန်တော်တို့ ဒီဒေသက ဝါးလုပ်ငန်းနဲ့ ပတ်သက်လို့ ရင်းနှီးမှုမရှိဘူး။ ကျွန်တော်တို့က အခုလို ပြသခြင်းအားဖြင့် ဝါးလုပ်ငန်းအပေါ်မှာ တန်ဖိုးမြင့်ပစ္စည်းတွေ ထုတ်လုပ်လို့ရတယ်ဆိုတာ သိသွားရင် ဝါးတောတွေကို အလဟဿ မဖြုန်းတီးတော့ဘူး။ သဘာဝပတ်ဝန်းကျင်လည်း ထိန်းသိမ်းရင်း တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းတွေ ထုတ်လို့ရတယ်ဆိုတာ သိသွားတာပေါ့။ အဲဒီအကျိုးအမြတ်ပဲ ကျွန်တော်တို့က ဦးစားပေးတာပါ။



ကျွန်တော်တို့ ဒီဒေသမှာ အခု ဝါးစိုက်ခင်းတွေလည်း စိုက်တော့မယ်။ ဝါးကုန်ထုတ်လုပ်မှုလုပ်ငန်းတွေလည်း လုပ်တော့မှာပါ၊ ကျွန်တော်တို့ အသင်းဖွဲ့ပြီး လုပ်နေတာ။ အသင်းအဖွဲ့က ကျွန်တော်တို့အခုမှ ဖွဲ့ရတာပါ။

**နန်းခမ်းဆိုင်းလုံ၊ ရှမ်းနီတိုင်းရင်းသူ**

ချင်းတွင်းသကြံန်ကနေ တစ်ဆက်တည်း ဒီပွဲကိုလာရောက်ပြီး လာကပြဖျော်ဖြေရတဲ့အတွက် စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပျော်ရပါတယ်။ တစ်သွေးတည်းတစ်သားတည်း မောင်နှမအရင်းလိုမျိုး ဖြစ်မိပါတယ်။ အကတွေကလည်း လက်တွဲပြီး ကရတယ်။ ချင်းရော၊ နာဂရော၊ လူမျိုးဘာသာမရွေး အခုလိုမျိုး တိုင်းရင်းသား ပေါင်းစုံ



လက်တွဲပြီးတော့ ကရတဲ့အတွက် အလွန်ကို ပျော်ရွှင်ဝမ်းမြောက်မိပါတယ်။

အဆိုပါပြပွဲတွင် တိုင်းရင်းသားအကအဖွဲ့များက ဖျော်ဖြေတင်ဆက်ခြင်း၊ ပါရာမော်တာ စီးနင်းပြသခြင်း၊ မုံရွာမြို့မှ လူငယ်များက ဆိုင်ကယ် စတန့်စီးပြကွက်များ ပြသခြင်းနှင့် အခြားဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြပြီး တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းနှင့် အရောင်းပြခန်းများ ဖွင့်လှစ်ပြသခဲ့သည်။

ချင်းတွင်း သဲသောင်ပြင်သကြံန်လည်ပတ်ရင်း စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများ၊ ရိုးရာလက်မှု ပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်များကို လေ့လာဝယ်ယူနိုင်ပြီး ရိုးရာအစားအသောက်များကိုပါ ဝယ်ယူစားသောက်နိုင်စေရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့အပြင် ပြည်တွင်း ပြည်ပ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထူးခြားသည့်နေရာများ၊ အထင်ကရ နေရာများကို ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားလာပြီး လာရောက် လည်ပတ်နိုင်ရန်အတွက် ယခုကဲ့သို့ချင်းတွင်းသကြံန်တွင် တစ်ပေါင်းတစ်စည်းတည်း ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း-သီတာဦး၊**
**ဓာတ်ပုံ- ဘိုဘိုသန့်ဆွေ၊ကြည်ပြာထွန်း**

## ဒက္ခိဏသီရိမြို့နယ်တွင် ဆေးမားလ်အူးအွန်ဒုံမှ ကွန်ကရစ်လမ်းမကြီး ခင်းကျင်း

**နေပြည်တော် ဧပြီ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု မဲဒီးကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည်ပေ ၈၁၀၊ အကျယ် ၁၂ ပေ၊ ထုအမြင့် ရှစ်လက်မရှိသော သံကူကွန်ကရစ် လမ်းမကြီးကို ကျေးရွာသစ် အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံကိန်း မြန်မာဆေးမားလ်အူးအွန်ဒုံမှ ကျေးရွာဒေသခံများ၏ စုပေါင်းလုပ်အားဖြင့် ဧပြီ ၈ရက်က စတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြန်မာဆေးမားလ်အူးအွန်ဒုံ ကျေးရွာသစ်အကောင်အထည်ဖော် ဆောင်ရွက်မှုစီမံကိန်း ၂၀၁၈ ခုနှစ်အတွက် (KOICA-Korea International Cooperation Agency) မှ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ၊ မြန်မာငွေကျပ် ၂၇၂၆၀၀၀၀ မှ စွမ်းဆောင်ရည်အတွက် လည်းကောင်း၊ လူနေမှုဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ ဝင်ငွေတိုးတက်ရေးအတွက် လည်းကောင်း ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒုတိယအရစ်၊ တတိယအရစ်ဖြင့် (SMUC) မြန်မာ ဆေးမားလ်အူးအွန်ဒုံစီမံကိန်း အသင်းဝင်းများအား ချေးငွေများကို ယခုနှစ်ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်ထုတ်ချေးပေးခဲ့ကြောင်း မဲဒီးကျေးရွာ (SMUC)ဥက္ကဋ္ဌ ဦးအောင်ထွန်းထံမှ သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

## အသက် ၁၉နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ကန်ကြီးထောင့် ဧပြီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်(ယာယီ)ဥက္ကဋ္ဌဖလား အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဧပြီ ၁၁ ရက်က မြို့မအားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဗိုလ်လုပွဲတွင် Seven Star Fc အသင်းနှင့် New Golden Boys Fc အသင်းတို့ယှဉ်ပြိုင်ကစားကြရာ New Golden Boys Fc အသင်းမှ Seven Star Fc အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက်ပထမဆုရရှိသော New Golden Boys Fc အသင်းကို မြို့နယ်ဘောလုံးအဖွဲ့ချုပ် (ယာယီ)မှ ဥက္ကဋ္ဌ ဦးညွန့်လွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်တို့က တံခွန်စိုက်ဆုဖလားနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ဒုတိယဆုရရှိသော အသင်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများနှင့် ဆုတံဆိပ်ဆွဲပြားများ ပေးအပ်ချီးမြှင့်ခဲ့သည်။ နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာ စေရေးနှင့် အားကစားလောက တိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ် ကျင်းပခဲ့သော အဆိုပါဘောလုံးပြိုင်ပွဲကို မတ် ၂၅ ရက်မှ ဧပြီ ၁၁ ရက်အထိ ကျင်းပခဲ့ပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင်ဘောလုံးအသင်း ကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

## သက်ကြီးအဘွားအိုများအား ကျန်းမာရေးစောင့်ရှောက်

**နောင်ချို ဧပြီ ၁၃**

နောင်ချိုမြို့ဘိုးဘွားရိပ်သာကို ဧပြီလ ပထမပတ်က သပြေရေရပ်ကွက် သပြေတောင် သံသရာအေးစေတီတော်အနီး၌ ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ နောင်ချိုမြို့ဘိုးဘွားရိပ်သာသို့ ပထမဦးဆုံး နောင်ချိုမြို့ပေါ် ရပ်ကွက်များမှ သက်ကြီး နှစ် ၇၀၊ နှစ် ၈၀ ကျော် အဘွားခြောက်ဦးတို့အား အေးချမ်းစွာတရားအား ထုတ်နိုင်ရေးအတွက် စီစဉ်ထားလျက်ရှိသည်။

တရားအားထုတ်နေသော သက်ကြီးအဘွား ခြောက်ဦးတို့အား ဒေါက်တာသော်ဇင်ထွန်း၊ ဒေါက်တာခင်ပပလှိုင်တို့က အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ဒါနကုသိုလ်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ရန်ကုန်သင်္ကြန်ပွဲတော်ကို လုံခြုံရေးအင်အား ၅၇၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဧပြီ ၁၃**

ယခုနှစ်ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျင်းပမည့် မဟာသင်္ကြန်ပွဲတော်တွင် ရေကစားသူပြည်သူအများ စိတ်အေးချမ်းပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်အင်အား ၄၂၀၀ကျော်အပါအဝင် အခြားသောသက်ဆိုင်ရာဌာနဖြင့် ပူးပေါင်း၍ အဖွဲ့ဝင်အင်အား ၅၇၀၀ ကျော်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ကူညီမှုပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးတွင် ပြုလုပ်သည့် မဟာသင်္ကြန်ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ အစည်းအဝေး၌ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က ပြောကြားခဲ့သည်။

သင်္ကြန်ပွဲတော်လုံခြုံရေးကို (အဆင့် ၃) နှစ်ဆင့်ဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး နေရာလုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေး၊ လမ်းကြောင်း လုံခြုံရေး၊ ယာဉ်တန်းလုံခြုံရေး၊ နယ်မြေလုံခြုံရေး၊ အရေးပေါ်လုံခြုံရေး၊ မီးဘေးလုံခြုံရေးကို ခရိုင်/မြို့နယ်များအလိုက် ဆောင်ရွက်သွားမည့်အပြင် နယ်မြေအလိုက် လုံခြုံရေးကွပ်ကဲမှုရုံးများထားရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ထို့အပြင် သင်္ကြန်ရက်အတွင်းဖြစ်ပွားလာသော မှုခင်းများအတွက် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ (ကိုကိုးကျွန်းအပါ) ရဲအချုပ်ခန်းများတွင် ထိန်းသိမ်းထားသော အချုပ်သားများကို သင်္ကြန်မတိုင်မီ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ လွှဲပြောင်းပို့ထားခဲ့ကြောင်း ရဲမှူးချုပ်ဝင်းနိုင်က ပြောသည်။

ထို့အပြင် သင်္ကြန်ပွဲတော်ရက်များအတွင်း လုံခြုံရေးဘေးအန္တရာယ်ကင်းရှင်းရေး၊ အမှုအခင်းများမဖြစ်ပွားစေရေးအတွက် သင်္ကြန်ကာလအတွင်း ပြည်သူများသတိပြုရှောင်ကြဉ်ရမည့် အချက်များ၊ သင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရမည့်အချက်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးများအား ကိုယ်တိုင်လိုက်ပါကြီးကြပ်လျက် ရပ်ကွက်များအတွင်း အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော် သတိပေးနေသည့်အပြင် နှိုးဆော်ချက်လက်ကမ်းစာစောင်များကိုပါ ဝေငှပေးလျက်ရှိကြောင်း ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်အောင်က ရှင်းလင်းပြောကြားခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# သင်္ကြန်ကာလ ရန်ကုန်သို့သစ်သီးဝလံကား ဝင်ရောက်မှုလျော့နည်းမည်

**ရန်ကုန် ဧပြီ ၁၃**

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့၏ အဓိကသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်လက်ကားဈေးကြီးဖြစ်သည့် သီရိမင်္ဂလာဈေးကြီးသို့ သစ်သီးကားများ ဝင်ရောက်မှုသိသိသာသာလျော့နည်းကျဆင်းသွားလိမ့်မည်ဖြစ်ကြောင်း ဈေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

"သင်္ကြန်ကာလကတော့ တရုတ်နဲ့ မြဝတီ ထိုင်းနယ်စပ်ကဝင်နေတဲ့ သစ်သီးကားတွေကတော့ မရှိသလောက်ပါပဲ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မှော်ဘီနဲ့ တွံတေးဘက်က ဟင်းသီးဟင်းရွက်ကားတွေလောက်သာ အဝင်ရှိပါလိမ့်မယ်၊ သင်္ကြန်အကြိုနေ့ကစပြီး နယ်ဝေးကလာတဲ့သစ်သီးကားတွေ မရှိတော့ဘူး၊ နှစ်ဆန်းတစ်ရက်နောက်ပိုင်းရောက်မှသာ သစ်သီးကားတွေဝင်ရောက်မှုက ပုံမှန်အနေအထားရောက်မှာဖြစ်ပါတယ်"ဟု သီရိမင်္ဂလာဈေးမှ ဈေးတာဝန်ခံ ကိုစန်းမင်းက ပြောသည်။

အဆိုပါဈေးကြီးသို့ နေ့စဉ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ကားမျိုးစုံ စီးရေ ၇၀ ဝင်ရောက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံဘက်မှ ပန်းသီး၊ နှင်းပန်းသီးနှင့် လိမ္မော်သီးကားများ၊ ထိုင်းနယ်စပ်မှ ပျားလိမ္မော်နှင့် ဒူးရင်းသီး၊ နာနတ်သီးကားများ နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။



သို့သော်လည်း ဖရဲသီး၊ သရက်သီး၊ တညင်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာကားများမှာ ရန်ကုန်၊ ပဲခူး ၊ တပ်ကုန်း၊ ရှမ်းပြည်နယ်တို့မှ အဓိကဝင်ရောက်လျက်ရှိကြောင်း၊ ငရုတ်သီး၊ ကြက်သွန်၊ သခွား၊ ခရမ်းချဉ်သီးကားများမှာလည်း ပြည်တွင်းစိုက်ခင်းများမှ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်**

# ညောင်တုန်းမြို့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ယခင်နှစ်များထက် စည်ကားစွာကျင်းပ

**ညောင်တုန်း ဧပြီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များကထက် စည်ကားစွာ ရေကစားမဏ္ဍပ်များဖြင့် ကျင်းပလျက်ရှိကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်ကာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံလူငယ်များ ပူးပေါင်း၍ မြို့မအမှတ် ၃ ရပ်ကွက်၊ ၂၂ လမ်းမတော်တွင် ဗဟိုမဏ္ဍပ်နှင့် လမ်းမတော် လမ်းတစ်လျှောက်နှင့် လမ်းအသီးသီး၊ ရပ်ကွက်အသီးသီးတွင် ရေကစားမဏ္ဍပ်ကြီးများ၊ မဏ္ဍပ်ငယ်များဖြင့် တည်ဆောက်ကာ ကျင်းပလျက်ရှိပြီး စတုဒိသာအကျွေး အမွေးများနှင့် သက်ကြီးပူဇော်ပွဲများလည်း ကျင်းပသွားမည်ဖြစ်သည်။

ထို့အပြင် ရပ်ကွက်အသီးသီးမှ လုပျိုဖြူယိမ်းအဖွဲ့ကိုးဖွဲ့မှ သင်္ကြန်အကြိုနေ့ညမှ စတင်ကာ ဗဟိုမဏ္ဍပ်တွင် အလှည့်ကျဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ တေးဂီတအဖွဲ့များက သင်္ကြန်တေးသံသာများဖြင့် ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်လျက်ရှိသည်။ သင်္ကြန်ပွဲတော်တွင် ယိမ်းအက၊ အလှ၊ သဘာဝ အပေါ်မူတည်၍ ပထမ၊ ဒုတိယ၊ တတိယ၊ ထူးချွန်ဆုများအား ထိုက်တန်စွာ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြသည်။

ထို့အပြင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း မူးယစ်အရက်သေစာသောက်စားမှု မရှိစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှု မရှိစေရေး၊ ခိုက်ရန်ဖြစ်ပွားမှု မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များဖြင့် လှည့်ကင်းစစ်ဆေးခြင်းများ၊ လုံခြုံရေးအစီအစဉ်များဖြင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲအား စီစဉ်ဆောင်ရွက်ထားရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမင်းသိမ်းထံမှ သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# မြို့နယ်များတွင် သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားရေး အသိပညာပေးခြင်းများဆောင်ရွက်

**သထုံ**

သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း ကြီးကြပ်ကွပ်ကဲမှုဖြင့် သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမောင်မောင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ် ၇၈ ယာဉ်ထိန်းတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး နိုင်ဝင်းနှင့် ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၁ ရက်မှစတင်ကာ မဟာသင်္ကြန်ကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးခြင်းနှင့် ပါဝါအိတ်ဇောများ၊ သံစုံမြည်ဟွန်းများ တပ်ဆင်မောင်းနှင်ခြင်းမရှိစေရေးအတွက် အသိပညာပေးဆောင်ရွက်ခဲ့သည်။

အလားတူ ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးဆွေနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၂ ရက်မှစတင်၍ မဟာသင်္ကြန်ကာလအတွင်း ရုပ်ဖျက်ပြီး ကျူးလွန်မှုမရှိစေရေးအတွက် မျက်နှာဖုံးများရောင်းချခြင်း မရှိစေရေး၊ စတိုးဆိုင်များတွင် ပညာပေးဟောပြောခြင်း၊ စိတ်ကြွရူးသွပ်ဆေးများ မရောင်းချစေရေးအတွက် ဆေးဆိုင်များတွင် ဆရာဝန်များနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ လိုင်စင်မဲ့အရက်ဆိုင်များကို ဖမ်းစီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နန္ဒကျော်စွာ၊ လှိုင်ထွန်းအောင်**

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ကင်းရှင်းရေးများအတွက် အသိပညာပေးဟောပြောပွဲကို ရွှေသူဌေးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၁၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့မစခန်းမှူး ဒုတိယရဲမှူး လှသန်းနိုင်က အများပြည်သူတို့အား ယာဉ်မောင်းသူများ လိုက်နာရမည့်အချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ် ကင်းရှင်းရေးအတွက် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ၊ မှုခင်းကျဆင်းရေးများကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# သင်္ကြန်ကာလအေးချမ်းစွာကုသိုလ်ပြုနိုင်ရေး ချို့တဲ့နွမ်းပါးသူများအား ကူညီထောက်ပံ့

**ပဲခူး ဧပြီ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့ တိလောကမာရဇိန် ရွှေသာလျောင်းဘုရားကြီး တန်ဆောင်းတွင် ဧပြီ ၁၂ ရက်က မြို့ပေါ်သုံးရပ်ကွက်ရှိ ချို့တဲ့နွမ်းပါးသူများ၊ သက်ကြီးရွယ်အိုများအား သင်္ကြန်ကာလအတွင်း ဥပုသ်သီလဆောက်တည်ကြသည့်အခါ စားဝတ်နေရေးအခက်အခဲများမရှိစေရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပုညကုသလကာရီ အလှူရှင်များအသင်း၊ ရွှေပွန်မြေ ပါရမီရှင်များဖောင်ဒေးရှင်းနှင့် စေတနာရှင်အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုများဖြင့် ထောက်ပံ့လှူဒါန်းပွဲကျင်းပခဲ့သည်။

ဆက်လက်၍ ထောက်ပံ့လှူဒါန်းခြင်းများ ပြုလုပ်ကြပြီး လှူဒါန်းမှုအစုအစုတို့အတွက် ရွှေပွန်မြေပါရမီရှင်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က ရေစက်ချအမျှပေးဝေခဲ့သည်။ ချို့တဲ့နွမ်းပါးသူ ၉၄ ဦးအား တစ်ဦးလျှင် ဆန် သုံးပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲအဖြူ တစ်ပိဿာ၊ ငွေကျပ် ၅၀၀၀နှင့် အားဆေးတစ်ကတ်စသည်တို့ကို ထောက်ပံ့လှူဒါန်းပွဲကျင်းပရေးကော်မတီက ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**



**မဟာသင်္ကြန်ကာလအတွင်း မှုခင်းလျော့နည်းကျဆင်းရေးအတွက် ဧပြီ ၁၁ ရက်က မုဒုံမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ စိတ်ကြွရူးသွပ်ဆေးများ ရောင်းချမှု ရှိ/မရှိ မြို့ပေါ်ရပ်ကွက်များရှိ ဆေးမျိုးစုံဆိုင်၊ စတိုးဆိုင်များနှင့် ကုန်စုံဆိုင်များတွင် စစ်ဆေးရှာဖွေမှုပြုလုပ်စဉ်။**

ကိုယ်ပွား (မော်လမြိုင်)

# သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးအသိပညာပေး

**ကျိုက်မရော ဧပြီ ၁၃**

ကျိုက်မရောမြို့နယ်၌ မဟာသင်္ကြန်ကာလအတွင်း မှုခင်းများလျော့နည်းကျဆင်းရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးကျော်သန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဧပြီ ၁၀ ရက်မှစတင်ကာ ရပ်ကွက်များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်သတိပေးနှိုးဆော်ခဲ့ပြီး ကျိုက်မရောမြို့ စက်လမ်းဝရှေ့နှင့် ဆုတောင်းပြည့်ဘုရားကြီးရှေ့၌ သွားလာနေသော ပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**စည်းကမ်းလိုက်နာ ဘေးကင်းကွာ။**

# တိုင်းဒေသကြီးဝန်ကြီးချုပ် မြိတ်နှင့် ပုလောမြို့နယ်တို့မှ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**မြိတ် ဧပြီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက် စည်ပင်သာယာလမ်းတွင် လောင်ကျွမ်းခဲ့သော မီးဘေးကြောင့် မီးဘေးသင့်ပြည်သူများအား တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဧပြီ ၁၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ငြိမ်းချမ်းရေး ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းတွင် သွားရောက်တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မီးလောင်မှုဖြစ်စဉ်နှင့် မီးဘေးသင့်ခဲ့ရသော ပြည်သူများအား ငြိမ်းချမ်းရေး ဘုန်းတော်ကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်း ယာယီဖွင့်လှစ်ပေး၍ မီးဘေးသင့်ပြည်သူ ပြန်လည်ထူထောင်ရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းကာ မီးဘေးသင့်ပြည်သူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ပေးမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက ရှင်းလင်းတင်ပြသည်။

ထို့နောက် မီးဘေးသင့်ပြည်သူများအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ထောက်ပံ့ငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသိန်းစီ အိမ်ထောင်စု ၁၀ စုအတွက် စုစုပေါင်း ငွေကျပ်သိန်း ၅၀ ထောက်ပံ့ခဲ့ကြသည်။ ထို့အတူ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် မီးလောင်ခဲ့သော နေအိမ်လေးလုံးအတွက် အိမ်ဆောက်ပစ္စည်းနှင့် ဆန်ဖိုးထောက်ပံ့ငွေကျပ် ၇၈၈၂၀၀ ကို တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝင်းစန္ဒာကြည်က ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ပုလောမြို့နယ် ပလမြို့နှင့်ဇရပ်ဆိပ်ကျေးရွာတို့တွင် မိုးသက်လေပြင်းကျရောက်ကာ နေအိမ်ပျက်စီးခဲ့သော လေဘေးသင့်ပြည်သူများအား ပလမြို့ အမှတ် ၁ ရပ်ကွက် အထက(ခွဲ)ကျောင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ထောက်ပံ့ငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားခဲ့သည်။ လေဘေးသင့် အိမ်တစ်အိမ်လျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်လေးသိန်းစီ နေအိမ်ကိုးလုံးအတွက် စုစုပေါင်း ငွေကျပ် ၃၆ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခိုင်ထူး (မြိတ် ပြန်/ဆက်)**

# ထီးလင်းနှင့် ဂန့်ဂေါမြို့နယ်များရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ထီးလင်း ဧပြီ ၁၃**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် နတ်အင်းကျေးရွာနှင့် အညာဝါးဘင်းကျေးရွာတို့တွင် ဧပြီ ၁၀ ရက်က လေပြင်းတိုက်ခတ်သဖြင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ လူနေအိမ်များ အမိုးများ ပျက်စီးခဲ့သည်။




အဆိုပါ လေဘေးသင့်ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိဒ္ဓိ၊ မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူး ခင်မောင်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘွေကီးအောင်တို့နှင့် တာဝန်ရှိသူများသည် ဧပြီ ၁၁ ရက်က သွားရောက်ကာ ပြည်သူများနှင့် တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါအဖွဲ့သည် မြို့နယ်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ထောက်ပံ့သည့် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၆၀၀၀၀ ကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အလားတူ ဂန့်ဂေါမြို့နယ် တဇန်းကျေးရွာတွင် ဧပြီ ၉ ရက်က လေပြင်းတိုက်ခတ်သဖြင့် လူနေအိမ် ၁၉ လုံး အမိုးနှင့်အကာများ ပျက်စီးမှုဖြစ်ခဲ့ရာ အဆိုပါပျက်စီးသည့် အိမ်ထောင်စုများထံ ထောက်ပံ့နိုင်ရေး ဂန့်ဂေါခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်ထံ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ဧပြီ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပျက်စီးဆုံးရှုံးသူများထံ ပေးအပ်ထောက်ပံ့ပွဲကို ဧပြီ ၁၂ ရက် နံနက်က တဇန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်စန္ဒာစိုးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးတို့က လေဘေးသင့်အိမ်ထောင်စုများထံ လက်ဝယ်အရောက် ပေးအပ်ထောက်ပံ့သည်။

လေဘေးသင့် အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ထောက်ပံ့ပစ္စည်း ကိုးမျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၅၀၀၀၀ နှုန်းတို့ဖြင့် အိမ်ထောင်စု ၁၅ အတွက် ဆန်ဖိုးအဖြစ် လူတစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ၆၃ ဦးအတွက် ဆန်ဖိုးငွေများ ထောက်ပံ့ခြင်းဖြစ်ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒေါ်သူဇာဝင်းထံမှ သိရသည်။ **၁၀၁**

## လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ပျက်စီး

**နေပြည်တော် ဧပြီ ၁၃**

မိုးညှင်းမြို့နယ်အတွင်း ဧပြီ ၁၀ ရက် ညနေ ၆ နာရီ ၂၀ မိနစ်ခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ရွာသစ်ကုန်းကျေးရွာအနီး မိုးညှင်းဒီဂရီကောလိပ်ကျောင်းဝင်းအတွင်းရှိ ကျောင်းစောင့်နေအိမ်၊ ကားဂိုဒေါင်၊ အားကစားရုံနှင့် မြေအောက်ရေကန်အမိုးတို့ အမိုးလန်ပျက်စီးခဲ့ပြီး မိုးညှင်းမြို့မှ နန်းမားကျေးရွာသို့ ပို့လွှတ်သည့် ဓာတ်ကြိုးနှစ်ချောင်းတွဲမှာ အင်ကြင်း ကုန်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာကြားတွင် အခန်း ၂၀ ခန့် ပြုတ်ကျခဲ့သည်။

ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထိုက်စိုး ဦးစီးသည့်အဖွဲ့က ညတွင်းချင်း ဓာတ်ကြိုးများအား ပြန်လည်ပြုပြင်ခဲ့ရာ အခန်းခုနစ်ခန်းပြီးစီးခဲ့ပြီး ဧပြီ ၁၁ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျန်အခန်း ၁၃ ခန်းအား ပြုပြင်ပြီးစီးခဲ့သဖြင့် လျှပ်စစ်မီးပုံမှန်အတိုင်း ဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။

အလားတူ ယင်းနေ့ ည ၈ နာရီခန့်တွင် မိုးကောင်းမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ထုံးရေပေါက်နှင့် ပဲခူးစုကျေးရွာတို့တွင် နေအိမ်ရှစ်လုံး အမိုးလန်ခဲ့ပြီး လေသာကုန်းကျေးရွာတွင် တယ်လီဖုန်းတိုင်နှစ်တိုင် လဲကျပျက်စီးခဲ့သည်။

ထို့ကြောင့် ဧပြီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နှင့် ပေါက်မြို့နယ်တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် တဇန်းကျေးရွာတွင် နေအိမ် ၁၉ လုံး၊ မိုးကောင်း၊ ချိုင်စောက်အောက်စုနှင့် ချောင်းကူးကျေးရွာတို့တွင် နေအိမ်နှစ်လုံး ပြိုကျခဲ့ပြီး နေအိမ် ၂၃လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ **ကိုရဲ**



## ကျွန်းလှမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်အချို့ပျက်စီး

**ကျွန်းလှ ဧပြီ ၁၃**- စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် အင်လှကျေးရွာတွင် ဧပြီ ၁၁ ရက် ည ၇ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်အချို့ ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းဝင်းရှိ ထုပါရုံစေတီတော်နှင့် အရံစေတီတော်သုံးဆူ ထီးတော်မြေခြင်း၊ ဓမ္မာရုံအမိုးတစ်ခြမ်းလန်ခြင်း၊ လျှပ်စစ်ဓာတ်တိုင်ခြောက်တိုင် ပြိုလဲခြင်း၊ လူနေအိမ် ၁၀၀ ခန့် သက်ကယ်နှင့် သွပ်မိုးများ၊ ထုပ်တန်းများ ပြုတ်ကျပျက်စီးပြီး လူနှင့်တိရစ္ဆာန်များထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း သိရသည်။ အဆိုပါကျေးရွာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တာဝန်ရှိသူတို့က ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC - S) ၏ JMC ဆိုင်ရာများ အသိပညာပေး

**သရက်ချောင်း ဧပြီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အစ်အစ်(အက်အက်)ကျေးရွာအုပ်စု အထကခွဲ (အစ်အစ်) ကျောင်းခန်းမဆောင်အတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC - S) ၏ JMC ဆိုင်ရာ လူထုအသိပညာပေးဆွေးနွေးပွဲကို ဧပြီ ၁၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ **(ယာပုံ)**



ရှေးဦးစွာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ-(၁) ပဒိုဘီးလယ်က JMC-S (တနင်္သာရီ)၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းပြောကြားရာတွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်ကြားတွင် တိုက်ပွဲများကြောင့် ပြည်သူလူထုအတွင်း များစွာဒုက္ခရောက်ခဲ့ရကြောင်း၊ နိုင်ငံတော်မှ တိုင်းရင်းသားလူမျိုးများ၏ ပြဿနာများကို မကိုင်တွယ်မဖြေရှင်းနိုင်သောကြောင့် စစ်ပွဲများဖြစ်ရကြောင်း၊ ယခင်တိုက်ပွဲများဖြစ်ခဲ့သော်လည်း ယခုအချိန်တွင် ငြိမ်းချမ်းနေပြီဖြစ်ကြောင်း၊ JMC အဖွဲ့အနေဖြင့် တိုက်ပွဲကြောင့် ပြည်သူများ ဒုက္ခမရောက်ရစေရန် စောင့်ကြည့်သွားမည့်အဖွဲ့ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ကော်မတီအဖွဲ့ ဒုတိယဥက္ကဋ္ဌ-(၂) ဖာသာသိန်းခင်က တိုင်းရင်းသားပြည်သူများအနေဖြင့် မည်သည့်အချိန်အခါမဆို လွတ်လပ်စွာ သွားလာနိုင်ရေးအတွက် JMC မှ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေးများဆောင်ရွက်နိုင်စေရန်အတွက် ပြည်သူများဘက်မှလည်း ပူးပေါင်းပါဝင်စေလိုကြောင်း၊ ပြည်သူလူထုပါဝင်သည့် ငြိမ်းချမ်းရေးသည် ပိုမိုငြိမ်းချမ်းမည်ဖြစ်ကြောင်းနှင့် NCA စတင်ဖြစ်ပေါ်လာပုံများအား ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခြင်း၊ KNU မြိတ် - ထားဝယ်ခရိုင်ဥက္ကဋ္ဌ ပဒိုစောဆာပိတုတ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် နော်မေးဒြပ်က JMC-Sအဖွဲ့တွင် တာဝန်ထမ်းဆောင်ရသည့်အတွက် ကရင်လူမျိုးများအတွက် ဝမ်းသာမိကြောင်း၊ JMC-S ကို စိတ်ဝင်စားသူများ ပါဝင်စေလိုကြောင်း၊ JMC-S အဆင့်ဆင့်၏ လုပ်ငန်းစဉ်အကြောင်းကို ရှင်းလင်းဆွေးနွေးခြင်း၊ ဆက်လက်ပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုးက နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ် (CoC) များအကြောင်း၊ တိုင်ကြားမှုလုပ်ငန်းစဉ်များ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူအချို့က သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

## အနုပညာရှင်ရေးရာ

# Overtones အဖွဲ့မှ အဖွဲ့သားတစ်ဦးဖြစ်သူ တင်မီမက်လေး အသက် ၃၆ နှစ်တွင် သေဆုံး



Overtones အဖွဲ့မှ အဆိုတော် တင်မီမက်လေးဟာ အသက် ၃၆ နှစ်အရွယ်မှာပဲ သေဆုံးသွားပြီဖြစ်တယ်။ ဒီဝမ်းနည်းစရာကောင်းတဲ့သတင်းကို သူ့ရဲ့အဖွဲ့သားတွေဖြစ်တဲ့ မာ့ခ်ဖရန်၊ မိုက်ခ်ခရောလျှော၊ ဒါရန်အဲဗားရက်စ်နဲ့ လာချီချပ်မန်းတို့က တွစ်တာပေါ်မှာ ဖြန့်ဝေခဲ့ပါတယ်။ ဒီသတင်းဆိုးကို ပရိသတ်တွေကို စိတ်မကောင်းစွာနဲ့ပဲ သတင်းပေးရတာဖြစ်တယ်လို့လည်း တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။ ညီအစ်ကိုလိုချစ်ခင်ရတဲ့ အဖွဲ့သားတစ်ဦးဆုံးရှုံးသွားတဲ့အတွက် အခုချိန်မှာ ကျွန်တော်တို့ဟာ ခက်ခဲတဲ့အချိန်တွေကို ကျော်ဖြတ်နေရပါတယ်။ ပရိသတ်တွေဟာလည်း ဒီသတင်းကြောင့် စိတ်ပျက်ဝမ်းနည်းရမယ်ဆိုတာလည်း သိပါတယ်။ ပရိသတ်တွေရဲ့ချစ်ခြင်းနဲ့ပဲ ဒီခက်ခဲတဲ့အချိန်ကို ကျော်လွှားနိုင်လိမ့်မယ်လို့ Overtones အဖွဲ့သားတွေက တွစ်တာပေါ်မှာ ရေးသားထားတာကို တွေ့ရပါတယ်။

တင်မီမက်လေး အသက် ၃၆ နှစ်ရဲ့ လူ့လောကကို စွန့်လွှတ်သွားရတဲ့ အကြောင်းအရင်းကိုတော့ မဖော်ပြထားသေးပါဘူး။ တင်မီဟာ ၂၀၁၆ ခုနှစ်ကတည်းက အရေပြားကင်ဆာရောဂါကို ကုသနေရသူလည်းဖြစ်တယ်။ အရေပြားကင်ဆာအဆင့်သုံးလို့လည်း သိရပါတယ်။ တင်မီရဲ့ မိသားစုဝင်တွေနဲ့ သူ့ရဲ့ ပရိသတ်တွေကတော့ တင်မီအတွက် ဝမ်းနည်းကြောင်းဖော်ပြခဲ့ကြပါတယ်။

Overtones အဖွဲ့ဟာ အယ်လ်ဘမ်ငါးချပ်ထုတ်ဝေခဲ့ပြီး အဲဒီထဲက အယ်လ်ဘမ်လေးချပ်ကတော့ ယူကေမှာ အကောင်းဆုံး Top Ten စာရင်းမှာ ပါဝင်ခဲ့ပါတယ်။ သူတို့ရဲ့ ပွဲဦးထွက်အယ်လ်ဘမ်ကတော့ ၂၀၁၀ ပြည့်နှစ်က ထုတ်ဝေခဲ့တဲ့ Good OL Fashioned Love ဖြစ်ပြီး အဲဒီအယ်လ်ဘမ်နဲ့ပဲ ယူကေဂီတလောကကို ထိုးဖောက်ခဲ့တာပဲဖြစ်တယ်။ တင်မီကတော့ အိုင်ယာလန်ဇာတိဖြစ်ပြီး သူကွယ်လွန်တဲ့အချိန်အထိ လန်ဒန်မှာ နေထိုင်ခဲ့ပါတယ်။

**ဟယ်လို**
**ခြူး**

# သူ့ရဲ့အသားအရောင်ကြောင့် ဟောလိဝုဒ်မှာ နေရာရဖို့မလွယ်ခဲ့ဘူးဆိုတဲ့ ပရီယန်ကာချိုပရာ



ဘောလိဝုဒ်ရုပ်ရှင်လောကမှာတော့ ပရီယန်ကာချိုပရာဟာ ဘုရင်မတစ်ပါးပါပဲ။ လတ်တလော ရုပ်ရှင်လောကမှာပေါ်ပေါက်နေတဲ့ အမျိုးသားသရုပ်ဆောင်နဲ့ အမျိုးသမီးသရုပ်ဆောင်တို့ကြား အခွင့်အရေးကွာခြားမှုတွေနဲ့ပတ်သက်လို့ ဟောလိဝုဒ်မှာရော၊ ဘောလိဝုဒ်မှာပါ သရုပ်ဆောင်နေတဲ့ ပရီယန်ကာချိုပရာက အင်တာဗျူးတစ်ခုမှာ ပွင့်ပွင့်လင်းလင်းပဲ ဖြေကြားခဲ့ပါတယ်။ ဟောလိဝုဒ်မှာ အမျိုးသမီးသရုပ်ဆောင်တွေဟာ အမျိုးသားသရုပ်ဆောင်တွေလို သရုပ်ဆောင်ကြေး တန်းတူမရနိုင်သလို ဘောလိဝုဒ်မှာလည်း အတူတူပဲလို့ ချိုပရာက ပြောပါတယ်။ ဘောလိဝုဒ်မှာလည်း အမျိုးသားသရုပ်ဆောင်တွေလောက် အမျိုးသမီးသရုပ်ဆောင်တွေကတန်ဖိုးထားမခံရပါဘူး။

ပရီယန်ကာချိုပရာဟာ သူဟောလိဝုဒ်ကိုထိုးဖောက်ဖို့ ကြိုးစားတုန်းက ကြုံတွေ့ရတဲ့အခက်အခဲကတော့ သူ့ရဲ့ အသားအရောင်ကြောင့်ပါပဲလို့ ပြောခဲ့ပါတယ်။ သူ့ရဲ့ ညိုမှောင်တဲ့အသားအရေကြောင့် နေရာရဖို့ခဲယဉ်းတယ်လို့ ဆိုပါတယ်။ ဟောလိဝုဒ်ရုပ်ရှင်လုပ်ငန်းမှာလည်း လူဖြူသရုပ်ဆောင်၊ ဒါရိုက်တာနဲ့ ဇာတ်ညွှန်းရေးဆရာတွေကြီးစိုးတဲ့အတွက် ဇာတ်ရုပ်တွေမှာ လူဖြူသရုပ်ဆောင်တွေကသာ ဇာတ်ကွက်ရနေပြီး သူလိုညိုမှောင်တဲ့ အသားအရေရှိသူအတွက်တော့ ဇာတ်ကောင်တစ်နေရာရဖို့မလွယ်ဘူးလို့ ပြောလိုက်ပါတယ်။ ပရီယန်ကာချိုပရာဟာ အိုလံပစ်လက်ဝှေ့သမား Mary Kom အဖြစ် သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကားအပါအဝင် အခြားသော ဇာတ်ကားကောင်းတွေမှာ အပီအပြင်သရုပ်ဆောင်နိုင်တဲ့ သရုပ်ဆောင်ကောင်းတစ်ဦးလည်းဖြစ်တယ်။

**ရှိုရှာ ဒေါ်ကွန်း**
**ခြူး**

# MPT အသုံးပြုသူတိုင်း iflix ကို ၁၂ လတာ အခမဲ့ကြည့်ခွင့် ရရှိမည်

**ရန်ကုန် ဧပြီ ၁၃**

မြန်မာ့ဆက်သွယ်ရေး MPT နှင့် ကမ္ဘာ့ထိပ်တန်းဖျော်ဖြေရေးဝန်ဆောင်မှုများ ပေးနေသော iflix တို့ ပူးပေါင်းဆောင်ရွက်လိုက်သည့် ဖျော်ဖြေရေးဝန်ဆောင်မှုအစီအစဉ်သစ်အရ MPT ဆင်းကတ်များကို သုံးစွဲနေသူအားလုံးအနေဖြင့် iflix ပေါ်ရှိ ရုပ်သံအစီအစဉ်၊ ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများကို ဖုန်းများ၊ တက်ဘလက်များပေါ်မှတစ်ဆင့် ၁၂ လကြာ လစဉ်ကြေးပေးဆောင်စရာမလိုဘဲ ကြည့်ရှုခွင့်ရတော့မည်ဖြစ်ကြောင်း သိရသည်။

iflix နှင့် ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်အရ MPT သုံးစွဲသူများအနေဖြင့် MPT ၏ 3G နှင့် 4G LTE+ မိုဘိုင်းကွန်ရက်မှတစ်ဆင့် iflix ပေါ်ရှိ ဗီဒီယိုများကို Device နှစ်ခုအထိ ချိတ်ဆက်၍ အကန့်အသတ်မရှိ အခမဲ့ ကြည့်နိုင်မည့်အပြင် ဒေါင်းလုတ်ရယူထားပြီးမှ Offline အနေဖြင့် ပြန်ကြည့်လိုလျှင်လည်း ကြည့်နိုင်မည်ဖြစ်ကြောင်း MPT က ဧပြီ ၉ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်အရ သိရသည်။

iflix အင်ဒိုချိုင်းနား၏ အထွေထွေမန်နေဂျာ Ms. Adeana Greenlee က "မြန်မာနိုင်ငံမှာ MPT နဲ့ ပူးပေါင်းဆောင်ရွက်လိုက်တာက အကြီးမားဆုံးမှတ်တိုင်တစ်ခုအဖြစ် စာရင်းဝင်သွားပါပြီ၊ MPT သုံးစွဲသူတွေအတွက် ကျွန်မတို့ ဝန်ဆောင်မှုပေးအပ်နိုင်ခဲ့လို့ ပီတိဖြစ်မိပါတယ်၊ MPT သုံးစွဲသူတွေအတွက် iflix က ပရိသတ်တောင်းဆိုမှု များပြားလှတဲ့ နိုင်ငံတကာ၊ ဒေသတွင်းနဲ့ ပြည်တွင်း ရုပ်သံအစီအစဉ်တွေ၊ ရုပ်ရှင်တွေနဲ့အတူ ထောင်ပေါင်းများစွာသော ဖျော်ဖြေရေးကဏ္ဍများကို ယူဆောင်လာပါပြီ"ဟု ပြောကြားသည်။

iflix တွင် ရုပ်ရှင်စတူဒီယိုပေါင်း ၂၂၀ ကျော် အပါအဝင် ကမ္ဘာတစ်လွှားရှိ ထုတ်ဝေသူများစွာက ထုတ်လုပ်ထားသည့် ပြည်ပ ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများအပြင် ပြည်တွင်းရုပ်ရှင်အချို့ကိုလည်း ကြည့်ရှုနိုင်မည်ဖြစ်ပြီး MPT သုံးစွဲသူများအနေဖြင့် iflix အက်ပလီကေးရှင်းကို Google Play သို့မဟုတ် App Store များမှတစ်ဆင့် ဒေါင်းလုတ်ဆွဲပြီးနောက် MPT ဆင်းကတ်ဖြင့် မှတ်ပုံတင်ကာ နောက်ပိုင်းတွင် ၁၂ လကြာ အခမဲ့ကြည့်ရှုခွင့်ကို ရရှိမည်ဖြစ်သည်။ iflix ကို ပုံမှန်ကြည့်ရှုပါက လစဉ်ကြေးမှာ တစ်လလျှင် ကျပ် ၃၀၀၀ ဖြစ်ရာ ယခုအစီအစဉ်အရ MPT သုံးစွဲသူများသည် ၁၂ လစာအတွက် ကျပ် ၃၆၀၀၀ ဖိုးကို အခမဲ့ကြည့်ရှုခွင့် ရရှိနိုင်ခြင်းဖြစ်သည်။

ထိုအစီအစဉ်အရ ရုပ်ရှင်များကို လစဉ်ကြေးပေးရန်မလိုဘဲ အခမဲ့ ကြည့်ရှုနိုင်မည်ဖြစ်သော်လည်း ပုံမှန်အင်တာနက်အသုံးပြုခ ကုန်ကျမည်ဖြစ်ကာ ထိုသို့အခမဲ့ကြည့်ရှုနိုင်မည့် အစီအစဉ်ကို ရရှိရန်အတွက် MPT ဆင်းကတ်ဖြင့် iflix မှတ်ပုံတင်ခြင်းကို ဧပြီ ၉ ရက်မှ ဇူလိုင် ၇ ရက်အထိအတွင်း ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# စမတ်ဖုန်းများ ကံစမ်းပေးမည့် Galaxy AR Emoji ပွဲတော်အစီအစဉ်ကို ဆမ်ဆောင်းပြုလုပ်

**ရန်ကုန် ဧပြီ ၁၃**

ဆမ်ဆောင်းမြန်မာသည် စမတ်ဖုန်းမော်ဒယ်သစ်များဖြစ်သော Galaxy S9 နှင့် S9+ ကို မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်လက မိတ်ဆက်ခဲ့ပြီးနောက် Galaxy S9+ စမတ်ဖုန်းနှစ်လုံးကို ကံစမ်းမဲဖောက်ပေးမည့် 'Galaxy AR Emoji Festival' အမည်ရှိ အထူးအစီအစဉ်သစ်တစ်ခုကိုလည်း ဧပြီ ၉ ရက်မှ စတင်ပြုလုပ်ထားကာ ထိုအစီအစဉ်တွင် ပါဝင်ဆင်နွှဲခြင်းဖြင့် ကိုယ်ပိုင် AR Emoji Sticker များကို ရရှိပိုင်ဆိုင်နိုင်ရုံသာမက Galaxy S9+ စမတ်ဖုန်းများကိုလည်း ကံစမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။




ဆမ်ဆောင်း၏ Galaxy S9 နှင့် S9+ တို့တွင် အသစ်ပါဝင်လာသည့် လုပ်ဆောင်ချက်အသစ်တစ်ခုဖြစ်သော AR Emoji သည် အသုံးပြုသူများ၏ မျက်နှာပုံစံ၊ အသံနှင့် အမူအရာများအတိုင်း တူညီသည့် Emoji စတစ်ကာများကို ဖန်တီးနိုင်အောင် ပြုလုပ်ပေးထားရာ အသုံးပြုသူ၏မျက်နှာပုံကို ခွဲခြမ်းစိစစ်ကာ မျက်လုံးမှိတ်ခြင်းနှင့် ခေါင်းညိတ်ခြင်း အပါအဝင် 3D မျက်နှာအသွင်အပြင်ပေါင်း ၁၀၀ ကျော်ကို မတူညီသော ပုံစံများဖြင့် စတစ်ကာများ ပြုလုပ်ပေးနိုင်မည်ဖြစ်ပြီး ထိုစတစ်ကာများကို မက်ဆင်ဂျာများတွင် ကိုယ်ပိုင်စတစ်ကာအဖြစ်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

ယခုပြုလုပ်သည့် AR Emoji အစီအစဉ်မှာ ဧပြီ ၉ ရက်မှ မေလကုန်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ပါဝင်ဆင်နွှဲရန်အတွက် နီးစပ်ရာမြို့ကြီးများရှိ ဆမ်ဆောင်းအမှတ်တံဆိပ် အရောင်းဆိုင် ၆၆ ဆိုင်သို့သွားကာ Galaxy S9 နှင့် S9+ စမတ်ဖုန်းများတွင် ပါဝင်သည့် AR Emoji လုပ်ဆောင်ချက်ကို အသုံးပြု၍ ကိုယ်ပိုင် AR Emoji စတစ်ကာများ ပြုလုပ်ရမည်ဖြစ်ပြီး စတစ်ကာများပြုလုပ်စဉ်တွင် ကံစမ်းမဲကူပွန်များကိုဖြည့်၍ လက်ဆောင်ပစ္စည်းများကို ရယူနိုင်မည်ဖြစ်သည်။

ထို့နောက် ရရှိလာသော ကိုယ်ပိုင် AR Emoji စတစ်ကာများကို ဖေ့စ်ဘုတ်ပေါ်ရှိ ဆမ်ဆောင်း၏ Galaxy AR Emoji Festival Event Page တွင် #WithGalaxy ဟု စာနှင့်တွဲ၍ လာတင်ပေးခြင်းဖြင့် Galaxy S9+ နှစ်လုံးကို ကံစမ်းနိုင်မည့် အစီအစဉ်တွင်ပါ ပါဝင်နိုင်မည်ဖြစ်ကြောင်း၊ အစီအစဉ်တွင် ပါဝင်နိုင်မည့်ကာလမှာ မေလကုန်အထိဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ဟွာဝေး၏ Nova 3e ဖုန်းများ သင်္ကြန်အပြီး ဈေးကွက်အတွင်း ဝင်ရောက်မည်

**ရန်ကုန် ဧပြီ ၁၃**

ပြီးခဲ့သည့် မတ်လအတွင်းက မြန်မာနိုင်ငံဈေးကွက်သို့ စတင်ဝင်ရောက်ခဲ့ပြီး ပစ္စည်းပြတ်သွားခဲ့သည့် Huawei Nova 3e စမတ်ဖုန်းသည် သင်္ကြန်အပြီးတွင် ဈေးကွက်သို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်ပြီး ယခင်ရောင်းခဲ့သော အနက်ရောင်နှင့် အပြာရောင်အပြင် အရောင်သစ်ဖြစ်သည့် ပန်းရောင်ကိုပါ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။




ထပ်မံဝင်ရောက်လာမည့် Nova 3e ဖုန်းများသည် အလုံးရေ အကန့်အသတ်ရှိမည်ဖြစ်၍ ဧပြီ ၁၁ ရက်မှ ၁၈ ရက်အထိ Pre-Order မှာယူနိုင်ပြီး သင်္ကြန်အပြီးတွင် ဖုန်းများကို သက်ဆိုင်ရာ ဖုန်းအရောင်းဆိုင်များတွင် သွားရောက်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ ထို့နောက် ဧပြီ ၁၉ ရက် နောက်ပိုင်းတွင် ဈေးကွက်အတွင်း ရောင်းချမည်ဖြစ်ပြီး လက်ဆောင်အဖြစ် Wired Headphone တစ်လုံး ပြန်လည်လက်ဆောင်ပေးအပ်သွားမည့် အစီအစဉ်နှင့်အတူ တယ်လီနောနှင့်ပူးပေါင်း၍ ပြုလုပ်ထားသည့် ပရိုမိုးရှင်းအစီအစဉ်အရ Nova 3e ဝယ်သူများအနေဖြင့် လစဉ် ဖုန်းငွေဖြည့်ခြင်းဖြင့် အင်တာနက်ဒေတာများ လက်ဆောင်ရရှိမည့် အစီအစဉ်လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Huawei Nova 3e သည် စပီကာပေါက်နေရာနှင့် အောက်ဘက်တွင် ဘောင်နေရာ အနည်းငယ်မှလွဲ၍ မျက်နှာပြင်ပြည့်နီးပါး display ဖြစ်ကာ ဒီဇိုင်းလှပခြင်းနှင့် စွမ်းဆောင်ရည် မြင့်မားခြင်းတို့ကြောင့် မတ်လအတွင်း ပြည်တွင်းဈေးကွက်သို့ စတင်ဝင်ရောက်ခဲ့စဉ်က ဖုန်းအသုံးပြုသူ အများအပြား၏ စိတ်ဝင်စားမှုကို ရရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**ကျော်ဇင်ဦး**

# အူရီဒူးအချင်းချင်းဖုန်းခေါ်ခ တစ်မိနစ်လျှင် ရှစ်ကျပ်သာကျမည့် အစီအစဉ်သစ်ကို မိတ်ဆက်

**ရန်ကုန် ဧပြီ ၁၃**

အူရီဒူးဆင်းကတ် အသုံးပြုနေသူများအနေဖြင့် အူရီဒူးဆင်းကတ်အချင်းချင်း ဖုန်းခေါ်ဆိုခြင်းအတွက် တစ်မိနစ်လျှင် ရှစ်ကျပ်နှုန်းသာ ကျသင့်မည့် 'Red တော်ကီ' အစီအစဉ်ကို ဧပြီ ၁၁ ရက်က စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။

Red တော်ကီ အစီအစဉ်ကို အစီအစဉ် လေးမျိုးဖြင့် ဝန်ဆောင်မှုပေးထားပြီး အူရီဒူးအသုံးပြုသူများသည် ကြိုက်နှစ်သက်သည့် နေ့စဉ်သုံးနှင့် လသုံး Red တော်ကီ အစီအစဉ်ကို ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

နေ့စဉ်သုံး အစီအစဉ်တွင် မိနစ် ၃၀ စာ ဖုန်းခေါ်ဆိုခွင့်ကို ၂၄၉ ကျပ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး သက်တမ်းမှာ တစ်ရက်သာ ရှိမည်ဖြစ်သည်။ လသုံးအစီအစဉ်တွင် ၁၂၅ မိနစ်ကို ၉၉၉ ကျပ်ဖြင့်လည်းကောင်း၊ ၂၅၀ မိနစ်ကို ၁၉၉၉ ကျပ်ဖြင့်လည်းကောင်း၊ ၃၅၀ မိနစ်ကို ၂၇၉၉ ကျပ်ဖြင့်လည်းကောင်း ဝယ်ယူနိုင်မည်ဖြစ်ပြီး သက်တမ်းမှာ တစ်လရှိမည်ဖြစ်သည်။ အစီအစဉ်များကို ဝယ်ယူရန်အတွက် *150# သို့ ဖုန်းခေါ်ဆိုပြီး နှစ်သက်ရာအစီအစဉ်ကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကြီးတွင် ပညာပါရမီကုသိုလ်ထူး ဆည်းပူးနိုင်

မြတ်ဗုဒ္ဓ၏ သာသနာတော်တွင် သာသနာတော်သုံးရပ်ရှိရာ ပရိယတ္တိသာသနာတော်သည် မူလဘူတအရင်းအမြစ် ရေသောက်မြစ်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပရိယတ္တိစာမေးပွဲငါးမျိုးကိုနှစ်စဉ်ကျင်းပပေးလျက်ရှိရာ ယင်းစာမေးပွဲများအနက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် သာသနာ့သမိုင်းတွင် ထင်ရှားလှပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသော သာသနာ့ အာဇာနည် အရှင်မြတ်တို့သည် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတရားတော်များကို သင်အံကျက်မှတ်ကြရသည်ဖြစ်ရာ ဤစာမေးပွဲကြီးသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာ သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားရေး၌ လွန်စွာကျေးဇူးများလှသည့် စာမေးပွဲကြီး ဖြစ်ပါသည်။

**ပိဋကတ်သုံးပုံ အာဂုံ ရေးဖြေ**

တိပိဋကဓရ ဆိုသည်မှာ ပိဋကတ်သုံးပုံ အာဂုံအောင်ပုဂ္ဂိုလ်ဖြစ်ပြီး တိပိဋကကောဝိဒဆိုသည်မှာ ပိဋကတ်သုံးပုံသဘောရေးဖြေအောင်ပုဂ္ဂိုလ် ဖြစ်ပါသည်။ သို့ဖြစ်၍ တိပိဋကဓရ တိပိဋကကောဝိဒဆိုသည်မှာ ပိဋကတ်သုံးပုံကို အာဂုံရေးဖြေအောင်မြင်ပြီးသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ကောဇာသက္ကရာဇ် ၁၃၁၀ ခုနှစ်(၁၉၄၈ ခုနှစ်)တွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ပထမအကြိမ် ကျင်းပစဉ်က စာမေးပွဲကြီးတွင် စာရင်းသွင်း ၁၇ ပါးအနက် ခြောက်ပါး ဝင်ရောက်ပြန်ဆိုခဲ့ရာ တစ်ပါးမျှ အာဂုံပြန်အောင်မြင်ခြင်း မရှိခဲ့သောကြောင့် စာမေးပွဲကြီးကို ဆက်လက်ကျင်းပရန်ပင် အားလျော့ခဲ့ကြပြီး ဒုတိယအကြိမ် ကျင်းပရာတွင် တစ်ပါးမျှမအောင်မြင်လျှင် နောက်နှစ်များတွင် မကျင်းပတော့ဘဲ ပယ်ဖျက်ရန် ထိုစဉ်က စာမေးပွဲကြီးကို တာဝန်ယူကျင်းပနေသည့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် သင်းလုံးကျွတ်အစည်းအဝေးကြီးက အတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။

**ပထမဆုံးသော သာသနာ့အာဇာနည်**

ကောဇာသက္ကရာဇ် ၁၃၁၁ ခုနှစ်(၁၉၄၉ ခုနှစ်)၊ ဒုတိယအကြိမ် ကျင်းပသော တိပိဋကစာမေးပွဲတွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်မှ ဘဒ္ဒန္တပညာသာရက ဝင်ရောက်ဖြေဆိုခဲ့ရာ ဝိနည်း ငါးကျမ်းစလုံးကို နေ့စဉ်အထောက်အမလွတ်ပြန်ဆိုနိုင်သဖြင့် ဝိသိဋ္ဌဝိနယဓရဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။ ပထမဆုံးသော သာသနာ့အာဇာနည် ဘဒ္ဒန္တပညာသာရ၏ ကျေးဇူးကြောင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး ရပ်ဆိုင်းမသွားဘဲ ဆက်လက်ကျင်းပနိုင်ခဲ့ပြီး ယခုကဲ့သို့ အကြိမ်(၇၀)အထိ တည်ရှိလာခဲ့ခြင်းဖြစ်ပါသည်။

မြန်မာပြည်တွင် ဗုဒ္ဓသာသနာတော်၌ ဝိနည်းငါးကျမ်းစလုံးကို အထစ်အငေါ့မရှိ၊ ထောက်ပေးရခြင်းမရှိ၊ ဂုဏ်ထူးဖြင့် ပထမဆုံး အာဂုံအောင်မြင်တော်မူသည့် ဘဒ္ဒန္တပညာသာရအား နိုင်ငံတော်သမ္မတကြီး၏ စံအိမ်တော်ဧည့်ခန်းမ၌ နိုင်ငံတော်သမ္မတကြီးအမှူးပြုသော အစိုးရအဖွဲ့ဝန်ကြီးများနှင့် နိုင်ငံသူ နိုင်ငံသားများက မင်းခမ်းမင်းနားဖြင့် ကြီးကျယ်ခမ်းနားစွာ ချီးကျူးပူဇော်ခဲ့ကြပြီး ဝိသိဋ္ဌဝိနယဓရ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ သာသနာ့အောင်လံ၊ ကုန်း၊ ရေ ပထမတန်း အခမဲ့ခရီးသွားလက်မှတ်၊ ဝိသိဋ္ဌဝိနယဓရဘွဲ့ပုံပါရှိသော ဆင်စွယ်ယပ်ဝန်းတို့ကို ဆက်ကပ်ခဲ့ကြပါသည်။

**မင်းကွန်းဆရာတော်ကြီး**

ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ်(၁၉၅၀ ခုနှစ်)၊ တတိယအကြိမ် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် မင်းကွန်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသသည် ဝိနည်းငါးကျမ်းကို အာဂုံ၊ ရေးဖြေ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူခဲ့သည့်အပြင် ကျန်ရှိသော ကျမ်းစာများကိုလည်း နှစ်မခြားဘဲ ဂုဏ်ထူးမှတ်များဖြင့် ဆက်တိုက်ဖြေဆို အောင်မြင်ခဲ့သောကြောင့် ကောဇာသက္ကရာဇ် ၁၃၁၅ ခုနှစ်(၁၉၅၃ ခုနှစ်)၊ ဆဋ္ဌအကြိမ် ကျင်းပသော စာမေးပွဲကြီးတွင် ဝိသိဋ္ဌတိပိဋကဓရ၊ မဟာတိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက အရှင်မြတ်ဟူ၍ ဦးစွာ ပေါ်ထွန်းခဲ့သော သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါး ဖြစ်လာခဲ့ပါသည်။ နိုင်ငံတော်အစိုးရက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသအား ဝိသိဋ္ဌတိပိဋကဓရ၊ မဟာတိပိဋကကောဝိဒဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံနှင့် ကုန်း၊ ရေ၊ လေ အခမဲ့ ခရီးသွားလက်မှတ်တို့ကို ဆက်ကပ်ခဲ့ပါသည်။

**ဆဋ္ဌ သင်္ဂါယနာတင်ပွဲကြီး**

ထိုကဲ့သို့ မြန်မာနိုင်ငံတွင် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်တစ်ပါး ပေါ်ထွန်းလာသည်ကို ဂုဏ်ယူဝင့်ကြွားလျက် ဗုဒ္ဓဘာသာမြန်မာတို့သည် ထေရဝါဒငါးနိုင်ငံနှင့် ညှိနှိုင်းပြီး ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ၁၉၅၄ ခုနှစ်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်တစ်ပါး ပေါ်ထွန်းလာခြင်းက ဆဋ္ဌသင်္ဂါယနာတင်နိုင်ရန် အထောက်အပံ့ကောင်းကြီးတစ်ရပ် ဖြစ်ခဲ့ပါသည်။

> **“မြန်မာနိုင်ငံတွင် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်တစ်ပါး ပေါ်ထွန်းလာသည်ကို ဂုဏ်ယူဝင့်ကြွားလျက် ဗုဒ္ဓဘာသာမြန်မာတို့သည် ထေရဝါဒငါးနိုင်ငံနှင့် ညှိနှိုင်းပြီး ဆဋ္ဌ သင်္ဂါယနာတင်ပွဲကြီးကို ၁၉၅၄ ခုနှစ်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်တစ်ပါး ပေါ်ထွန်းလာခြင်းက ဆဋ္ဌသင်္ဂါယနာတင်နိုင်ရန် အထောက်အပံ့ကောင်းကြီးတစ်ရပ် ဖြစ်ခဲ့ပါသည်။ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပခဲ့သည့် ၁၃၁၀ ပြည့်နှစ်မှ ယခု ၁၃၈၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၇၀ ကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ၁၄ ပါးနှင့် တိပိဋကဓရ ရှစ်ပါးသာ ပေါ်ထွန်းခဲ့သောကြောင့် တိပိဋက အရှင်မြတ်တစ်ပါး ပေါ်ထွန်းရေးသည် အလွန်ပင် ခက်ခဲကြောင်း တွက်ဆသိမြင်နိုင်ပါသည်”**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပခဲ့သည့် ၁၃၁၀ ပြည့်နှစ်မှယခု ၁၃၈၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၇၀ ကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ၁၄ ပါးနှင့် တိပိဋကဓရ ရှစ်ပါးသာ ပေါ်ထွန်းခဲ့သောကြောင့် တိပိဋက အရှင်မြတ်တစ်ပါး ပေါ်ထွန်းရေးသည် အလွန်ပင် ခက်ခဲကြောင်း တွက်ဆသိမြင်နိုင်ပါသည်။

**နှစ်ပေါင်း ၇၀ ကာလ**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး ကျင်းပခဲ့သည့် နှစ်ပေါင်း ၇၀ အတွင်း တိပိဋကဓရ တိပိဋကကောဝိဒအောင်မြင်ခဲ့သော ဆရာတော်ကြီး ၁၄ ပါးတို့မှာ -

- မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊
- ပခုက္ကူဆရာတော်ကြီး ဘဒ္ဒန္တနေမိန္ဒ၊
- ပြည်ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လ၊
- ရန်ကုန်ဆရာတော်ကြီး ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊
- ယောဆရာတော်ကြီး ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊
- ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊
- မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊
- မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊
- မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၊
- မြိုင်ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊
- ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုန္ဒပါလ၊
- စစ်ကိုင်းဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ၊
- ဘုတလင်ဆရာတော် ဘဒ္ဒန္တကုန္ဒာစရိယနှင့်
- နောင်ချိုဆရာတော် ဘဒ္ဒန္တဝီရိယာနန္ဒ

တို့ဖြစ်ကြပါသည်။

တိပိဋကဓရ အောင်မြင်ခဲ့ကြသော ဆရာတော် ရှစ်ပါးတို့မှာ-

- ဘဒ္ဒန္တကောဏ္ဍည၊
- ဘဒ္ဒန္တပညာသိရီလင်္ကာရ၊
- ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ၊
- ဘဒ္ဒန္တဝါသေဋ္ဌာလင်္ကာရ၊
- ဘဒ္ဒန္တဝိစိတ္တသာရ၊
- ဘဒ္ဒန္တစက္ကိန္ဒ၊
- ဘဒ္ဒန္တပညာဝံသာဘိဝံသနှင့်
- ဘဒ္ဒန္တသေဋ္ဌဉာဏာလင်္ကာရ

တို့ဖြစ်ကြပါသည်။

**ချီးကျူးပူဇော်ပွဲကြီး**

တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် လောင်းလျာ အရှင်မြတ်များပေါ်ထွန်းရေးနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး တည်တံ့ခိုင်မြဲရေးတို့ကို ရည်သန်လျက် ၂၀၁၈ ခုနှစ် မေ ၁၈ ရက်တွင် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကြီးကို အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ပါသည်။

ယခုကောဇာသက္ကရာဇ် ၁၃၇၉ ခုနှစ်(၂၀၁၈ ခုနှစ်)တွင် ပိဋကသုံးပုံအာဂုံအောင် တိပိဋကဓရ တစ်ပါး၊ ပိဋကနှစ်ပုံခွဲအာဂုံအောင် မူလအာဘိဓမ္မိက နှစ်ပါး၊ ပိဋကနှစ်ပုံအောင် ဒီဃနိကာယကောဝိဒ တစ်ပါး၊ပိဋကနှစ်ပုံအာဂုံအောင် ဒီဃဘာဏက ခြောက်ပါး၊ ပိဋကတစ်ပုံအောင် ဝိနယကောဝိဒ လေးပါး၊ ပိဋကတစ်ပုံအာဂုံအောင် ဝိနယဓရ ၁၃ ပါး၊ ဝိနည်းရှေ့ပိုင်းနှစ်ကျမ်းအောင် ဥဘတောဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ ဝိနည်းရှေ့ပိုင်း နှစ်ကျမ်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ၅၁ စုစုပေါင်း ၈၈ ပါးတို့ အောင်မြင်တော်မူကြပါသည်။

အဆိုပါ တိပိဋကစာမေးပွဲ အောင်မြင်တော်မူကြသော သံဃာတော်များအား ပညာပါရမီကုသိုလ်ထူး ပြုလုပ်လိုကြသော အလှူရှင်များအနေဖြင့် နဝကမ္မ၊ လှူဖွယ်ဝတ္ထုများကို သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ၊ ဖုန်း-၀၁-၆၆၄၅၇၈၊ ၀၉-၂၆၄၄၃၆၅၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဥယျာဉ်ခြံသီးနှံများ ထိန်းသိမ်းခြင်းနှင့် ပင်ပိုင်းမျိုးပွားခြင်း နည်းပညာပေးသင်တန်း ကြာအင်းဆိပ်ကြီး၌ ဖွင့်လှစ်



**ကြာအင်းဆိပ်ကြီး ဧပြီ ၁၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဥယျာဉ်ခြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် Lutheram World Federation((LWF)အဖွဲ့တို့ ပူးပေါင်း၍ ဒေသခံတောင်သူများအား ဥယျာဉ်ခြံသီးနှံများ ပြုစုထိန်းသိမ်းခြင်းနှင့် ပင်ပိုင်းမျိုးပွားခြင်း နည်းပညာပေးသင်တန်းကို ဧပြီ ၁၀ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဥယျာဉ်ခြံသစ်သီးပင် စိုက်ပျိုးမှုမှာ ၁၅၈၆၃ ဧကရှိရာ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးမှု များပြားသော မြို့နယ်ဖြစ်သည်။ မြို့နယ်အတွင်း သံပရာ၊ ကျွဲကော အစရှိသည့် နှစ်ရှည်ခံသီးနှံများကို အဓိကစိုက်ပျိုးရာတွင် မျိုးပွားစိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းတို့ကို နည်းလမ်းမှန်ကန်စွာဖြင့် ဆောင်ရွက်ခြင်းဖြင့် သီးနှံအထွက်နှုန်းကောင်းပြီး ဝင်ငွေပိုမိုရရှိစေရန်အတွက် ဒေသခံများ၊ ငြိမ်းချမ်းရေးမိသားစုဝင်များအား အဓိကထား၍ နည်းပညာပေးသင်တန်းကို ဖွင့်ပေးခြင်း ဖြစ်ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်နှင့် LWF အဖွဲ့မှ အသက်မွေးဝမ်းကျောင်းတာဝန်ခံ ဦးစောဆယ်လုံးစိန်တို့က ဒေသအတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းအရာများနှင့် စိုက်ပျိုးရေးနည်းပညာသင်တန်း ပို့ချပေးခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းတက်ရောက်သော ဥယျာဉ်စိုက် ဒေသခံတောင်သူများနှင့် ငြိမ်းချမ်းရေးမိသားစုဝင် ၂၄ ဦးတို့အား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝေလင်း ညွှန့်နှင့် စိုက်ပျိုးရေးပညာရှင်များက ဒေသတွင်း ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ ဥယျာဉ်ခြံသီးနှံများ ပြုစုထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးနည်းစနစ်များ၊ အသီးသီးနှုန်းမြန်စေသည့် ပင်ပိုင်းမျိုးပွားနည်းများတွင် ကိုင်းစည်းကိုင်းဆက် ပြုလုပ်ပုံများ၊ ဥယျာဉ်ခြံသီးနှံများအတွက် သဘာဝမြေဩဇာနှင့် သဘာဝ ပိုးသတ်ဆေး အသုံးပြုပုံများကို ဧပြီ ၁၀ ရက်နှင့် ၁၁ ရက် နှစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဝိုင်းမော်မြို့ စစ်ရှောင်စခန်းရှိ ကလေးများအား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး သွားရောက်ကြည့်ရှု

**ဝိုင်းမော် ဧပြီ ၁၃**

မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့အမှတ်(၃)ရပ်ကွက် လော်ဝေါစစ်ရှောင်စခန်းရှိ ကလေးများအား ကချင်ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဂျေကော့ဘူနှင့်အဖွဲ့ ဧပြီ ၁၁ ရက်က သွားရောက်ကြည့်ရှုပြီး အဆိုပါစခန်း ကလေးပျော်ဆောင်ရှိ ကလေးသူငယ် ၈၀ အား တွေ့ဆုံကာ ကျောင်းပညာကြိုးစားရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရန် တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်၏ဇနီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တို့က စစ်ရှောင်စခန်းမှ ကလေးပျော်ဆောင်အတွက် အလှူငွေ ကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့ပြီး ကလေးပျော်ဆောင်တွင် ကလေးများ နေထိုင်မှု အခြေအနေကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



## နမ့်ခမ်းမြို့၌ နွေရာသီအားကစား သင်တန်းများဆင်း

**နမ့်ခမ်း ဧပြီ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သော နွေရာသီအားကစားသင်တန်းများ ဆင်းပွဲကို မြို့နယ်အားကစားကွင်း၌ ဧပြီ ၁၀ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အားကစားအရာရှိ ဒေါ်နန်းစုစန္ဒာလွင်၊ ဆုတံဆိပ်အလှူရှင် ဒေါ်နန်းအေးခင်နှင့် တာဝန်ရှိသူများက ထူးချွန်အားကစားသမားများအား ဆုများချီးမြှင့်ကာ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ အဆိုပါ နွေရာသီအားကစားသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဝူရှူးနှင့် အေရိုးဗစ်အားကစားနည်း ငါးမျိုး ပါဝင်ပြီး မတ် ၁၅ ရက်မှ ဧပြီ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပ

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာပေအသိပညာ ဗဟုသုတများ တိုးပွားစေရန်အတွက် နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ စာအုပ်/စာစောင် ပြပွဲများကို မေ ၁၀ ရက်က သာယာကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အိအိမွန်က စာဖတ်ခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးများအကြောင်းနှင့် တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုများကို စာပေဖြင့် အပန်းဖြေရန် လက်တစ်ကမ်းတွင် ပြည်သူ့စာကြည့်တိုက်ရှိကြောင်း ဆွေးနွေးခဲ့ပြီး ဒေသခံတစ်ဦးက အတန်းပညာမရှိကြသော ကလေးများ စာဖတ်နိုင်ရန် မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို မေးမြန်းရာ မြို့နယ် ပြန်/ဆက် ဦးစီးမှူးက ကလေးများအနေဖြင့် လိုအပ်ပါက ၎င်း၏ ကိုယ်ပိုင်အားလပ်ချိန်ဖြစ်သည့် ညပိုင်းအချိန်များတွင် မူလတန်းအခြေခံပညာကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ အမှန်တကယ် တက်ချင်ပါက သင်္ကြန်အပြီးတွင် စတင်သင်ကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ခင်းကျင်းပြသထားသော နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြု မှတ်တမ်းဓာတ်ပုံများ၊ ကျန်းမာရေးပိုစတာများ၊ မူးယစ်ဆေးနှင့် ပတ်သက်သော ပိုစတာများ၊ အသိပညာပေးနံရံကပ်စာစောင်များကို ဟောပြောပွဲသို့တက်ရောက်လာသော ရပ်ကွက်နေပြည်သူများက လေ့လာကြည့်ရှုခဲ့ပြီး စာအုပ်စာစောင်များကိုလည်း ရပ်ကွက်နေပြည်သူများထံ ပြန်/ဆက်ဝန်ထမ်းများက ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆိပ်ကမ်းမြို့နယ်၌ သင်္ကြန်ကာလမှုခင်းကျူးလွန်ခြင်းရေးပညာပေး

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် ပြည်တွင်း ကုန်တင်/ကုန်ချအလုပ်သမားရုံး၌ အလုပ်သမားများနှင့် ရပ်ကွက်နေပြည်သူများအား မဟာသင်္ကြန်ကာလ မှုခင်းကျူးလွန်ခြင်းရေး ပညာပေးဟောပြောခြင်းကို ဆိပ်ကမ်းမြို့နယ် မြို့မ ရဲစခန်းမှ ခေတ္တရဲစခန်းမှူး ရဲအုပ်ဟန်ထွန်းအောင် ဦးဆောင်သောအဖွဲ့ မေ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

မှုခင်းကျူးလွန်ခြင်းရေး အသိပညာပေးရာတွင် မဟာသင်္ကြန်ပွဲတော် ကာလအတွင်း ပြည်သူများအနေဖြင့် တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ကာမစိတ်ကြွစေသော ဆေးဝါးများသုံးစွဲခြင်းမှ ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးများနှင့်အတူ ပြစ်မှုပြစ်ဒဏ်များကို ချပြရှင်းလင်းကာ မလိုလားအပ်သောမှုခင်းဖြစ်စဉ်များ မဖြစ်ပွားရေးအတွက် ပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များကို တက်ရောက်လာသော ပြည်သူများအား ဝေငှပေးခဲ့သည်။ ဟောပြောပွဲသို့ ဆိပ်ကမ်းမြို့နယ် ခေတ္တစခန်းမှူး ရဲအုပ်ဟန်ထွန်းအောင်နှင့်အဖွဲ့၊ ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားဦးစီးမှူး ဦးသိန်းလွင်နှင့် အလုပ်သမားများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**



## ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ဘားအံ၌ ကျင်းပ

**ဘားအံ မေ ၁၃**

ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီက ဦးစီးကျင်းပခဲ့သည့် ချစ်ကြည်ရေးဖိတ်ခေါ်ဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မေ ၁၁ ရက်က ဘားအံမြို့အောင်သံလွင် အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဗိုလ်လုပွဲတွင် ဘားအံတက္ကသိုလ်အသင်းနှင့် ဘောနော်ထူး FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဘားအံတက္ကသိုလ်အသင်းက အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပကာ ဆုရအသင်းများအား ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ကရင်ပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ငွေသားဆုနှင့် ဆုဖလား၊ ဆုတံဆိပ်များ၊ နေရာအလိုက် အကောင်းဆုံး ကစားသမားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါပြိုင်ပွဲကို မေ ၄ ရက်က စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ အသင်းများ၊ တပ်မတော် နယ်ခြားစောင့်တပ် အသင်းနှင့် အခြားပြိုင်ပွဲဝင် အသင်းများ စုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မင်းရာဇာ**

# အခက်အခဲ ပြဿနာများကြားမှ လျှပ်စစ်မီတာရရန် ဟိုင်းကြီးကျွန်းမှ ဒေသခံများ စောင့်မျှော်နေကြ

**ဟိုင်းကြီးကျွန်း မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် လျှပ်စစ်မီတာဝယ်ယူလိုမှု မြင့်တက်လျက်ရှိပြီး မေလအတွင်း လျှောက်ထားသူများအားလုံး မီတာများရရှိမည်ဆိုသည့်သတင်း ထွက်ပေါ်လျက်ရှိရာ ဒေသခံများအကြားတွင် ထိုသတင်း မှန်ကန်မှုရှိ မရှိကို သိရှိလိုမှုမှာလည်း ထပ်တူမြင့်တက်လျက်ရှိသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ၂၀၁၇ ခုနှစ် မေ ၁၁ ရက်မှစ၍ ၂၄ နာရီ မီးရရှိခဲ့ခြင်းဖြစ်ပြီး မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ဒေသလိုအပ်ချက်ဖြစ်သည့် မီတာအရေအတွက်ကို ပြည့်မီအောင်ရောင်းချပေးရန် အခက်အခဲရှိခဲ့၍ မီတာတပ်ဆင်အသုံးပြုရန် လျှောက်ထားသည့်အရေအတွက်၏ ထက်ဝက်ခန့်သာ မီတာတပ်ဆင်သုံးစွဲခွင့် ရရှိခဲ့ရာ ဒေသခံအများစုက ထပ်မံရရှိလာမည့် မီတာများကို စောင့်မျှော်လျက်ရှိသည်။

လျှပ်စစ်မီတာ လျှောက်ထားလိုမှု မြင့်မားနေ၍ မီတာအရေအတွက် ပြည့်မီအောင်မရောင်းချနိုင်သည့် အခက်အခဲကြောင့် ကနဦးမီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထား၍ မီတာဝယ်ယူအသုံးပြုသည့် စနစ်အစား မြို့ပေါ်ရပ်ကွက်သုံးခုရှိ ဒေသခံများ အညီအမျှရရှိနိုင်စေရန်အတွက် ရပ်ကွက်အလိုက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ညှိနှိုင်း၍ ရပ်ကွက်မီးလင်းရေးကော်မတီများကို ဖွဲ့စည်းကာ ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုအချိုးအစားကို ချိန်ဆ၍ လျှပ်စစ်မီတာများကို ခွဲဝေချထားပြီး မဲစနစ်ဖြင့်လည်းကောင်း၊ စီနီယာစနစ်ဖြင့်လည်းကောင်း အမည်စာရင်းများ ရယူခဲ့ရကြောင်း၊ ရရှိလာသော အမည်စာရင်းများကိုမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မီတာပြန်လည်လျှောက်ထားစေခဲ့ပြီး မီတာတပ်ဆင် အသုံးပြုသည့် စနစ်မျိုးဖြင့် မြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ဆောင်ရွက်ပေးခဲ့ရကြောင်း မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးနေအောင်ထံမှ သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မဲစနစ်ဖြင့်ဆောင်ရွက်ခဲ့သော ရပ်ကွက်များတွင် ကြီးမားသောပြဿနာများ မဖြစ်ပေါ်ခဲ့သော်လည်း အမှတ်(၃)ရပ်ကွက်တွင် စီနီယာစနစ်ဖြင့် ဆောင်ရွက်ရာ၌ မီးလင်းရေးကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှု ကျွမ်းကျင်မှုမရှိခဲ့၍ အမည်စာရင်းရေးသွင်းမှု မှားယွင်းခြင်း၊ သတ်မှတ်မီတာဈေးနှုန်းထက် ပိုမိုပေးဆောင်ရခြင်းတို့ ဖြစ်ခဲ့ပြီး ဒေသခံပြည်သူများနှင့် မီးလင်းရေးကော်မတီတို့အကြား တင်းမာမှုများ ဖြစ်ပေါ်ခဲ့ကြောင်းလည်း သိရသည်။

ထို့နောက် မီးလင်းရေးကော်မတီ၏စီစဉ်ပေးမှုဖြင့် မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ နေ့စားဝန်ထမ်းများက မီတာရရှိသူနှင့် မရရှိသူများပါမကျန် အိမ်တွင်းမီးလိုင်း သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ မီးသုံးစွဲလိုမှု မြင့်တက်နေသော ဒေသခံများအကြားတွင် မီတာရရှိထားသူက မီတာမရရှိသူများထံ အခကြေးငွေဖြင့် တစ်ဆင့်မီးပေးသော အခြေအနေမျိုးအထိ ဖြစ်ပေါ်ခဲ့၍ ဥပဒေမဲ့ မီးသုံးစွဲမှုမရှိစေရန် မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက လိုက်လံစစ်ဆေးမှုများလည်း ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

တစ်ဖက်တွင်လည်း မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ ဘဏ္ဍာရေးတာဝန်ခံ ဝန်ထမ်းတစ်ဦးထပ်မံ ရောက်ရှိလာပြီး မီးလင်းရေးကော်မတီဆိုသည်မှာ တရားမဝင်ကြောင်း၊ ဖွဲ့စည်းခွင့်လည်းမရှိကြောင်း၊ ယနေ့မှစ၍ လျှပ်စစ်မီတာလျှောက်ထားခြင်းကို မြို့ရုံးသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ လာရောက်လျှောက်ထားရမည်ဖြစ်ကြောင်း၊ မီးလင်းရေးကော်မတီများသို့ အမည်စာရင်းပေးသွင်းထားသည်များမှာ တရားမဝင်ကြောင်း ပြောဆိုရှင်းလင်းမှုများ ရှိခဲ့၍ မီတာဝယ်ယူလိုမှု မြင့်တက်နေသော ဒေသခံပြည်သူများနှင့် တင်းမာမှုများ ထပ်မံဖြစ်ပေါ်ခဲ့သည်။

ထို့အပြင် မြို့ရုံးတွင် ဝန်ထမ်းအင်အားနည်းခြင်းကြောင့် လျှောက်လွှာလက်ခံရာတွင် ရက်ခြား၍ဆောင်ရွက်ခြင်းကို အကြောင်းပြုကာ မီတာလျှောက်လွှာစာရင်းတွင် ထိပ်ဆုံးနေရာ ရရှိရေးအတွက် နံနက်မိုးမလင်းမီ ၂ နာရီခန့်မှစ၍ ရုံးရှေ့မြေကွက်လပ်တွင် စာရွက်စာတမ်းများစီ၍ စောင့်ဆိုင်းနေကြသည့် အခြေအနေအထိ ဖြစ်ပေါ်ခဲ့ကြောင်းလည်း သိရသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အနေဖြင့် မေ ၁ ရက်မှစ၍ မြို့ကြီးသုံးမီတာကို ၉၀၀၀၀ ကျပ်၊ မြို့ငယ်သုံးမီတာကို ၇၅၀၀၀ ကျပ်၊ ကျေးရွာသုံးမီတာများကို ၄၅၀၀၀ ကျပ် စသည်ဖြင့် အိမ်သုံးမီတာခများကို ပြင်ဆင်ကောက်ခံသွားမည်ဖြစ်ပြီး ဧပြီလကုန်ရက်နောက်ဆုံးထား၍ မီတာများရရှိနိုင်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိ အင်ဂျင်နီယာတစ်ဦးက ဧပြီလအတွင်း ဟိုင်းကြီးကျွန်းမြို့သို့ ရုံးစစ်ဆေးသည့် ခရီးစဉ်တစ်ခုတွင် ပြောကြားခဲ့ရာ ထိုသတင်းအတိုင်း မီတာများ အမှန်တကယ် ရမည်/မရမည်ကိုလည်း ဒေသခံပြည်သူများက စိတ်ဝင်စား မျှော်လင့်နေကြသည်။

လက်ရှိအချိန်တွင် ဟိုင်းကြီးကျွန်းမြို့၌ မီတာရရှိပြီး ၂၄ နာရီ မီးသုံးစွဲနေသူ အိမ်ထောင်စု ၈၀၀ ကျော်ရှိကာ ထပ်မံလျှောက်ထားသူနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံမှတစ်ဆင့် အမည်စာရင်းပေးသွင်းထားသော မီတာမရသေးသူ စုစုပေါင်းမှာ ၁၁၄၇ ဦးရှိနေကြောင်း မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။ ဟိုင်းကြီးကျွန်းမြို့၌ မီတာများ တပ်ဆင်ပေးရေးတွင် အထက်ပါအတိုင်း အခက်အခဲ ပြဿနာ အမျိုးမျိုး ပေါ်ပေါက်ခဲ့၍ အဆင်မပြေမှုများရှိခဲ့သော်လည်း မီတာမရသေးသော ဒေသခံပြည်သူများအနေဖြင့် မီတာရရှိရေးကို လိုလားနေကြပြီး ဆက်လက်မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**သတင်းဆောင်းပါး-ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## လှိုင်းဘွဲ့မြို့၌ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်

**လှိုင်းဘွဲ့ မေ ၁၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ အသိအမြင်ဗဟုသုတ တိုးတက်စေရေးနှင့် စာဖတ်အား ပိုမိုကောင်းမွန်လာစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ဆွေးနွေးပွဲကို မေ ၁၁ ရက်က အထက(လှိုင်းဘွဲ့) ပန်းဝတ်မှုံခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စောလင်းက ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေးက စာပေ၏တန်ဖိုး၊ စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူး၊ စာပေ၊ စာဖတ်ဝိုင်း၊ စာကြည့်တိုက်နှင့် လူငယ်များအပေါ် နိုင်ငံရေးအမြင်အကြောင်းကိုလည်းကောင်း၊ ရပ်မိရပ်ဖ ဦးအောင်ငွေက အတန်းပညာနှင့် စာပေဖတ်မှတ်လေ့လာမှုမှ ဘဝကို ထိန်းကျောင်းပဲ့ကိုင်နိုင်သည့် ကိုယ်တွေ့ဘဝအတွေ့အကြုံများ အကြောင်းကိုလည်းကောင်း၊ ရပ်မိရပ်ဖဦးစိုးနိုင်က အတွေးအခေါ်မှားလျှင် ဘဝမှားမည်၊ အတွေးအခေါ်မှန်လျှင် ဘဝမှန်မည်၊ စာဖတ်ပြီး စဉ်းစားတွေးခေါ်တတ်စေရန် လူငယ်နှင့် အတွေးအခေါ်အကြောင်းကိုလည်းကောင်း၊ ဒေါ်ဖြူစင်အိ(ပရဟိတလူငယ်အဖွဲ့)က လူငယ်များ စာပေဖတ်ရှုပြီး မှန်ကန်သည့်အတွေးအခေါ်များရရှိရန် လူကြီးများက ပန့်ကန်ချထားပေးရမည့် ယနေ့စာပေနှင့် လူငယ်အမြင်အကြောင်းကိုလည်းကောင်း၊ ဆွေးနွေးပွဲ Moderator ဖြစ်သူ ကရင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းအဖွဲ့ဝင် ဒေါ်လှလှမြင့်က မြန်မာစာပေ သတ်ပုံအက္ခရာများအကြောင်း၊ မြန်မာစာပေဘာသာ စကားကို ချစ်မြတ်နိုးလာစေရန်နှင့် Facebook မှ ပေးသော စာပေအသိပညာ အကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းဆရာ ကိုမျိုးဝင်းထွန်း၊ ဆည်မြောင်းဌာနမှ ကိုကျော်ဝင်းထွန်း၊ လှိုင်းဘွဲ့မြို့ခံ ဦးဌေးဝင်း၊ ဘားအံပညာရေးကောလိပ်မှ မောင်လှိုင်းအာကာ၊ သမဝါယမဦးစီးဌာနမှ ဦးခိုင်သင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘထွန်းတို့က သိလိုသည်များ မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းခဲ့ကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လှိုင်းဘွဲ့လူငယ်အဖွဲ့၊ ပရဟိတ လူငယ်အဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ စုစုပေါင်း ၂၇၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**




## ဘားအံမြို့နယ်၌ ပတ-ကော့ထရောင်း ကျေးရွာချင်းဆက် တံတားသစ် ဖွင့်လှစ်

**ဘားအံ မေ ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ပိုင်ကျုံမြို့အနီးရှိ နောင်ခွီးကျေးရွာအုပ်စု ကော့ထရောင်းကျေးရွာနှင့် ပတကျေးရွာအုပ်စုကြား ဆက်သွယ်ထားသော ပတ-ကော့ထရောင်းတံတား တည်ဆောက်ပြီးစီးသွားသောကြောင့် ဖွင့်ပွဲကို မေ ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။တံတားဖွင့်ပွဲတွင် မဲလမကျောင်းဆရာတော် ဘဒ္ဒန္တယောနက၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဆရာတော်က ဩဝါဒချီးမြှင့်ကာ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တံတားဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ပတ-ကော့ထရောင်း တံတားသည် အရှည် ၂၀၃ ပေ၊ တံတားအကျယ် ၁၆ ပေရှိပြီး ၂၀၁၇ ဒီဇင်ဘာလအတွင်းမှစ၍ ကျေးရွာနေဒေသခံများ၊ အဖွဲ့အစည်းများ၊ အလှူရှင်များ၏ ဒေသအကျိုးအတွက် စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၃၅၀၀ ကျော်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး ကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည့် တံတားတစ်စင်း ဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးညှင်းမြို့နယ်၌ လောကဓာတုစေတီတော် ထီးတင်ပွဲနှင့် ကျောင်းရေစက်ချပွဲ ကျင်းပမည်

**မိုးညှင်း ဧပြီ ၁၃**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မော်ဟဲကျေးရွာရှိ လောကဓာတုမုနိစေတီတော်မြတ် ထီးတော်တင်လှူပွဲနှင့် ဘုန်းတော်ကြီးကျောင်း ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပရန်အတွက် ပွဲတော်အပ်နှင်းပွဲကို ဧပြီ ၁၂ ရက်က အဆိုပါဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

မော်ဟဲကျေးရွာ လောကဓာတုမုနိစေတီတော်မြတ် ထီးတော်တင်လှူပွဲနှင့် ကျောင်းရေစက်ချအလှူတော် မင်္ဂလာပွဲ ကျင်းပရန် အပ်နှင်းပွဲတွင် မြိုင်သာယာဆရာတော်နှင့် မော်ပင့်ဆရာတော်တို့က ဩဝါဒမိန့်ကြားပြီး ပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးခဲ့ရာ ဌာနဆိုင်ရာများနှင့် ပင်လုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ပွဲတော်လုံခြုံရေး၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

"မော်ဟဲကျေးရွာဟာ ကျေးရွာအသစ်၊ စေတီတော်အသစ်၊ ဘုန်းတော်ကြီးကျောင်းတိုက်မှာလည်း အသစ်ဖြစ်သည့် အားလျော်စွာ ပွဲတော်ကျင်းပနိုင်ရေးကော်မတီများ ရပ်မိရပ်ဖများက ပွဲတော်အောင်မြင်စွာကျင်းပပြုလုပ်နိုင်ဖို့အတွက် စေတနာထားပြီး အဘက်ဘက်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပါတယ်" ဟု မော်ဟန်ရွာမကျောင်းတိုက်ဆရာတော်က မိန့်ကြားသည် ။

မော်ဟဲရွာ လောကဓာတုမုနိစေတီတော်မှာ ဉာဏ်တော် ၄၅ ပေရှိပြီး စေတီတော်လိုဏ်ဂူအတွင်း၌ လေးမျက်နှာဘုရားနှင့် အဝင်မုခ်လေးခုရှိသော စေတီတော်ဖြစ်ကာ ရင်ပြင်အကျယ် ပေ ၁၀၀ ပတ်လည်တွင် အရံစေတီတော် အဆူ ၁၂၀ ရှိကြောင်း၊ စေတီတော်အလှူ့ရှင်မှာ မော်ဟဲကျေးရွာနေ ဦးအောင်ဆန်း မိသားစုဖြစ်ပြီး စေတီတော် ထီးတော်တင်ခြင်းနှင့်အတူ ဝိမလာရာမ ဘုန်းတော်ကြီးကျောင်း ကျောင်းဆောင်သစ်ကြီး စုပေါင်းလှူဒါန်း ရေစက်ချမင်္ဂလာပွဲကို ကဆုန်လဆန်း ၁၄ ရက်မှ ကဆုန်လပြည့်ကျော် ၁ ရက်အထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **ညိုမင်းထက်(မြန်မာစာ)**

# မွန်ပြည်နယ်၌ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေး

**မော်လမြိုင် ဧပြီ ၁၃**
ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေး၊ ခရီးသည်နှင့် ကုန်စည်များ ဘေးကင်းလုံခြုံမှုရှိစေရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတို့အတွက် မွန်ပြည်နယ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မော်လမြိုင်မြို့ ကော့တွန်ကျေးရွာနှင့် ကျိုက္ခမီမြို့များသို့ ကွင်းဆင်း၍ ရေကြောင်း အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဆွေးနွေးပွဲများကို ဧပြီ ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်နယ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်သက်အောင်က မြင်းကောင်ရေ ၂၀ အောက် စက်အားရှိ ခရီးသည်တင်ပဲ့ထောင်များအနေဖြင့် စီးနင်းလိုက်ပါမည့် ခရီးသည်များ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ကြိုတင်စီမံ ပြင်ဆင်ထားရမည့် အချက်များ၊ ရေယာဉ်များတွင် မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ကြိုတင်ပြင်ဆင်ထားရမည့် အချက်များ၊ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မောင်းနှင်သူများ သိရှိလိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ ရေယာဉ်အသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ရေယာဉ်



ပိုင်ရှင်များနှင့် ရေယာဉ်မောင်းနှင်သူများက သိလိုသည်များကို မေးမြန်းကြကာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ငါးသိုင်းချောင်းမြို့၌ သင်္ကြန်ကာလ ယာဉ်အန္တရာယ်ကင်းရေး ဆောင်ရွက်သွားမည်

**ငါးသိုင်းချောင်း ဧပြီ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင်းရှိ



ပုသိမ်-မုံရွာ လမ်းမပေါ်နှင့် မြို့တွင်းမြို့ပြင် လမ်းများပေါ်တွင် သွားလာနေကြသော မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များ မဟာသင်္ကြန်ကာလအတွင်း မတော်တဆမှုဖြစ်ပွားခြင်း မရှိစေရန်အတွက် ကြိုတင်စစ်ဆေး ပညာပေးမှုများကို ဧပြီ ၁၂ ရက်က ဆောင်ရွက်ခဲ့သလို သင်္ကြန်ကာလတစ်လျှောက်လုံးတွင်လည်း ဆက်လက်ဆောင်ရွက်မည်ဟု သိရသည်။

ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြစေရေးအတွက် ငါးသိုင်းချောင်းနယ်မြေရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ကျော်စိန်လှိုင်ဦးဆောင်သော နယ်မြေရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်မောင်းသူများအား လိုက်နာရမည့် စည်းကမ်းချက်များ၊ လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို ဧပြီ ၁၂ ရက် နံနက်ပိုင်းက အသိပညာပေး ဟောပြောခဲ့ကြပြီး မဟာသင်္ကြန်ရက်များတွင်လည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မူခင်းကျဆင်းရေးလုပ်ငန်းများကို အဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ငွေဆောင်ကမ်းခြေတွင် ရေဆင်းကူးသည့် ညီအစ်ကိုနှစ်ဦး ရေနစ်သေဆုံး

**ငွေဆောင် ဧပြီ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေတွင် ဧပြီ ၁၁ ရက် ညနေပိုင်းက လာရောက်အပန်းဖြေရင်း ရေဆင်းကူးသည့် ညီအစ်ကိုနှစ်ဦး ရေနစ်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေသို့ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်မှလာရောက်၍ အပန်းဖြေကြသည့် လူငယ် ၁၇ ဦးပါ အဖွဲ့မှ တက္ကသိုလ်ဒုတိယနှစ်ကျောင်းသား မောင်အောင်ကိုလတ် ၁၉ နှစ်နှင့် ညီအရင်းဖြစ်သူ မောင်စည်သူလွင် ၁၇ နှစ် (တက္ကသိုလ်ဝင်စာမေးပွဲဖြေထားသူ) တို့သည် ချစ်သူများကျွန်းအနီးတွင် ဧပြီ ၁၁ ရက် ညနေ ၄ နာရီ ၅၀ မိနစ်ခန့်တွင် ရေဆင်းကူးကြစဉ် လှိုင်းပုတ်၍မျောပါပြီး ရေနစ်မြုပ်သွားသဖြင့် အနီးအနားရှိ ဒေသခံပြည်သူများက လိုက်လံရှာဖွေခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင်မှ သေဆုံးလျက် ပြန်လည်ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ငွေဆောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်မျိုးလှိုင်က အမှုစစ်ပြုလုပ်၍ သေမှုသေခင်းဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မူမူ (ပြန်/ဆက်)**

## သတင်းတိုများ

### ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မြို့မကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးမျိုးသိန်းနှင့် ကျေးရွာမှပြည်သူများ ဧပြီ ၁၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ပြီး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ကြိုင်နှင့် အဖွဲ့ဝင်များအား စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးကာ ကျေးရွာအတွင်းရှိ ပြည်သူများအား စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဟောပြောခဲ့ပြီး ပြန်/ ဆက်ဝန်ထမ်းများက နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ ပြသခြင်း၊ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်းနှင့် စာအုပ်စာစောင်များလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**သိန်းလွင်(အောင်လံ)**

### သထုံမြို့၌ စာဖတ်စွမ်းရည်မြင့်မားရေး နယ်လှည့်ဟောပြော

မွန်ပြည်နယ် သထုံခရိုင်အတွင်းမှ တိုင်းရင်းသားလူငယ်များ စာဖတ်စွမ်းရည် မြင့်မားစေရန်အတွက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ခရစ်ယာန်နှစ်ခြင်းအသင်းတော်ကျောင်းနှင့် အောင်းစိုင်ကျေးရွာ အမက(လွန်)ကျောင်းတို့တွင် ဖွင့်လှစ်နေသည့် နွေရာသီ ကရင်တိုင်းရင်းသားစာပေနှင့် ကရင်စကားပြောသင်တန်းများသို့ ဧပြီ ၁၁ ရက်က သွားရောက်၍ အသိပညာပေး နယ်လှည့်ဟောပြောခြင်းနှင့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဟောပြောပွဲများတွင် မြို့နယ်ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစောစံတင်က အမှာစကားပြောကြားပြီး သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်သူဇာအောင်တို့က လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောခဲ့ကြကာ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များနှင့် အေးချမ်းသာယာပြည်မြန်မာ အလှဓာတ်ပုံများကိုလည်း ခင်းကျင်းပြသခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

### မန္တလေး၌ သင်္ကြန်ကာလအတွင်း မှုခင်းလျော့နည်းကျဆင်းရေးပညာပေး

မန္တလေးမြို့တွင် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မှုခင်းလျော့နည်းကျဆင်းစေရေးအတွက် စစ်ဆေးပညာပေးခြင်းလုပ်ငန်းများကို ချမ်းအေးသာစံမြို့နယ်အတွင်း (၈၉) လမ်းတစ်လျှောက် ၂၆ လမ်းမှ ၃၅ လမ်းအထိ ဧပြီ ၁၁ ရက်က ဆောင်ရွက်ခဲ့သည်။ နယ်မြေခံ အမှတ် ၆ ရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် ကျော်သန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု ၁၇ မန္တလေး(မြောက်ပိုင်း)မှ ဒုရဲအုပ်ရွှေထန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က လမ်းတစ်လျှောက်ရှိ ဆေးဆိုင်များတွင် ကာမစိတ်ကြွဆေးဝါးများနှင့် တားမြစ်ကန့်သတ် ထိန်းချုပ်ထားသော ဆေးဝါးများ ရောင်းချခြင်းမရှိစေရန် လိုက်လံစစ်ဆေးခဲ့ပြီး လမ်းသွားလမ်းလာ ပြည်သူများကိုလည်း မှုခင်းအသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

### မြင်းမူမြို့၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်း

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော ၂၀၁၈ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကို ဧပြီ ၁၁ ရက်က မြင်းမူမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့ရာ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးဝင်းလှိုင်က သင်တန်းများဖွင့်လှစ်ပေးသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းများသို့ တက်ရောက်ခဲ့သော အားကစားသမားများက သရုပ်ပြကြသည်။ ထို့နောက် သက်ဆိုင်ရာ အားကစားနည်းပြများနှင့် အားကစားသမားများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အားကစားသင်တန်းများအဖြစ် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ မြန်မာ့ရိုးရာသိုင်း၊ စားပွဲတင်တင်းနစ်၊ အေရိုးဗစ်နှင့် လက်ဝှေ့ သင်တန်းများကို ရက် ၄၀ ကြာ ဖွင့်လှစ်ပေးခဲ့ရာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၆၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

### တောင်တွင်းကြီးမြို့၌ အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲကျင်းပ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ပြည်သူများ ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အေးချမ်းသာယာ ပြည်မြန်မာ ဓာတ်ပုံပြပွဲကို တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ချိုမိအောင်နှင့် ဝန်ထမ်းများ၏ စီစဉ်မှုဖြင့် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်က ကျင်းပခဲ့ပြီး ပြပွဲသို့ ကျောင်းသားကျောင်းသူများနှင့် မြို့နေပြည်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရားမဝင်ဆေးဝါးများ ရောင်းချမှုမရှိစေရန် ဇမ္ဗူသီရိမြို့နယ်မှ ဆေးဆိုင်များကို စစ်ဆေး

**နေပြည်တော် ဧပြီ ၁၃**
နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလအတွင်း မှုခင်းကြိုတင်ကာကွယ်ရေး စီမံချက်တစ်ရပ်အနေဖြင့် ဆေးဝါးနှင့် ဆေးပစ္စည်းရောင်းချသော ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမရှိစေရန် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့ ဧပြီ ၁၁ ရက်က လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ် အမှတ် (၉)နယ်မြေ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်ခိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီဈေးနှင့် သုခသိဒ္ဓိရပ်ကွက် သရဖီဈေးတို့ရှိ ဆေးဝါးနှင့် ဆေးပစ္စည်းရောင်းချသည့် အရောင်းဆိုင်ပေါင်း ၁၀ ဆိုင်သို့ ကွင်းဆင်း၍ မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွဆေးဝါးများ အပါအဝင် တရားမဝင် ဆေးဝါးများ ရောင်းချမှုရှိ မရှိ လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ကာ စစ်ဆေးချက်အရ တရားမဝင်ဆေးဝါးများ တင်သွင်းရောင်းချခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိကြောင်း သိရသည်။

**ကိုပေါက်**

# ရေအခက်အခဲဖြစ်နေသည့် ငါ့သရောက်မြို့နယ် ကျေးရွာ၌ စက်ရေတွင်းသစ်တစ်တွင်း တူးဖော်ပေးနေ

**ငါ့သရောက် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့သနပ်ပင်ကျေးရွာတွင် အဝီစိစက်ရေတွင်း ချွတ်ယွင်းမှုကြောင့် ဒေသခံပြည်သူများမှာ သောက်သုံးရေ အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး ရေအခက်အခဲ ပြေလည်စေရန်အတွက် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ယူနီဆက်ဖ်အဖွဲ့တို့ ပူးပေါင်း၍ ချွတ်ယွင်းနေသောစက်ရေတွင်းကို ပြန်လည်ပြုပြင်ပေးမည့်အပြင် အနက်ပေ ၇၀၀ ခန့်လေးလက်မစက်ရေတွင်းသစ်တစ်တွင်းကိုလည်း တူးဖော်ပေးနေကြောင်း သိရသည်။

ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ငွေက "သနပ်ပင်ကျေးရွာမှာ ယခုလ ၁ ရက်က ဒေသခံပြည်သူတွေ သောက်သုံးရေအတွက် မှီခိုအားထားရတဲ့ ခြောက်လက်မ အဝီစိစက်ရေတွင်းက တွင်းအောက်ပိုင်း ချွတ်ယွင်းမှုကြောင့် ရေထွက်အား သိသိသာသာ လျော့နည်းကျဆင်းသွားခဲ့တဲ့အတွက် ဒေသခံများ သောက်သုံးရေသုံးစွဲရာမှာ လုံလောက်မှုမရှိတော့ဘဲ အခက်အခဲတွေ ဖြစ်နေတယ်လို့ သိရပါတယ်၊ ကျွန်တော်တို့ ဌာနအနေနဲ့ အဲဒီသတင်းကို သိသိချင်းပဲ သနပ်ပင်ကျေးရွာကို ချက်ချင်းသွားရောက်ပြီး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါတယ်၊ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ ဒေသခံ ရပ်မိရပ်ဖ ရေကော်မတီဝင်တွေက စက်ရေတွင်းက ယခင်က ရေထွက်အား တစ်နာရီကို ရေဂါလန် ၁၃၀၀ ခန့် ထွက်ရှိပြီး အခုလ ၁ ရက်ကစပြီး ရေဂါလန် ၄၀၀ လောက်ပဲ ထွက်ရှိတော့တယ်လို့ ပြောပါတယ်၊ ထွက်တဲ့ ရေဂါ လန် ၄၀၀ နဲ့ ကျေးရွာက အိမ်ခြေ ၃၁၇ အိမ်မှ လူဦးရေ ၁၈၀၀ ခန့်အတွက် လုံလောက်မှုမရှိဘဲ အခက်အခဲတွေ ဖြစ်နေကြတယ်လို့ ပြောပြပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့ ညောင်ဦး ခရိုင်နဲ့ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပူးပေါင်းပြီး သနပ်ပင်ကျေးရွာကို တစ်ရက်ကို ရေဂါလန် ၁၂၅၀ ဆံ့ ရေသယ်ယာဉ် ငါးစီးနဲ့ သွားရောက်ဖြန့်ဝေပေးနေပါတယ်"ဟု ပြောသည်။

အဆိုပါကျေးရွာမှ ဒေသခံပြည်သူများ ရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် မေ ၁၂ ရက်မှ စတင်ကာ ချွတ်ယွင်းပျက်စီးသွားသည့် အဝီစိစက်ရေတွင်းအား ပြန်လည်ပြုပြင်ပေးနေပြီး ခန့်မှန်းအနက်ပေ ၇၀၀ ခန့်ရှိ လေးလက်မ အဝီစိစက်ရေတွင်းသစ် တစ်တွင်းကိုလည်း တူးဖော်နေပြီဖြစ်ကြောင်းလည်း သိရသည်။

"ဒေသခံပြည်သူတွေ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရည်ရွယ်ပြီး ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ယူနီဆက်ဖ်အဖွဲ့တို့ ပူးပေါင်းပြီး ချွတ်ယွင်းပျက်စီးသွားတဲ့ အဝီစိစက်ရေတွင်းကို ယခင်အတိုင်း ရေဂါလန်အထွက်နှုန်း ပြန်လည်ရရှိအောင် ပြုပြင်ဆောင်ရွက်ခြင်းနဲ့ တွင်းအနက်ပေ ၇၀၀ ခန့်ရှိ လေးလက်မ အဝီစိစက်ရေတွင်းသစ်တစ်တွင်း တူးဖော်ခြင်း၊ အမြင့် ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများကို စတင် ဆောင်ရွက်ပေးနေပြီ ဖြစ်ပါတယ်။ ချွတ်ယွင်းနေတဲ့ စက်ရေတွင်းကိုပြုပြင်ဖို့နဲ့ နောက်ထပ်အသစ်တူးဖော်ပေးမယ့် အဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျစရိတ် ၂၀ ဒသမ ၆ သန်းခန့် ကုန်ကျမှာဖြစ်ပြီး ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ယူနီဆက်ဖ်အဖွဲ့က ငွေကျပ် ၁၅ သန်း၊ လင်းလက်ပြည့်စုံအောင်ကုမ္ပဏီက ငွေကျပ်သုံးသန်း၊ ကျေးရွာနေပြည်သူလူထု ထည့်ဝင်ငွေ ကျပ်သုံးသန်း၊ စုစုပေါင်း ငွေကျပ် ၂၁ သန်းနဲ့ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ခရိုင်ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



## ရေးမြို့၌ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပမည်

**ရေး မေ ၁၃**

မွန်ပြည်နယ် ရေးမြို့တွင် (၈၆) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော်ကို ကဆုန်လဆန်း ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွှေဆံတော်စေတီ ဓမ္မာရုံ၌ မေ ၁၁ ရက်က တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်မှာ ဂေါပကအဖွဲ့သစ် စတင်တာဝန်ယူသည့်နှစ်ဖြစ်၍ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း ဂေါပကအဖွဲ့ဟောင်းနှင့်အဖွဲ့သစ်တို့ စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်း၍ ကျင်းပသွားကြရန် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက အမှာစကားပြောကြားပြီး ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများက နှစ်ကျိပ်ရှစ်ဆူဘုရားများ အပူဇော်ခံ လှည့်လည်ရေးနှင့် ပျော်ပွဲရွှင်ပွဲအစီအစဉ်များ ထည့်သွင်းကျင်းပရေးတို့အတွက် ဆွေးနွေးကြကာ လုပ်ငန်းဆပ်ကော်မတီများကို ဖွဲ့စည်းခဲ့သည်။

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်ရက်အတွင်း ဘုရားဆင်းတုတော်များကို မြို့ပေါ်ရပ်ကွက်များရှိ ယာယီစံကျောင်းတော်များတွင် အပူဇော်ခံသွားမည်ဖြစ်ကာ ကဆုန်လဆန်း ၁၃ ရက်မှ လပြည့်နေ့အထိအတွင်း သုံးညတိုင်တိုင် မြို့တွင်းလှည့်လည်၍ အပူဇော်ခံသွားမည်ဖြစ်ကြောင်းနှင့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် ပြည်သူ့ရင်ပြင်၌ ယိမ်းအကနှင့် ပြဇာတ်ပြိုင်ပွဲများ အပါအဝင် ဘုရားအပူဇော်ခံမဏ္ဍပ်နှင့် အခြားဆုများကိုလည်း ထပ်မံချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း (ရေး)**

## တွံတေးမြို့နယ်၌ သံဃာတော်များအား စာအောင်လက်မှတ်များ ဆက်ကပ်

**တွံတေး မေ ၁၃**

၂၀၁၇ ခုနှစ် အစိုးရပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော တွံတေးမြို့နယ်မှ စာအောင်သံဃာတော်များနှင့် သီလရှင်များအား စာအောင်လက်မှတ်ဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မေ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ အုန်းပင်စုရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ သက်တော်ရှည်မဟာထေရ် ရှစ်ပါးနှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ စာအောင်သံဃာနှင့် သီလရှင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းမြင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ ဖိတ်ကြားထားသောအလှူရှင်များ တက်ရောက်ကြပြီး သက်တော်ရှည် ဘုရားလေးမြိုင်ကျောင်းဆရာတော်က သီလပေးကာ ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများကို ဆရာတော်များထံ လျှောက်ထားတင်ပြပြီး ၂၀၁၇ ခုနှစ် အစိုးရပထမပြန်စာမေးပွဲများဖြစ်သည့် နိကယ်စာမေးပွဲနှင့် ဓမ္မာစရိယ စာမေးပွဲတို့တွင်



အောင်မြင်တော်မူသော သံဃာတော်နှင့် သီလရှင် ၁၀၄ ပါးအား စာအောင်လက်မှတ်များနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ချီးမြှင့်ဆက်ကပ်ခဲ့ကြောင်း သိရသည်။ **မျိုးလှိုင် (တွံတေး)**



မေ ၆ ရက်က တောင်ဥက္ကလာပမြို့နယ် ၁၄ ရပ်ကွက် မေတ္တာလမ်းပေါ်ရှိ ဟေးဝေးအထည်ချုပ်စက်ရုံရှေ့၌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်က မဟာသင်္ကြန်ကာလအတွင်း ပြည်သူများလိုက်နာရမည့် စည်းကမ်းချက်များအား ရှင်းလင်း ပြောကြားစဉ်။

(မြန်မာ့အလင်း)

## သုဝဏ္ဏဝတီမြို့မှ အဝေးပြေးလမ်းမနှင့် နီးကပ်နေသော ထရန်စဖော်မာများ ပြောင်းရွှေ့ပြီးစီး

**သုဝဏ္ဏဝတီ မေ ၁၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အတွင်းမှ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးနှင့် နီးကပ်စွာ တည်ရှိနေသော ၃၁၅ ကေဗွီအေ လျှပ်စစ်ထရန်စဖော်မာ သုံးလုံးကို ပြည်နယ်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကြီးမှူး၍ ပြည်နယ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပြောင်းရွှေ့အဆင့်မြှင့်တင်မှုများ မေ ၁၀ ရက်က ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည် ။

ပြောင်းရွှေ့အဆင့်မြှင့်တင်ခဲ့သော ထရန်စဖော်မာများမှာ ကျိုက္ကော်ရပ်ကွက်အထက(ကျိုက္ကော်)ရှေ့တွင် တစ်လုံး၊ ကျိုက္ကော်ရပ်ကွက် လမ်းမတန်းတွင် တစ်လုံး၊ ကျိုက္ကော်ရပ်ကွက် အောက်ကျင်းပိုင်းတွင်တစ်လုံး စုစုပေါင်း သုံးလုံးဖြစ်ပြီး အဝေးပြေးလမ်းမကြီး တိုးချဲ့ရာတွင် အဆင်ပြေစေရန်အတွက်လည်းကောင်း၊ မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုများရှိနေသောကြောင့်လည်းကောင်း၊ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက်လည်းကောင်း အောက်ခြေခုံမြှင့်တင်ပြီး လျှပ်စစ်ကေဘယ်လ်ကြိုးများနှင့် ဘရိတ်ကာများ အသစ်ပြန်လည်တပ်ဆင်ခြင်းတို့ကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ၏ စုပေါင်းဆောင်ရွက်မှုဖြင့် ပြီးစီးသွားခဲ့ခြင်းဖြစ်ကြောင်း သုဝဏ္ဏဝတီမြို့လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဦးစီးမှူး ဦးခိုင်မင်းဦးက ပြောသည်။

**ခွန် (ဝင်းပ)**

## ဆိပ်ဖြူမြို့နယ်၌ နွေရာသီ အင်္ဂလိပ်စကားပြောနှင့် ပြည်သူ့နီတိ သင်တန်းဆင်း



**ဆိပ်ဖြူ မေ ၁၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူလေးများနှင့် လူငယ်များအတွက် ဖွင့်လှစ်ခဲ့သော နွေရာသီ အင်္ဂလိပ်စကားပြောနှင့် ပြည်သူ့နီတိ(Civic Education) သင်တန်းဆင်းပွဲကို မေ ၁၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးမြင့်အောင်က သင်တန်းမှရရှိလာသည့် ပညာရပ်များကို အခြေခံ၍ ဆက်လက်ဆည်းပူးကြရန်နှင့် လိုအပ်သည့် စာအုပ်စာတမ်းများကို စာကြည့်တိုက်များနှင့် စာအုပ်စာပေများမှတစ်ဆင့် ဖတ်ရှုဆောင်ရွက်ကြရန် သင်တန်းသား သင်တန်းသူများအား တိုက်တွန်းပြောကြားခဲ့သည်။

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ပြည်သူ့နီတိအသိပညာများ တိုးပွားလာစေရန်နှင့် နိုင်ငံတကာ ဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာကို လေ့လာသင်ယူနိုင်စွမ်း မြင့်မားတိုးတက်လာစေရန် ရည်ရွယ်လျက် အဆိုပါသင်တန်းကို ဆိပ်ဖြူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်မြို့မှ ပရဟိတလူငယ်များအဖွဲ့ပူးပေါင်း၍ ဧပြီလ ၁ ရက်မှ ၁၁ ရက်အထိ ပညာဒါနအဖြစ် အခမဲ့ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကာ သင်တန်းသို့ ကျောင်းသား ကျောင်းသူများနှင့် ပြင်ပမှ အင်္ဂလိပ်စာလေ့လာသူများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**



မန္တလေးတက္ကသိုလ်ကိုယ်စားပြု တမာနန်းသင်္ကြန် အလှပြယာဉ်အဖွဲ့သားများသည် မေ ၁၂ရက်ညက မန္တလေးတက္ကသိုလ်ပင်မဆောင်ရှေ့ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် မြို့နယ်သင်္ကြန်မဏ္ဍပ်များသို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်နိုင်ရန် သီဆိုလေ့ကျင့်မှုများဖြင့် ကပြဖျော်ဖြေစဉ်။

တင်မောင် (မန်းကိုယ်ပွား)

# တစ်နာရီလျှင် ရေသန့်ဂါလန် ၅၀၀ မှ ၆၅၀ ကြားထုတ်လုပ်ပေးနိုင်သည့် ရွေ့လျားရေသန့်စက် သရုပ်ပြ



**မုံရွာ ဧပြီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျေးရွာဒေသများရှိ ရေများကို သန့်စင်ထုတ်လုပ်ပေးနိုင်သည့် ရွေ့လျားရေသန့်စင် စက်သရုပ်ပြခြင်းကို ဧပြီ ၁၁ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ကြည့်ရှုခဲ့ကြောင်း သိရသည်။

"ဒီစက်ရဲ့ထူးခြားချက်က ရေရှားပါးလို့ပဲဖြစ်ဖြစ် သဘာဝဘေးဒဏ်သင့်ဒေသတွေမှာပဲဖြစ်ဖြစ် ရေပေးဝေချင်ရင် ရေကို သယ်သွားစရာမလိုပါဘူး၊ အဲဒီဒေသမှာရှိနေတဲ့ ရေကိုပဲ သန့်စင်ပြီး အသုံးပြုလို့ရတဲ့ ရေသန့်စင်စက် တပ်ဆင်ထားတဲ့ မော်တော်ယာဉ်ပါ၊ ၂၄ နာရီဆိုရင် ရေဂါလန် ၁၅၀၀၀ အထိ ထုတ်လုပ်ပေးနိုင်တယ်၊ ဗက်တီးရီးယားတွေ၊ အမှုန်အမွှားတွေ၊ အနည်အနှစ်တွေကို ဖယ်ရှားပေးနိုင်တယ်၊ ရေထဲမှာ ပျော်ဝင်နေတဲ့ ဓာတ်သတ္တုတွေကိုတော့ မဖယ်ရှားနိုင်ဘူး၊ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေတွေ ဘယ်လောက်ပဲ နောက်ကျိမှုရှိရှိ၊ အနည်အနှစ်တွေ ဘယ်လောက်ပဲပါပါ၊ လျှော့ချပေးနိုင်တယ်၊ နောက်ပြီး ဗက်တီရီးယားပါဝင်မှုကိုလည်း လုံးဝလျှော့ချပေးတယ်၊ တစ်နာရီထွက်ရှိမှု အနေနဲ့ကတော့ ရေနောက်ကျိမှုပေါ်မူတည်ပြီး တစ်နာရီကို ရေဂါလန် ၅၀၀ ကနေ ၆၅၀ အထိ ထုတ်လုပ်ပေးနိုင်ပါတယ်၊ ရေသန့်စင်တဲ့ စနစ်တွေကတော့ အလိုအလျောက်လုပ်ဆောင်ပေးတာပါ၊ ရေသန့်စင်နေရင်းနဲ့ အနည်အမှုန်တွေ ဆန်ခါမှာ ပိတ်တာများနေရင်လည်း အလိုအလျောက်အပြင်ကို ပြန်ထုတ်ပေးတဲ့စနစ်တွေပါတယ်၊ ဒီစက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ကနေ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ချင်းပြည်နယ်အတွင်းရှိ ဒေသတွေမှာ နွေရာသီရေရှားပါးချိန်ပဲ ဖြစ်ဖြစ် သဘာဝဘေးဒဏ်ကြောင့် သောက်သုံးရေအခက်အခဲရှိတဲ့ ဘယ်ဒေသမဆို သွားရောက်ပြီး ဖြန့်ဝေပေးနိုင်ဖို့အတွက် တပ်ဆင်ပေးတာပါ၊ နောက်တစ်ခုက ပုဂ္ဂလိကရေအလှူရှင်တွေ အနေ နဲ့ လှူဒါန်းလိုပါက အလှူရှင်အနေနဲ့ စက်သုံးဆီကိုပဲ အကုန်အကျခံပေးရပါမယ်၊ စက်ကိရိယာဖိုး မကုန်စေဘဲ လိုက်လံအကူအညီ ပေးသွားမှာပါ" ဟု တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လွင်ဦးက ပြောသည်။

အဆိုပါ ရွှေ့လျားရေသန့်စက် မော်တော်ယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ မည်သည့် ဒေသတွင်မဆို သောက်သုံးရေအခက်အခဲဖြစ်ခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် သောက်သုံးရေ အခက်အခဲရှိပါက အချိန်မရွေးသွားရောက် အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မျိုးစေ့မျိုးဆန်ဆိုင်ရာလူထုတွေ့ဆုံပွဲနှင့် ဒေသမျိုးရင်း မျိုးစေ့ပြပွဲပြိုင်ပွဲ ပူတာအိုး၌ ကျင်းပ

**ပူတာအို ဧပြီ ၁၃**

ကချင်ပြည်နယ် ပူတာအိုမြို့၌ မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းနှင့် နမ့်ကျိုပရဟိတဖောင်ဒေးရှင်းတို့ ပူးပေါင်းမှုဖြင့် မျိုးစေ့မျိုးဆန်ဆိုင်ရာ လူထုတွေ့ဆုံပွဲနှင့် ဒေသမျိုးရင်း မျိုးစေ့ပြပွဲပြိုင်ပွဲကို ဧပြီ ၁၁ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင်မှတ်တမ်းဓာတ်ပုံပြပွဲ၊ ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနက ခင်းကျင်းပြသထားသည့် စားသုံးသင့်သည့် အစားအစာများ၊ စားသုံးရန်မသင့်သည့် အစားအစာများ ခင်းကျင်းပြသနေမှုနှင့် အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေနေမှု၊ ရဝမ်၊ လီဆူ၊ ဂျိမ်းဖော၊ ခန္တီး၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက ပြသထားသည့် မျိုးစေ့ပြခန်းနှင့် ရိုးရာအစားအစာများ၊ ကျေးရွာများမှ ခင်းကျင်းပြသ ထားသည့် မျိုးစေ့ပြခန်းနှင့် ရိုးရာအစားအစာများကို ဒေသခံတိုင်းရင်းသား ၁၀၀ ကျော်တို့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် နမ့်ကျိုပရဟိတဖောင်ဒေးရှင်း တာဝန်ခံ ဦးစပ်နွယ်ဆားတော်က အမှာစကားနှင့်ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆောင်းက မျိုးစေ့မျိုးဆန်ဆိုင်ရာ မူဝါဒနှင့် လုပ်ဆောင်နေမှုများကို ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုးက မျိုးသန့်ထုတ်လုပ်မှုဆိုင်ရာ အသိပညာပေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ရှိခရိုင်အတွင်းရှိ မျိုးစေ့မျိုးဆံဆိုင်ရာ ပြဿနာဖြေရှင်းရမည့် နည်းလမ်းများကို တက်ရောက်လာသည့် ဒေသခံတိုင်းရင်းသားများက အစုအဖွဲ့လိုက်ဆွေးနွေးခြင်း ပြုလုပ်သွားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကရင်စာပေသင်ကြားမှုဆရာဖြစ် သင်တန်းဆင်း

**ဇလွန် ဧပြီ ၁၃**

ဧရာဝတီတိုင်းဒေသကြီးဇလွန်မြို့နယ်လုံးဆိုင်ရာ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မူလတန်းအဆင့် ကရင်စာပေသင်ကြားမှုဆရာဖြစ်သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၁၂ရက်က မြန်မာပိုးကရင်နှစ်ခြင်းအသင်းတော်ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သံလွင်ကွင်းကျောင်းတိုက် ဩဝါဒါစရိယဆရာတော် ဦးပညာနှင့် ဩဝါဒါသိက္ခာတော်ရဆရာတော် မန်းကျော်ရွှေတို့က ဩဝါဒါစကားမိန့်ကြားခဲ့သည်။ ယင်းနောက် မူလတန်းအဆင့် ကရင်စာပေသင်ကြားမှု ဆရာဖြစ်သင်တန်း ဆင်းအောင်လက်မှတ်များ၊ KG တန်းဆုရ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် အသင်းတော်အား အလှူငွေ ပေးအပ်ခဲ့ကြသည်။

ဇလွန်မြို့နယ်တွင် စကောကရင်စာသင်ကျောင်း ၄၆ ကျောင်းနှင့် ပိုးကရင်စာသင်ကျောင်း ခုနစ်ကျောင်း စုစုပေါင်း ၅၃ ကျောင်းရှိပြီး ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် စကောကရင်ကျောင်းသား ကျောင်းသူ ၂၇၈၈ ဦး၊ ပိုးကရင် ကျောင်းသား ကျောင်းသူ ၄၂၄ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးစောအောင်ပြေထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေယှားကျေးရွာ၌ မြေနီကျောက်စရစ်လမ်းသစ်ဖွင့်

**ရေစကြို ဧပြီ ၁၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (VDP) ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ရေစကြိုမြို့နယ် ရေယှားကျေးရွာ ရွာတွင်းလမ်း ကျောက်စရစ်ခင်းခြင်းလုပ်ငန်း လမ်းသစ်ဖွင့်ပွဲကို ဧပြီ ၁၁ ရက်တွင် အဆိုပါ ကျေးရွာလမ်းသစ်၌ ကျင်းပကြောင်း သိရသည်။ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ဌေးအောင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေတို့က အမှာစကား ပြောကြားသည်။

ထို့နောက်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ၊ ခရိုင်ဦးစီးမှူး ဦးတင့်ဝေနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဦးတို့က လမ်းသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်သော လမ်းမှာ ပေ ၅၅၀၀ ရှည်လျားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်ထောင်စု လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၅၀ နှင့် ဒေသခံပြည်သူ ထည့်ဝင်ငွေကျပ် ၄၉ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်စိုးထံမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ပေါ့ဆမီးနှင့် မီးဖိုမီးတို့ကြောင့် မီးလောင်ကျွမ်းမှုအများဆုံး ဖြစ်ပွားခဲ့

**မကွေး ဧပြီ ၁၃**

မကွေးတိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်စဉ်များတွင် ပေါ့ဆမီးနှင့် မီးဖိုမီးတို့ကြောင့် အများဆုံး ဖြစ်ခဲ့ရပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ၁၁ နှစ်တာကာလအတွင်း ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှု ၄၆၆ ကြိမ်၊ မီးဖိုမီးကြောင့် ၃၃၂ ကြိမ် ဖြစ်ပွားခဲ့ရကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

၁၁နှစ်တာကာလအတွင်း မီးလောင်မှုဖြစ်စဉ်များတွင် မီးဖိုမီးကြောင့် ၃၃၂ ကြိမ်၊ ပေါ့ဆမီး ၄၆၆ ကြိမ်၊ လျှပ်စစ်မီး ၁၄၁ ကြိမ်၊ မသမာသူ ရှို့မီး ၁၂၅ ကြိမ်၊ တောမီး ၆၂ ကြိမ်၊ အလိုအလျောက် မီး ၁၄ ကြိမ်၊ မိုးကြိုးပစ်မီးတစ်ကြိမ်တို့ ဖြစ်ပွားခဲ့ပြီး ပေါ့ဆမီးနှင့် မီးဖိုမီးတို့ကြောင့် အများဆုံးဖြစ်ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက မှတ်တမ်းတင်ထားသည်။

" နှစ်တိုင်းမှာ ပေါ့ဆမီးကတော့ ၅၀ ရာခိုင်နှုန်းကျော် အမြဲရှိတယ်" ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်က ပြောသည်။ မကွေးတိုင်းဒေသကြီးတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ၁၁ နှစ်တာ ကာလအတွင်း မီးလောင်မှု ၁၁၄၁ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဘေးသင့်ပြည်သူ ၂၀၂၃၃ ဦး ၊ ဒဏ်ရာရသူ ၂၀၂ ဦး၊ လူသေဆုံး ၁၅၆ဦး၊ တိရစ္ဆာန် သေဆုံး ၁၁၀၇ ကောင်၊ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၅၀၆၄သိန်းပေါင်းကျော်ရှိခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှတ်တမ်းများအရသိရပြီး မီးလောင်ဆုံးရှုံးမှုများကြောင့် ပြည်သူတို့၏ လူမှုဘဝများမှာ များစွာနစ်နာခဲ့ရသည်။

"မီးဖိုပြီး ဟိုသွားဒီသွားလုပ်တာ၊ ကလေးတွေ လွှတ်ထားတာ၊ မေ့လျော့တတ်တဲ့ အဘိုးကြီး အဘွားကြီးတွေကို ချက်ခိုင်းတာ၊ တချို့က မသန်မစွမ်းတွေ၊ ဉာဏ်ရည်မမီတဲ့သူတွေကို ချက်ခိုင်းတာတို့ ပါတာ" ဟု ပေါ့ဆမီးလောင်ကျွမ်းမှုဖြစ်ရခြင်းအပေါ် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက သုံးသပ်သည်။

လတ်တလော ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှမတ်လကုန်အထိ မီးဖိုမီး ၁၆ ကြိမ်၊ လျှပ်စစ်မီး ၁၁ ကြိမ်၊ ပေါ့ဆမီး ၂၅ ကြိမ်၊ တောမီး ၁၂ ကြိမ်၊ ရှို့မီး ကိုးကြိမ်၊ စုစုပေါင်းမီး ၇၃ ကြိမ် လောင်ကျွမ်းမှုဖြစ်ပွားသဖြင့် လူတစ်ဦး၊ အိမ်ခြေ ၂၇ အိမ် မီးလောင်ကျွမ်းကာ ပြည်သူ ၁၂၁၇ ဦး မီးဘေးသင့်ဒုက္ခခံစားခဲ့ရကြောင်း သိရသည်။

**ဧယျာတု(မကွေး)**

# သုံးခွမြို့နယ်၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်း ဖွင့်လှစ်သင်ကြားပေးမည်

**သုံးခွ ဧပြီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကြက်ခြေနီအသင်းက စီစဉ်ဖွင့်လှစ်မည့် နွေရာသီအခြေခံပန်းချီသင်တန်းနှင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (အခမဲ့) ကို မြို့နယ်ကြက်ခြေနီအသင်း မြို့နယ်သူနာပြုတပ်ဖွဲ့ရုံးခန်း မာဃလမ်း ၁ ရပ်ကွက် သုံးခွမြို့၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နွေရာသီအခြေခံပန်းချီသင်တန်းကို ဧပြီ ၁၈ ရက်မှ မေ ၈ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး ရှေးဦးပြုစုခြင်း အခြေခံသင်တန်းကို မေ ၁ ရက်မှ မေ ၅ ရက်အထိ သင်ကြားပေးမည်ဖြစ်သည်။ အသက် ၁၀ နှစ်နှင့်အထက် သင်တန်းတက်ရောက်လိုသူများသည် ဧပြီ ၁၅ ရက်နောက်ဆုံးထား၍ မြို့နယ်ကြက်ခြေနီအသင်းရုံး၌ လျှောက်လွှာများထုတ်ယူပြီး စာရင်းပေးသွင်းနိုင်ကြကြောင်း၊ သိရှိလိုပါက ဦးဝင်းနိုင် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဖုန်း-၀၉ ၄၂၁၁၀၉၇၀၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသင်းရုံး တာဝန်ရှိသူထံမှ သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**



**လှိုင်လင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ရေအခက်အခဲရှိသည့် မြို့ပေါ်ရပ်ကွက်များသို့ ရေဂါလန် ၆၄၀၀ အခမဲ့ပေးဝေလှူဒါန်းခြင်းကို ဧပြီ ၁၁ ရက်က ဆောင်ရွက်ခဲ့ရာ လှိုင်လင်မြို့ အမှတ်(၄) ရပ်ကွက် GE ကုန်းတွင် အိမ်ခြေ ၆၄အိမ်၊ လူဦးရေ ၂၅၀ အတွက် ဖြန့်ဝေပေးစဉ်။** မိုးလွင်ဦး(လှိုင်လင်)

## အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့
## ဓမ္မဇောတိဝိပဿနာရိပ်သာ
## သံဃာတရားပတ် ပင့်ဖိတ်လွှာ

လယ်တီဆရာတော်ကြီးဘုရားကြီး၏နည်းနိဿယအတိုင်း ကမ္ဘာ့ဝိပဿနာသာသနာပြု မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးဂိုအင်ကာ၏ ဓမ္မဇောတိဝိပဿနာရိပ်သာတွင် ၁၈-၄-၂၀၁၈ ရက်မှ ၂၉-၄-၂၀၁၈ ရက်အထိ သံဃာ(၁၀)ရက်တရားပတ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တရားပတ်ဝင်ရောက်လိုသော သံဃာတော်အရှင်သူမြတ်များအနေဖြင့် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်၍ စာရင်းပေးသွင်းကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်။ ဓမ္မဇောတိဝိပဿနာရိပ်သာ၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ဖုန်း ၀၁-၅၄၉၂၉၀၊ ၀၁-၅၄၆၆၆၀။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမက(၁၇)တွင် တတိယတန်း တက်ရောက်မည့် (ဘ) ဦးဝင်းထွဋ်၏သား မောင်ထက်မင်းဝေယံအား ယနေ့မှစ၍ မောင်ထက်ဝေယံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဦးဝင်းထွဋ်**

## အမည်ပြောင်းနှင့်မွေးသက္ကရာဇ်အမှန်

ဦးကြည်ဝင်း-ဒေါ်ခင်အေးမြင့်ကြည်တို့၏သမီး မြန်အောင်မြို့နယ်၊ ဘန်ဘွေးကုန်းအုပ်စု အမက တပ်ကုန်း စတုတ္ထတန်းမှ မကြည်လင်းသန့်အား မခင်ခင်ခဟု ပြောင်းလဲခေါ်ပါရန်နှင့် မခင်ခင်ခ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၁-၂၀၀၇ ဖြစ်ပါသည်။ **မခင်ခင်ခ**

## ဦးဟိုရပ် (မြိတ်)
## အသက်(၈၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်၊ အမကကျောင်းလမ်း၊ အမှတ် ၄၃နေ ဒေါ်ကျင်ယု၏ခင်ပွန်း၊ ဦးဇော်ဝိတ်-ဒေါ်ကင်းမတင်၊ ဦးမောင်လေး-ဒေါ်ခင်မြင့်ချို၊ ဦးဇော်ညွန့်-ဒေါ်စန်းစန်းဝေ၊ ဦးဇော်လွင်-ဒေါ်ခင်မာချို၊ ဦးဇော်မင်း -ဒေါ်လီလီ၊ ဦးစိုးဝင်း-ဒေါ်စန်းစန်းမြင့်တို့၏ဖခင်၊ မြေး၁၈ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၁-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဂျွန်မာဂျန်း(ခ)မိမိသွယ် ၁၃/တကန(နိုင်)၀၅၈၂၂၀၏နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိသည်) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၁၀၀၃၁၄၃**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ပင်ခွန်)၊ န၀မတန်းမှ မူနန်းမ၏ ဖခင်အမည်မှန်မှာ ခွန်မောင်ဖျန်၁၃/ပလန(နိုင်)၀၃၀၃၈၄ ဖြစ်ပါကြောင်း။

**ခွန်မောင်ဖျန်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထူးထူးအောင် ၁၀/ရမန(နိုင်)၁၄၂၁၈၉၏ Passport No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## ပျောက်ဆုံးကြောင်း

SHWE YATI SAN ကုမ္ပဏီမှ တင်သွင်းလာသော သုံးဘီးဆိုင်ကယ်သွင်းကုန်မှုရင်းအမှတ် MQILV 17-18 0516 26/04/2017 သည် (11/12/2017)တွင် စွယ်တော်ကားကြီးကွင်းအနီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၁၄၅၉၆၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၂၆၇၁၁၊ Adixin 125, M/Cယာဉ်လက်ဝယ်ရှိသူ Nadi Moe Trading Co., Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/9880၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၁၄၃၈၄၊ Honda Scoopy-110,M/C ယာဉ်လက်ဝယ်ရှိသူ San Yati Pyae Sone Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1666၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် ၁/ကျောင်းအရှေ့ရပ်၊ ဦးပိုင်အမှတ် ၁၄၂၊ မြေယာအမှတ် 264/476၊ မြေဧရိယာ ၀ဒသမ ၀၅၄ဧကရှိမြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးမျိုးညွန့် ၉/မမန(နိုင်)၀၃၅၁၈၀မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## သမိုင်းဝင်ရွှေတောင်ဦးစေတီတော်မြတ်ကြီးပြုပြင်ရန် အလှူငွေထည့်ဝင်လှူဒါန်းနိုင်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်တွင် ၃-၄-၂၀၁၈ ရက်က လေပြင်းတိုက်ခတ်ခဲ့သောကြောင့် သမိုင်းဝင် ရွှေတောင်ဦးစေတီတော်မြတ်ကြီး၏ ၄က်ပျောဖူးနှင့် ကြာမောက်ကြာလန်အပိုင်းများ မြေခခဲ့သည့်အတွက် စေတီတော်မြတ်ကြီးအား အမြန်ဆုံးပြန်လည်ပြုပြင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်ရေးအတွက် မူလကုသိုလ်ရှင်များနှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများ အနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ရွှေတောင်ဦးဂေါပကအဖွဲ့**

**ဖုန်း-၀၉-၂၅၀၁၉၉၁၉၉၊ ၀၉-၂၀၆၃၀၂၉၊ ၀၉-၂၅၆၀၆၅၄၈၀၊ ၀၉-၃၃၇၉၀၀၉၉၊ ၀၉-၄၅၂၇၀၅၀၈၅**

**Yangon Metropolitan Development Public Co.,Ltd.**

## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်အနီးတွင် တည်ဆောက်မည့် Dry Port စီမံကိန်းတွင် စီမံကိန်းဧရိယာအတွင်း သဲဖို့ခြင်းလုပ်ငန်း(ခန့်မှန်းသဲကျင်းအရေအတွက် ၄၅၀၀၀၀)အတွက် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (၁) | **တင်ဒါအဆိုပြုလွှာပုံစံ၊ စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်ရက်** | - ၁၉-၄-၂၀၁၈ရက် |
| (၂) | **တင်ဒါအဆိုပြုလွှာတင်သွင်းခြင်းကို လက်ခံမည့်ရက်** | - ၃-၅-၂၀၁၈ရက် |
| (၃) | **တင်ဒါပုံစံဝယ်ယူရန်နှင့် တင်ဒါတင်သွင်းရမည့် နေရာ** | - Yangon Metropolitan Development Public Co.,Ltd. ရုံးခန်း၊အခန်းအမှတ် ၂၂၂၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး |

**Yangon Metropolitan Development Public Co.,Ltd.**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၈၁၄၄၇၄၄၊ ၀၉-၄၄၈၁၄၄၇၅၅**

**Yangon Metropolitan Development Public Co.,Ltd.**

## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်အနီးတွင် တည်ဆောက်မည့် Dry Port စီမံကိန်း၏ စီမံကိန်းဧရိယာအား ယာယီခြံစည်းရိုး ၆'အမြင့် ခန့်မှန်းပေအရှည် (၁၄၈၀၀)ကာရံခြင်း(Four Angle)လုပ်ငန်းအတွက် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (၁) | **တင်ဒါအဆိုပြုလွှာပုံစံ၊ စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်ရက်** | - ၁၉-၄-၂၀၁၈ရက် |
| (၂) | **တင်ဒါအဆိုပြုလွှာတင်သွင်းခြင်းကို လက်ခံမည့်ရက်** | - ၃-၅-၂၀၁၈ရက် |
| (၃) | **တင်ဒါပုံစံဝယ်ယူရန်နှင့် တင်ဒါတင်သွင်းရမည့်နေရာ** | - Yangon Metropolitan Development Public Co.,Ltd. ရုံးခန်း၊ အခန်းအမှတ် ၂၂၂၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး |

**Yangon Metropolitan Development Public Co.,Ltd.**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၈၁၄၄၇၄၄၊ ၀၉-၄၄၈၁၄၄၇၅၅**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ဖွင့်လှိုင်းကျေးရွာနေ ဦးမောင်လေး ၅/ဝလန(နိုင်)၀၈၁၉၅၀ -ဒေါ်ထွန်းမေ ၅/ဝလန(နိုင်)၀၈၁၉၅၁တို့၏သမီး မခင်မာမာမြင့်သည် မိဘတို့အား သည်းမခံနိုင်သောအမှားများကို ကျူးလွန်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးမောင်လေး-ဒေါ်ထွန်းမေ**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၆)၊ အကွက်အမှတ် ၅+၆+၇တိုးချဲ့၊ ဦးပိုင် ၁၁၄၊ ဧရိယာ ၀ဒသမ ၁၇၇ဧက၊ အမှုတွဲအမှတ် ၇၁၀-၅/၂၀၀၂-၂၀၀၃(အေ)ရှိမြေအား ဦးကော်ရှင်လိန် (ခ)ကော်ဂူးလိန်မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ၁၄-၇-၂၀၀၃ ရက်တွင် ရုံးကိစ္စအဝဝဆောင်ရွက်နိုင်ရန်အတွက် ဒေါ်ရင်လင်၁၃/ဟပတ(နိုင်)၀၀၅၁၃၀သို့ အထူးကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ် ၂၃၂VI/၂၀၀၃ ဖြင့် လွှဲအပ်ထားပြီး ဒေါ်ရင်လင်မှ ဦးအားမီတယ်(ခ)ကျော်လင်းဦးအား ၃၀-၅-၂၀၁၇ ရက်တွင် အရောင်းအဝယ်စာချုပ်အမှတ် ၂၆၆I/၂၀၁၇ ဖြင့် လွှဲပြောင်းရောင်းချထားပြီးဖြစ်ပါ၍ ဦးအားမီတယ် (ခ)ကျော်လင်းဦး ၁၃/ဟပတ(နိုင်)၀၁၉၁၆၁အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၂၀အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6862 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## အမည်ပြောင်းနှင့်တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ မိုင်းတင်းကျေးရွာနေ စိုင်းစိုးဝင်းမော် ၁၃/ကမန(နိုင်)၁၂၂၄၈၇အား မောင်စိုင်းနွံလှိုင်းဟုအမည်ပြောင်းလဲခေါ်ရန်နှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၁-၁၉၉၈ဖြစ်ပြီး ၎င်း၏ဖခင် ဦးစိုင်းအောင်သိန်း ၁၃/ကမန(နိုင်) ၀၂၁၁၅၁နှင့် ဦးနန္ဒဝန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်စိုင်းနွံလှိုင်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ကြည်(ခ)ဒေါ်သက်ရှည်
## အသက်(၈၃)နှစ်

(ဦးအေးကြည်-ဒေါ်စု)တို့၏သမီး၊ (ဦးဖိုးသာ-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ် ၄၂ နေ (ဗိုလ်မှူးကြီးမင်းလွင်)၏ချစ်လှစွာသောဇနီး၊ ဦးသက်လွင်-ဒေါက်တာမူယာစိုး၊ ဒေါ်ဖြူဖြူလွင်-ဦးအောင်မြင့်၊ (ဦးဝင်းလွင်)-ဒေါ်ခင်မာသက်၊ ဦးဝေလွင်-ပါမောက္ခဒေါက်တာဝင်းမင်းသစ်၊ ဒေါ်သီတာလွင်-ဦးသိန်းဝင်းတို့၏ချစ်လှစွာ သောမိခင်၊ ကိုလင်းလွင်-မတင်မိုးအေး၊ (ကိုသက်ဝင်းလွင်)၊ ကိုအောင်ခိုင်လွင်၊ မဝေသစ်လွင်-ကိုဇော်လတ်၊ မနှင်းဝင်းလွင်၊ မခိုင်သစ်လွင်-ကိုဥက္ကာဌေး၊ မခင်ချမ်းမြေ့စိုးလွင်၊ ဒေါက်တာအေးအေးအောင်(အိဖြူလွင်)၊ ဒေါက်တာတင်ဇာအောင်၊ မောင်နေဝင်းလွင်၊ မဆောင်ဝင်းလွင်၊ မလဝင်းလွင်တို့၏အဘွား၊ မမေမိုးသက်၊ မဇော်သစ်လွင်၊ မသစ်ဇော်လွင်၊ မောင်ညဏ်လင်းတို့၏ ဘွားဘွားကြီးသည် ၁၂-၄-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၄း၄၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၈ရက်(စနေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ငြိုင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**သန်လျင်မြို့နယ်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၇**

| | | |
|---|---|---|
| ဦးအေးကျော် | **နှင့်** | ဦးလှအောင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ တရားပြိုင် ဦးလှအောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအေးကျော်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၂၄ ရက် (၁၃၈၀ခုနှစ် ကဆုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြိုင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဧပြီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှမြတ်မွန်)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## ငြိုင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၃၀**

| | | |
|---|---|---|
| ဒေါ်နန့်ရွှေဇင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်မျိုးအေး) | **နှင့်** | ၁။ ဦးဇော်ဝင်း<br>၂။ ဒေါက်တာကျော်တင့်<br>၃။ ဒေါ်ခိုင်မာထွန်း |
| **တရားလို** | | **တရားပြိုင်များ** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(မ-၂/ပဒေသာ)၊ အမှတ်-၁၀/၁၁နေ (၁)တရားပြိုင် ဦးဇော်ဝင်းနှင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(မ-၂/ပဒေသာ)၊ အမှတ်-၂၂/၂၃နေ (၂) တရားပြိုင် ဒေါက်တာကျော်တင့်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်နန့်ရွှေဇင်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်မျိုးအေး)က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၃၀ ရက် (၁၃၈၀ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြိုင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဧပြီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းသီရိရွှေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ဖခင် အမည်မှန်

အလက(၃)တ/ဒဂုံ သတ္တမတန်း(C)မှ မထက်ထက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၁၂/ဒပန(နိုင်) ၀၂၄၇၄၈ ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်**

## မိဘအမည်မှန်

ဟိုပန်မြို့၊ အထက၊ ဆဋ္ဌမတန်း(ဂ)မှ မောင်စိုင်းခမ်းလူနှင့် တတိယတန်း(ခ)မှ မနှင်းပွင့်အောင်တို့၏မိဘအမည်မှန်မှာ ဦးအိုင်ဆေး ၁၃/ဟပတ(နိုင်)၀၂၀၀၆၅နှင့် ဒေါ်အုပ်ဆေး ၁၃/ဟပတ(နိုင်)၀၁၈၂၂၄ ဖြစ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/3234 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်မဲမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကွင်းအမှတ် ၄၆၊ ဦးပိုင်အမှတ် ၄၊ ဧရိယာ ၀ ဒသမ ၁၇၃ဧကသည် ဦးစံအေး-ဒေါ်ခမ်းမှတ်တို့မှ ဂရန်အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ သား(၂)ဦးဖြစ်သော ဦးသောင်းရွှေနှင့် ဦးစိုင်းလှမြင့်အေးတို့မှာ ကွယ်လွန်ပြီးဖြစ်၍ သမီးချွေးမများဖြစ်သော ဒေါ်အဲညွန့်+ဒေါ်မြင့်မြင့်သန်းတို့၏အမည်ဖြင့် မြေငှားဂရန်ပြောင်းလဲ လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်ရန်ရှိပါက (၁၅)ရက်အတွင်း အောက်ပါဌာနများသို့ ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ကျောက်မဲမြို့**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံး၊**
**ဒေါ်အဲညွန့်+ဒေါ်မြင့်မြင့်သန်း ၂/၄၈၀၊ ရပ်ကွက်(၂)၊ နမ့်တုံရပ်၊ကျောက်မဲမြို့**

## အခြေခံပညာဦးစီးဌာန
## ပြည်နယ်ပညာရေးမှူးရုံး
## ကရင်ပြည်နယ်၊ ဘားအံမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းဆင့်သင် ကျောင်းသား/သူများအတွက် အခမဲ့ထောက်ပံ့ရန်လိုအပ်သော လေ့ကျင့်ခန်း ဗလာစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်သွင်းရမည့်လေ့ကျင့်ခန်းဗလာစာအုပ်(၁၈၀၉၃၆)ဒါဇင်

၃။ တင်ဒါပုံစံများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၈-၂၃၃၇၃၊ ၀၉-၄၉၇၇၁၅၄၂၊ ၀၉-၇၉၃၆၄၀၄၃၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါစတင်ရောင်းချမည့်ရက်** | - ၁၃-၄-၂၀၁၈ ရက် |
| (ခ) | **တင်ဒါပိတ်မည့်ရက်** | - ၁၁-၅-၂၀၁၈ ရက်၊ မွန်းလွဲ ၂ နာရီတိတိ |
| (ဂ) | **တင်ဒါရောင်းချမည့်နေရာ** | - ကရင်ပြည်နယ် ပညာရေးမှူးရုံး၊ ဘားအံမြို့ |

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ အကွက်အမှတ် ၉-က၊ ၁/အောင်ဇေယျာ)၊ ဦးပိုင်အမှတ် ၄၁၊ မြေကွက်အမှတ် ၅၇၊ မြေဧရိယာ ၀ဒသမ ၀၇၅ ဧကရှိ မြေကွက်အား ဦးနိုင်ဦး-ဒေါ်မိုးမိုးအောင်အမည်ဖြင့် ခရိုင်ရုံးအမှုတွဲအမှတ် ၅၁/၂၀၁၄-၂၀၁၅အရ ၂၈-၇-၁၉၉၈ရက်မှစ၍ ၂၇-၇-၂၀၂၈ရက်အထိ နှစ် ၃၀ ဂရန်ရရှိထားပါသည်။ အဆိုပါမြေငှားဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ထုတ်ပေးပါရန် ဦးနိုင်ဦး ၅/စကန(နိုင်)၀၀၁၃၁၁-ဒေါ်မိုးမိုးအောင် ၉/မထလ(နိုင်)၀၀၁၈၁၈မှ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဌာနလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မြဝတီမြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများက မြဝတီမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

သတင်းစဉ်

မြဝတီ မေ ၁၃

ကရင်ပြည်နယ် မြဝတီမြို့၏ ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် မြဝတီမြို့အမှတ် ၄ ရပ်ကွက် သောင်ရင်းခန်းမအနီးရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်အားပေးချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး၊ ထိုင်းနိုင်ငံတာ့ခရိုင် အုပ်ချုပ်ရေးမှူး၊ သင်္ကြန်ယိမ်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ရှေးဦးစွာ သင်္ကြန်ယိမ်းအဖွဲ့ဝင်များက မင်္ဂလာပါ၊ ညွန့်းစာဖွဲ့မမီနှင့် တစ်နှစ်နွမ်း၊ တစ်နှစ်ဆန်းသီချင်းတို့ဖြင့် ဖျော်ဖြေတင် ဆက်ကြသည်။

ထို့နောက် မြဝတီခရိုင် မြဝတီမြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က နှစ်သစ်ကူးနှုတ်ခွန်းဆက် စကားပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❍

# မဟာသင်္ကြန်(ရန်ကုန်) ဗဟိုမဏ္ဍပ် ယနေ့စတင်ဖွင့်လှစ်

ရန်ကုန် မေ ၁၃

**၁၃၇၉ ခုနှစ် မဟာသင်္ကြန် ရန်ကုန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယခုလာမည့် နှစ်သစ်တွင် စိတ်ဓာတ်ခွန်အားအသစ်နဲ့ ရုန်းကန်ကြဖို့လိုကြောင်း ပြောကြားသည်။**

"ယနေ့ရန်ကုန်မြို့ကြီး မြို့ပြအမွေအနှစ်တွေနဲ့ စိမ်းလန်းပြီး နေချင်စဖွယ် စီးပွားရေးမြို့တော်ကြီးဖြစ်ဖို့ အတွက် ကြိုးပမ်းနေတဲ့ ကာလတစ်ခုဖြစ်ပါတယ်၊ ကျွန်တော်တို့ နိုင်ငံဟာ ဖွံ့ဖြိုးမှုနောက်ကျခဲ့ပါတယ်၊ နိုင်ငံတော်ကြီးဖွံ့ဖြိုးဖို့အတွက် နှစ်သစ်မှာ ရုန်းကန်ဆောင်ရွက်ရမှာပါ၊ ဒီအချိန်ကာလမှာနှစ်သစ်ကို ကြိုဆိုရင်း နှစ်ဟောင်းကို ပြန်လည်သုံးသပ်ကာ ခေတ်သစ်၊ စနစ်သစ်ပြုပြင်ပြောင်းလဲမှုတွေကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ဖို့ အချိန်ကောင်းဖြစ်နေပါပြီ၊ ဒီကနေ့ မြန်မာ့ရိုးရာအစဉ်အလာနဲ့အညီ ရေသဘင်ပွဲတော်ကြီးကို ကျင်းပဆောင်ရွက်တော့မှာဖြစ်ပါတယ်၊ သင်္ကြန်ပွဲတော်ဆိုတာ နှစ်သစ်ကို ကြိုဆိုတဲ့ပွဲတစ်ခု ဖြစ်သလို နှစ်ဟောင်းကိုအတာရေနဲ့ ဆေးကြောပြီး နှစ်သစ်မှာ စိတ်ဓာတ်ခွန်အားအသစ်နဲ့ ရုန်းကန်ကြဖို့ လိုပါတယ်၊ ရန်ကုန်မြို့ကြီးကို သန့်ရှင်းတဲ့ မြို့တော်ကြီးဖြစ်စေဖို့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုဟာ အရေးကြီးပါတယ်၊ အဖွဲ့အစည်းတစ်ခု၊ ဌာနတစ်ခု၊ အစိုးရ

စာမျက်နှာ ၇ ကော်လံ ၁ ❖



မဟာသင်္ကြန်(ရန်ကုန်) ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာ တွေ့မြင်ရစဉ်။ ဓာတ်ပုံ-မင်းထက်

## လေအေးနှင့် လေနွေးများ စုဆုံမှုကြောင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၃

ယနေ့ မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အနောက်ဘက်မှလာသော လေအေးများနှင့် ဘင်္ဂလားပင်လယ်အော်မှလာသော လေနွေးများစုဆုံမှုကြောင့် မေ ၁၆ ရက်မှ ၂၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

မိုး/ဇလ

